# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၈)


# ကလေးမြို့နယ်၌ သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှု

# ရန်ပုံငွေအသုံးပြုရာတွင် ပြည်သူများအတွက် အကျိုးရှိထိရောက်အောင် စနစ်တကျဆောင်ရွက်ရန်မှာကြား

**တွန်းဇံ မေ ၁၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား နယ်မြေခံ တပ်ရိပ်သာ၌ ကလေးခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်သာမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ကလေး - ကလေးဝကားလမ်း ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းအတွက် အလျားပေ ၅၁၀၀ ရှိ မြစ်သာမြစ်ကမ်းထိန်းနံရံကို ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၂၀၀ ဖြင့် သံခြင်း အခြေပြု ကျောက်စီတမံအဖြစ် တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်**

## နေပြည်တော်ကောင်စီနယ်မြေအတွင်း သက်ကြီးဘိုးဘွားနှင့် မသန်စွမ်းလူနာများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အိမ်တိုင်ရာရောက် အခမဲ့ဆောင်ရွက်ပေးမည်

*ပြည်တွင်းသတင်း* စာ » ၅

## အကျင့်ပျက်ခြစားမှုဖြင့် သတင်းကြီးနေသော မလေးရှား ဝန်ကြီးချုပ်ဟောင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေ

*နိုင်ငံတကာသတင်း* စာ » ၁၄

## မြန်မာနိုင်ငံ တောင်ပိုင်းဒေသ၌ ထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**




မြန်မာ့အလင်း

# လက်ညှိုးထိုးနေသောလက်၏ လက်ချောင်းများ

ရခိုင်ပြည်နယ်အရေး၏ ပြဿနာရင်းမြစ်ဖြစ်သကဲ့သို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏လျစ်လျူရှုခံထားရသော အကြောင်းအချက် နှစ်ရပ်ရှိပါသည်။ ဤအကြောင်းအချက်နှစ်ရပ်မှာ ARSA အကြမ်းဖက်အဖွဲ့၏ ပင်မနိုင်ငံရေးတောင်းဆိုချက်နှစ်ချက် ဖြစ်ပါသည်။ ပထမတစ်ချက်မှာ အမည်ဆန်းပေးထားသော ၎င်းတို့အား ဌာနေတိုင်းရင်းသားမျိုးနွယ်စု တစ်ရပ်အဖြစ် အသိအမှတ်ပြုရန် ဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ ကမ္ဘာတစ်လွှား ပျံ့နှံ့နေသည့် အဆိုပါအမည်ဆန်း ခေါ်ဝေါ်ထားသည့် ၎င်း မျိုးနွယ်တို့အား ရခိုင်ပြည်နယ်၌ ပြန်လည်အခြေချနေထိုင်ခွင့်ပြုရန် ဖြစ်ပါသည်။ ဤအချက်နှစ်ချက် ပေါင်းလိုက်ပါက ARSA အကြမ်းဖက်အဖွဲ့၏ ပင်မနိုင်ငံရေး တောင်းဆိုချက်သည် မြန်မာနိုင်ငံ၏ အချုပ်အခြာတစ်စိတ်တစ်ပိုင်းအား ၎င်းတို့ထံ လွှဲအပ်ပေးရန် တောင်းဆိုလိုက်ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံက ဤသို့သော တောင်းဆိုမှုကို မည်ကဲ့သို့ လက်ခံနိုင်ပါမည်နည်း။ မြန်မာနိုင်ငံမှ မဟုတ်ပါ၊ မည်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံကမှ လက်ခံနိုင်မည် မဟုတ်ပါ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက ARSA အကြမ်းဖက်အဖွဲ့၏ ဤတောင်းဆိုချက်များအပေါ် အဘယ်ကြောင့် မသိကျိုးကျွန်ပြုနေရပါသနည်း။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ပြောဆိုရေးသားကြရာ၌ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာသည် ဗုဒ္ဓဘာသာဝင် လူများစုက မူဆလင် လူနည်းစုကို ဖိနှိပ်ထားသည်ဆိုသည့်သဘော ပြောဆိုရေးသားကြပါသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် ချစ်ကြည်ခြင်းဟူသော လောကပါလတရားတို့ကို နှလုံးသွင်းကျင့်ကြံသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အစ္စလာမ်ဘာသာဝင်အမျိုးသမီးတို့ မျက်နှာပေါ် ခေါင်းခြုံ (HiJab) ကိုဖြစ်စေ၊မျက်နှာ၏မျက်လုံးမှဖော်ထားသော ခေါင်းခြုံ (Niqab)ကိုဖြစ်စေ၊ တစ်ကိုယ်လုံးခြုံထားသည့် Burka ကို ဖြစ်စေ လွတ်လပ်စွာ သွားလာလှုပ်ရှားနေသည်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံသည် လူမြင်ကွင်း၌ Burka ဝတ်ဆင်ခြင်းကို ပထမဦးဆုံး ပိတ်ပင်သော ဥရောပနိုင်ငံဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်၌ ပိတ်ပင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၌ မျက်လုံးမျှ ဖော်ထားသော ခေါင်းခြုံ (Niqab) ကိုပါ ပိတ်ပင်ခဲ့ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌လည်း အလားတူ ပိတ်ပင်မှုတို့ကို ပြုလုပ်ခဲ့ကြပါသည်။ ဆွစ်ဇာလန်နိုင်ငံ၌လည်း မျက်လုံးမျှ ဖော်ထားသော ခေါင်းခြုံကို ပိတ်ပင်ခဲ့ပါသည်။ ပိတ်ပင်မှုကို မလိုက်နာပါက ငွေဒဏ် ချမှတ်ခံရမည် ဖြစ်ပါသည်။

လက်ရှိ အမေရိကန်အစိုးရက အီရတ်၊ အီရန်၊ ဆီးရီးယား၊ လစ်ဗျား၊ ဆူဒန်၊ ဆိုမားလီးယားနှင့် ယီမင်နိုင်ငံတို့မှ နိုင်ငံသားများ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခဲ့ပါသည်။ လက်ရှိအမေရိကန်အစိုးရက အမေရိကန်နိုင်ငံတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်သူ ၁၁ သန်းအနက် ခြောက်သန်းအား မိခင်နိုင်ငံထံ အတင်းအကျပ်ပြန်ပို့ရန် စီစဉ်လျက်ရှိပါသည်။ ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂမှ ခွဲထွက်ခြင်း၏အခြေခံအကြောင်းတရား တစ်ရပ်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့မှ နိုင်ငံသူနိုင်ငံသားများ ဗြိတိန်နိုင်ငံသို့ လာရောက်နေထိုင်ခြင်းအပေါ် စိုးရိမ်ကြောင့်ကြမှုကြောင့် ဖြစ်ပါသည်။ တင်ပြလိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းသည် မိမိနိုင်ငံသို့ တရားမဝင် ဝင်ရောက်နေထိုင်ကြမည့် (အမှန်တကယ် တရားဝင် ဝင်ရောက်နေထိုင်သူများလည်း ပါပါသည်) နိုင်ငံခြား သား တို့၏ မိမိလူမှုအဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုကို အလေး အနက်ထား သုံးသပ်ကြသည်သာ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှ ထွက်ခွာသွားကြသော ဘင်္ဂါလီမျိုးနွယ်တို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် "ရခိုင်ပြည်နယ်၌ အမှန်တကယ် နေထိုင်သူ အားလုံးကို ပြန်လည်လက်ခံမည်၊ တိုင်းပြည်ဥပဒေနှင့် ညီညွတ်သူတိုင်းကို နိုင်ငံသား အခွင့်အရေးပေးမည်၊ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရမည်" ဟူသော မူဝါဒတို့ကို ရှင်းလင်းပြတ်သားစွာ ချမှတ် အကောင်အထည်ဖော်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအနေဖြင့် ရခိုင်ပြည်နယ်အရေး၏ ပြဿနာဇာစ်မြစ်နှင့် မြန်မာနိုင်ငံ၏ တရားမျှတသော မူဝါဒတို့အပေါ် အလျှင်အမြန်အသိအမှတ်ပြုရမည့် အချိန်အခါရောက်ပြီ ဖြစ်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

## မြစ်ကြီးနား ပြန်လည်ထူထောင်ရေးစခန်းအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ သင်တန်းခန်းမဆောင် လှူဒါန်း

**မြစ်ကြီးနား မေ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် စခန်းဝင်းအတွင်း လိုအပ်လျက်ရှိသည့် သင်တန်းခန်းမဆောင်တစ်ခုကို ဆောက်လုပ်လှူဒါန်းပေးအပ်သွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက်အအုံဆောက်လုပ်ရေးအတွက် တာဝန်ရှိသူများက ပန္နက်ရိုက်တင်ပေးခဲ့ကြသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးစခန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးကြီးကြပ်မှုသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်ဦးခင်မောင်ညိုက အဆောက်အအုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် စခန်းအတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ ကြသည်။

မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းကို ၁၉၈၃ ခုနှစ်မှစတင်၍ သင်တန်းခန်းမဆောင်၊ ရုံးခန်းနှင့် သင်တန်းသားအိပ်ဆောင်တို့ဖြင့်သာ တည်ထောင်ဖွဲ့စည်းခဲ့ပြီး ဆေးဖြတ်ပြီး မူးယစ်ဆေးစွဲလူနာများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်း၊ ဆံပင်ညှပ်၊ ပန်းချီစလုံးအလှဖောက်၊ ကြိမ်ထိုးရက်လုပ်ငန်းသင်တန်းများနှင့် ပျားမွေးမြူရေး သင်တန်းများကို သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ ဦးတို့ဖြင့် သင်တန်းကာလ တစ်လကျော်သင်ကြားပို့ချလျက်ရှိသည့်အပြင် ရပ်ရွာလူထုအခြေပြုအနေဖြင့် သက်မွေးပညာသင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မကွေးမြို့နယ်၌ ပြန်လည်စွန့်လွှတ်မည့်မြေ ၅၀၂ ဧက အတွက် မြေတိုင်းတာမှုများ ဆောင်ရွက်နေ

**မကွေး မေ ၁၇**



ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေ အသုံးပြုရန် မကွေးမြို့နယ် မကျီးကန်ကျေးရွာနှင့် မယ်လှတောင်ကျေးရွာများမှ ၅၀၂ ဧကကိုပြန်လည်လွှဲပြောင်းမည်ဖြစ်၍ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

"မူလသိမ်းဆည်းဧရိယာ၊ ပြန်စွန့်ဧရိယာ၊ တပ်မှာကျန်ရှိတဲ့ဧရိယာဆိုပြီး အပိုင်းသုံးပိုင်းခွဲ တိုင်းတာနေပါတယ်၊ ဒရုန်းနဲ့ RTK (GPS) စနစ်နှစ်မျိုးကို သုံးပြီး တိုင်းနေတာပါ၊ သိမ်းဆည်းခံရတာ ၂၂ နှစ်လောက် ကြာခဲ့ပြီဖြစ်ပေမယ့် တောင်သူပိုင်ဆိုင်မှု ပြန်စစ်တဲ့အချိန်မှာ အတိအကျ ပြန်တိုင်းရတဲ့အချိန်မှာလည်း အချိန်အားဖြင့် အများကြီးမယူပါဘူး၊ စွန့်လွှတ်ပုံစံတွေနဲ့ တင်ပြပြီး သက်ဆိုင်ရာ အဆင့်ဆင့်ခွင့်ပြုချက်နဲ့ တောင်သူလက်ထဲပြန်ပေးတဲ့ အပိုင်းမှာလည်း ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးပိုင်သူရချိုက ပြောသည်။

မြေတိုင်းတာခြင်းအဆင့်မှာ ပြီးစီးလုနီးပါးဖြစ်ကာ ဌာနမှ ပြုစုပြီးသော ပုံစံ(၁)၊ ၁(က)ကို စိစစ်၍ သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ပြည်ထဲရေးကိုပြန်အပ်မည့် လုပ်ငန်းစဉ်ရှိကြောင်း၊ နယ်မြေခံတပ်၏ အနောက်ဘက်ရှိ တာတာကားစက်ရုံမှ ၎င်းပိုင်ဧက ၁၃၀၀ ထဲမှ ပြန်စွန့်မည့် လုပ်ငန်းများလည်း ရှိနေပြီး နယ်နိမိတ်ထိစပ်သော စွန့်လွှတ်မှုလုပ်ငန်းများတွင် ရှုပ်ထွေးမှုမရှိစေရန် စုစုပေါင်းဧက ၂၆၉၄ ဧကကို တိုင်းတာမှုများ လုပ်ဆောင်နေရကြောင်း ဦးပိုင်သူရချိုထံမှ သိရသည်။

နယ်မြေခံတပ်မှ စွန့်လွှတ်မှုကဲ့သို့ အခြားဌာနများမှ စွန့်လွှတ်ရန်အခြေအနေများရှိလာပြီး အကြောင်းကြားလာပါက တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရမှ မြေတိုင်းရန် ဒရုန်းများထောက်ပံ့ပေးထားပြီး ဒရုန်းမှ မြေပုံများကို ရယူကာ မြေတိုင်းဆော့ဖ်ဝဲ၊ ပုံဆက်ဆော့ဖ်ဝဲများဖြင့် အချက်အလက်များ စုဆောင်းခြင်း၊ ရုံးချုပ်မှထုတ်ပေးထားသည့် RTK (GPS) စနစ်ဖြင့်လည်း အသေးစိတ်တိုင်းတာခြင်းများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## တွံတေးမြို့နယ်ရှိ လက်မှုလုပ်ငန်းများသို့ နိုင်ငံခြားသားများ လာရောက်လေ့လာ

**တွံတေး မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးစေတီများနှင့်စဉ့်ပြတိုက်များ၊ ရိုးရာလက်ရက်ကန်းစင်များ၊ အိုးလုပ်ငန်းများ၊ တွံတေးတူးမြောင်းသို့ မေ ၁၄ ရက် နံနက်ပိုင်းက ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA Myanmar) ရုံးမှ ဂျပန်ဝန်ထမ်းမိသားစုများ လာရောက်လေ့လာကြကြောင်း သိရသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ရှေးဟောင်းသမိုင်းဝင်ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆံကေသာဓာတုရွှေဆံတော်စေတီတော်မြတ်ကြီး၊ ဂျပန်အစိုးရနှင့်ပြည်သူတို့ လှူဒါန်းထားခဲ့သော ရှေးဟောင်းစဉ့်ပစ္စည်းများထားရာ စဉ့်ပြတိုက်၊ မြန်မာ့ရိုးရာလက်ရက်ကန်း၊ အိုးလုပ်ငန်းနှင့် နှစ်တစ်ရာကျော်သက်တမ်းရှိ တွံတေးတူးမြောင်းတို့ကို လာရောက်လေ့လာကြသည်။

ထို့နောက်ဂျပန်မိသားစုဝင်များက ရိုးရာလက်ရက်ကန်းအထည်များ၊ အမှတ်တရလွယ်အိတ်များ၊ အိုးလုပ်ငန်းမှ ကလေးကစားစရာအိုးဖုတ်၊ ချိုးရုပ်နှင့် အလှပန်းအိုးများကို အမှတ်တရဝယ်ယူခဲ့ကြပြီး လေ့လာရေးအဖွဲ့ကို JICA Myanmar ရုံးမှအကြီးတန်းအုပ်ချုပ်ရေးမန်နေဂျာ ဦးကျော်လွင်ဦးက ဦးဆောင်၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA Myanmar ရုံးမှဂျပန်ဝန်ထမ်းမိသားစု ၁၉ ဦးနှင့် မြန်မာဝန်ထမ်း ငါးဦးလိုက်ပါလေ့လာကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## တန့်ဆည်မြို့နယ် ပုတီးကျေးရွာနေသူ ၂၉၃၅ ဦးအတွက် သောက်သုံးရေရရှိရေး ဆောင်ရွက်

**တန့်ဆည် မေ ၁၇**

တန့်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ စက်ရေတွင်း (တွင်းနက်)တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ကျေးရွာနှစ်ရွာတွင် ဆောင်ရွက်လျက်ရှိပြီး ပုတီးအုပ်စု ပုတီးကျေးရွာတွင် ငွေကျပ် ၁၈ ဒသမ ၁သန်း အကုန်ကျခံတူးဖော်လျက်ရှိသည်။ လုပ်ငန်းပြီးစီးပါက အိမ်ခြေ ၅၆၇၊ လူဦးရေ ၂၉၃၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူနှင့် ဝန်ထမ်းများက မေဒုတိယပတ်တွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျေးရွာသုံးရွာ ရေရရှိရေး စက်ရေတွင်း သုံးခုအတွက် ငွေကျပ် ၁၂ သန်း သုံးစွဲမည်

**ကြို့ပင်ကောက် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှားပါးသည့်ကျေးရွာသုံးရွာကို ရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရေရရှိရေးအတွက် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီမှ ရေတွင်းဘိုကျေးရွာ၊ မအူကုန်းကျေးရွာနှင့် ကြခတ္တန်းကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး တွင်းတိမ်တစ်တွင်းကို ခွင့်ပြုငွေကျပ်လေးသန်းဖြင့် သုံးရွာအတွက် စုစုပေါင်း ငွေကျပ် ၁၂ သန်း အကုန်အကျခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ထေးဇန်)၌ ရောင်းတမ်းဝင်ကော်ဖီမှုန့်များ ထုတ်လုပ်ထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

✻ *ရှေ့ဖုံးမှ*

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို နှစ်အလိုက် ဘတ်ဂျက်တွင်လည်းကောင်း၊ အရေးပေါ်အခြေအနေများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ လည်းကောင်း တင်ပြတောင်းခံ အသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အသုံးပြုရာတွင် ပြည်သူများအတွက် အကျိုးရှိထိရောက်အောင် စနစ်တကျစီမံ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးမြို့ ဖောင်ကူးတံတားအနီး နေရဋ္ဌရာ ချောင်းကမ်းထိန်းနံရံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ကလေးမြို့ဖောင်ကူးတံတားအနီးတွင် အလျားပေ ၇၂၀ ရှိ နေရဋ္ဌရာချောင်းကမ်းထိန်းနံရံကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၆၄ သန်းဖြင့် ကျောက်စီမြေထိန်းတမံအဖြစ် တည်ဆောက်လျက်ရှိသည်။

**မြစ်သာမြစ်ကမ်းထိန်းနံရံ တည်ဆောက်**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကလေး - ကလေးဝကားလမ်း နံဘေးရှိ မြစ်သာမြစ်ကမ်းထိန်းနံရံ တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုသည်။

**၆၀ ရာခိုင်နှုန်း ပြီးစီး**

ကလေး - ကလေးဝကားလမ်း ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းအတွက် အလျားပေ ၅၁၀၀ ရှိ မြစ်သာမြစ်ကမ်းထိန်းနံရံကို ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၂၀၀ ဖြင့် သံခြင်းအခြေပြု ကျောက်စီတမံအဖြစ် တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကလေးမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

**ရောင်းတမ်းဝင်ကော်ဖီမှုန့်များ ထုတ်လုပ်**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့နှင့်အတူ ချင်းပြည်နယ် တီးတိန်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ထေးဇန်)သို့ ရောက်ရှိကြပြီး ခြံအတွင်း ကော်ဖီပင်များ စမ်းသပ်စိုက်ပျိုးနေမှု၊ ပျိုးပင်များ စနစ်တကျ ပျိုးထောင်နေမှုနှင့် ရောင်းတမ်းဝင် ကော်ဖီမှုန့်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ခြံရှင်းလင်းဆောင်တွင် ကော်ဖီစမ်းသပ်စိုက်ပျိုးခဲ့မှု၊ ကော်ဖီအရည်အသွေး စမ်းသပ်ခဲ့မှု၊ ကော်ဖီမျိုးကောင်း မျိုးသန့်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ခြံတာဝန်ခံ ဦးမင်းလွင်ဦးက ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**တိုးချဲ့စိုက်ပျိုးအောင် စည်းရုံး**

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကမ္ဘာ့ကော်ဖီအရည်အသွေး သတ်မှတ်ချက်(Cupping Score)အရ အဆင့် ၈၀ နှင့်အထက်ကို အထူးတန်းဝင် ကော်ဖီအဖြစ် သတ်မှတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြင်ဦးလွင်၊ ရွာငံနှင့် သံတောင်ဒေသတို့တွင် ဖြစ်ထွန်းသည့် ကော်ဖီမျိုးများမှာ အဆင့် ၈၄ နှင့် ၉၀ အကြားတွင် ရှိပါကြောင်း၊ ချင်းပြည်နယ်၌ စိုက်ပျိုးဖြစ်ထွန်းသော ကော်ဖီမျိုးမှာ အဆင့် ၉၆ တွင်ရှိ၍ အထူးအရည်အသွေး ကောင်းမွန်ပါကြောင်း၊ အဆိုပါ ကမ္ဘာ့အဆင့်မီ ကော်ဖီမျိုးအား ချင်းပြည်နယ်ရှိ တောင်သူများအနေဖြင့် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ ကော်ဖီမျိုးကောင်းအား တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးမည့်အပြင် နိုင်ငံတော်၏ ပြည်ပပို့ကုန်တန်ဖိုးလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်၏ မြေယာအနေအထားသည် ယခုအချိန်အထိ သဘာဝအတိုင်း အများစုကျန်ရှိနေသေးပါကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် ယင်းအခွင့်အရေးကိုရယူပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းများ အသုံးပြုမှုကင်းမဲ့ဇုန်အဖြစ် ထူထောင်သွားရန်နှင့် ဈေးကွက်ဝင် ဩဂဲနစ်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးအောင် စည်းရုံးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ချင်းပြည်နယ်အတွင်း ယခုအချိန်တွင် ကော်ဖီစိုက်ပျိုးဧကမှာ ၅၆၀ ကျော်ရှိပြီး နှစ်စဉ် ကော်ဖီစိုက်ဧက ၂၂၀ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၂၁ ခုနှစ်တွင် စုစုပေါင်းစိုက်ဧက ၁၂၂၀ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**မူလအတိုင်း ထိန်းသိမ်းထား**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှာလ်လုမ်းခံတပ်သို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ကြိုဆိုနှုတ်ဆက်ကြပြီး ရှာလ်လုမ်းခံတပ် ရှင်းလင်းဆောင်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ပြည်နယ်မှူး ဒေါ်ငိုင်ဟောက်နော်င်က ခံတပ်၏ သမိုင်းကြောင်းနှင့် မူလအတိုင်း ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှာလ်လုမ်းခံတပ်အတွင်းရှိ အထိမ်းအမှတ်နေရာ၊ စခန်းတည်ဆောက်ဖွဲ့စည်းပုံတို့ကို လှည့်လည်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

**မှတ်တမ်းတင်ထား**

ရှာလ်လုမ်းခံတပ်သည် ချင်းပြည်နယ် တီးတိန်မြို့နယ် ဝေ့လပ်ကျေးရွာအောက်ဘက် ၄ ဖာလုံခန့်ဝေးသော ဝေ့လပ်-ထုတ်လိုင်လမ်း နံဘေးတွင် တည်ရှိသည်။ အဆိုပါ ရှာလ်လုမ်းခံတပ်တိုက်ပွဲသည် ၁၈၈၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ဖြစ်ပွားခဲ့ပြီး ချင်းတိုင်းရင်းသားများအနေဖြင့် နယ်ချဲ့အား ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သဖြင့် နယ်ချဲ့ဘက်မှ စုစုပေါင်း ၃၆ ဦး ကျဆုံးခဲ့ပြီး ချင်းအမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၈ ဦး ကျဆုံးခဲ့၍ ပြင်းထန်သော တိုက်ပွဲတစ်ခုအဖြစ် မှတ်တမ်းတင်ထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ကလေး - တီးတိန် - တွန်းဇံလမ်းပေါ်ရှိ မြေထိန်းနံရံများ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် အသစ်တည်ဆောက်နေမှု၊ လမ်းသားတာပေါင်တိုးချဲ့ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ညနေပိုင်းတွင် တွန်းဇံမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလေး-တီးတိန်-တွန်းဇံလမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ချင်းပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၁/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်)

**ချင်းပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကို ယင်း၏ သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့် ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းအား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်ခန့်အပ်

**နေပြည်တော် မေ ၁၈**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် KNU ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၁၇**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးကြပြီး ကရင်အမျိုးသားအစည်းအရုံး (KNU)၏ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ခေးပူ-လွယ်မူပလော လမ်းကြောင်းပြုပြင်ဆောင်ရွက်နေမှုကို တပ်မတော်မှနားလည်မှုရှိစွာဖြင့် ယာယီရပ်ဆိုင်းပေးထားမည် ဖြစ်ကြောင်း၊ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နိုင်ပြီး လွတ်လပ်စွာသွားလာ လှုပ်ရှားနိုင်ကြောင်း ဆွေးနွေးသဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၇**
လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတကာဘာသာပေါင်းစုံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေး

**ရန်ကုန် မေ ၁၇**
မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ် ချားလ်စ်ဘို၏ ဖိတ်ကြားချက်အရ Religions for Peace (RfP)မှ နိုင်ငံတကာဘာသာပေါင်းစုံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မကြာမီလာရောက်မည် ဖြစ်သည်။

အဆိုပါ Religions for Peace(RfP) မှ နိုင်ငံတကာဘာသာပေါင်းစုံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာရောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်(ရုံးခွဲ)၌ ကြိုတင်ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုရှေ့နေချုပ်အား နော်ဝေနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၇**
ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မေ ၁၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ နော်ဝေနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နော်ဝေနိုင်ငံတို့အကြား ပညာသင်ဆုနှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာဥပဒေဘွဲ့သင်တန်းများသို့ ဥပဒေအရာရှိများ စေလွှတ်တက်ရောက်နိုင်မှု၊ ရေနံနှင့်စွမ်းအင်ကဏ္ဍ၊ ငါးလုပ်ငန်းတို့တွင် မြန်မာ-နော်ဝေ နှစ်နိုင်ငံအကြား စာချုပ်များတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကူညီဆောင်ရွက်ပေးမှုများ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရခိုင်ဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းနယ်ပယ်များကို နှစ်ဖက် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကာတွန်းနှင့် ပိုစတာရေးဆွဲ ပြိုင်ပွဲဝင်နိုင်

**နေပြည်တော် မေ ၁၇**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ် (Theme)မှာ ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ "Beat Palstic Pollution "ဖြစ်ပြီး အဆိုပါခေါင်းစဉ်ဖြင့် အလွတ်တန်းကာတွန်းနှင့် ပိုစတာပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ပင်လယ်သမုဒ္ဒရာများအား ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများအား ပျက်စီးစေသော၊ လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၏ အန္တရာယ်ကို အများပြည်သူသိရှိစေရန်နှင့် ပလတ်စတစ် ထုတ်လုပ်သုံးစွဲခြင်းကို လျှော့ချခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse)၊ ပြန်လည်ထုတ်လုပ်ခြင်း (Recycle) တို့အပါအဝင် ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်နှင့် အသိပေးနှိုးဆော်ချက်များကို အများပြည်သူ သိရှိဆောင်ရွက်နိုင်ကြစေရန် ဆောင်ပုဒ်နှင့် ကိုက်ညီသော မိမိတို့ ရေးသား သရုပ်ဖော်တင်ပြလိုသည့် အကြောင်းအရာများအား အလွတ်တန်း ကာတွန်းနှင့် ပိုစတာများရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန Facebook Page ဖြစ်သည့် https://www.facebook.com/ECD Myanmar /တွင် Post တင်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

Online စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကာတွန်းနှင့် ပိုစတာအရွယ်အစားမှာ အလျား နှစ်ပေ အနံ ၂ ဒသမ ၅ ပေ ဖြစ်ရမည်။ ပြိုင်ပွဲအား မေ ၂၉ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတိတိတွင် ရပ်နားမည်ဖြစ်ပြီး Like နှင့် Share အများဆုံးရရှိသောပြိုင်ပွဲဝင်အား ချီးမြှင့်သွားမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း ၀၆၇-၄၃၁၃၂၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုးစေရန် ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် အရည်အသွေးအာမခံမှုစနစ်တစ်ရပ်ထားရှိ

**ရန်ကုန် မေ ၁၇**

ပြောင်းလဲလာသည့် စနစ်များနှင့်အညီ တက္ကသိုလ်ဒီဂရီကောလိပ်နှင့် ကောလိပ်များကို စွမ်းရည်ပြည့်ဝ၍ ထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန် တက္ကသိုလ်ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ အဆင့်မြင့်စီမံခန့်ခွဲသူများ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုအရည်အချင်းများ တိုးတက်မြင့်မားစေရန်၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် အဆင့်မီ ပူးပေါင်းဆောင်ရွက်ကာ တက္ကသိုလ်ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ပညာရေးအရည်အသွေးကို တိုးတက်စေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှဖွင့်လှစ်သည့် ပညာရေးဆိုင်ရာ အဆင့်မြင့်စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် ၂ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကမ္ဘာ့အဆင့်အတန်းမီသော ပညာရေးစနစ်ဖြစ်လာစေရန် သုတေသနလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုများကို အလေးထားပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကျောင်းများ၏ ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ အရည်အသွေးပိုင်းကိုလည်း မြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် အရည်အသွေးအာမခံမှုစနစ်တစ်ရပ် ထားရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နည်းပညာရှင်များ ပညာရေးစီမံခန့်ခွဲသူများ ကျောင်းများ၊ သင်တန်းဌာနများနှင့် တက္ကသိုလ်များမှ ဦးဆောင်သူများ၏အရည်အသွေးကို မြှင့်တင်ပေးမည့် သင်တန်းများအတွက် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့်ဆက်စပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် အဓိကဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပညာရေးဆိုင်ရာ အဆင့်မြင့် စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂)သို့ တက္ကသိုလ်များမှ ပါမောက္ခများ တက်ရောက်ကြပြီး မေ ၁၄ ရက်မှ နိဝင်ဘာလအထိ အချိန်ပိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ရေး၊ ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရေးနှင့် ကျောင်းအပ်နှံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ထိုကျောင်းတွင် ကျောင်းအုပ်စုအဆင့် ဒုတိယတန်း သင်ရိုးညွှန်းတမ်းအသစ်ဖြင့် ပြုစုထားသော ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များဖြင့် သင်တန်းဆောင်ရွက်နေမှုများကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စက်မှုဝန်ကြီးဌာနမှ တပ်ဆင်ထုတ်လုပ်သော လူနာတင်ယာဉ် ၁၅ စီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၇**

စက်မှုဝန်ကြီးဌာန အမှတ် ၁၅ အကြီးစားစက်ရုံတွင် တပ်ဆင်ထုတ်လုပ်သော လူနာတင်ယာဉ် ၁၅ စီးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ် ၁၅ အကြီးစားစက်ရုံတွင် ကျင်းပသည်။



အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သော လူနာတင်ယာဉ်များကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အတွင်းကပင် စီမံချက်ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည့် လူနာတင်ယာဉ် ၁၅ စီးကိုလည်း မြန်မာနိုင်ငံ လူနာတင်ယာဉ် အရည်အသွေးသတ်မှတ် အတည်ပြုရေးအဖွဲ့မှ စစ်ဆေးအတည်ပြုပေးပြီးဖြစ်ကြောင်း၊ မကြာမီ လူနာတင်ယာဉ် အစီး ၄၀ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆက်လက်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်နိုင်ရေးအတွက်အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ လူနာတင်ယာဉ် တပ်ဆင်ထုတ်လုပ်ရာတွင် အကောင်းဆုံးဖြစ်စေရန်အတွက် စိတ်ရှည်ဇွဲရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် ပုဂ္ဂလိကမှ အကျိုးတူပူးပေါင်းဆောင်ရွက်သူ Myanmar Treasure Company မှဝန်ထမ်းများအားလည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura မှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရအဖွဲ့မှ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လယ်ယာကဏ္ဍ၊ မော်တော်ယာဉ်၊ အထည်အလိပ်နှင့် SME ကဏ္ဍများတွင် ငွေကြေးနှင့် နည်းပညာများ ဆက်လက်ကူညီထောက်ပံ့ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဆေးကောင်စီအဖွဲ့ဝင် ဒေါက်တာဇော်ဝေစိုးက မြန်မာနိုင်ငံတွင် လူနာတင်ယာဉ်များတင်သွင်းမှုနှင့် တပ်ဆင်ထုတ်လုပ်မှုများအတွက် လူနာတင်ယာဉ် အရည်အသွေးသတ်မှတ် အတည်ပြုရေးကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန အမှတ် ၁ အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးက လူနာတင်ယာဉ်အမျိုးမျိုး ဆက်လက်ထုတ်လုပ်မည့် အစီအမံများနှင့် စက်ရုံရှိ စက်ပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်မှ လူနာတင်ယာဉ် ၁၅ စီးနှင့် စာရွက်စာတမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် လွှဲပြောင်းပေးအပ်မည့် လူနာတင်ယာဉ်များနှင့်တပ်ဆင်ထုတ်လုပ်ဆဲ လူနာတင်ယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

စက်မှုဝန်ကြီးဌာနမှ တပ်ဆင်ထုတ်လုပ်သော လူနာတင်ယာဉ်များမှာ နိုင်ငံတကာအဆင့်မီ Standard Type အမျိုးအစားဖြစ်ပြီး တစ်စီးလျှင် မြန်မာငွေကျပ် သိန်း ၇၄၀ ဖြစ်သည်။ မော်တော်ယာဉ်နှင့် အတွင်းစက်ပစ္စည်းများအတွက် တစ်နှစ်အာမခံပေးထားပြီး ဈေးကွက်လိုအပ်ချက်အရ Basic Type နှင့် Advance Type အမျိုးအစားများကိုလည်း ဆက်လက်ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ လူနာတင်ယာဉ် အရည်အသွေး သတ်မှတ်အတည်ပြုရေးအဖွဲ့ (CAAM)အဖွဲ့မှလည်း ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သော လူနာတင်ယာဉ်များနှင့်အတူ ပြည်ပမှတင်သွင်းလာသော လူနာတင်ယာဉ်များကိုလည်း စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သက်ကြီးဘိုးဘွားနှင့် မသန်စွမ်းလူနာများ၏ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အိမ်တိုင်ရာရောက် အခမဲ့ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအား တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် ပြည်သူများ၏ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့၍ ဆေးရုံအခြေပြုကုသပေးခြင်း၊ ပြည်သူအတွင်း ကွင်းဆင်းကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဆေးရုံတွင်အခြေပြု၍ ဆေးကုသပေးနေခြင်းသာမက ဆေးရုံသို့ လာရောက်ကုသရန် ခက်ခဲမှုများရှိနေသော သက်ကြီးရွယ်အိုများ၊ အိုမင်းမသန်စွမ်းသူများအား အဆင်ပြေစွာ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်ကုသမှုခံနိုင်ရေးကိုလည်း အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လမှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း သက်ကြီးဘိုးဘွားနှင့် မသန်စွမ်းလူနာများ၏ သွားနှင့် ခံတွင်းကျန်းမာရေး အိမ်တိုင်ရာရောက် စောင့်ရှောက်မှုလုပ်ငန်းကို အခမဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

သက်ကြီးဘိုးဘွားနှင့် မသန်စွမ်းလူနာများ၏ သွားနှင့် ခံတွင်းကျန်းမာရေး အိမ်တိုင်ရာရောက် စောင့်ရှောက်မှုကို လိုအပ်သူများအနေဖြင့် နေပြည်တော် သွားနှင့် ခံတွင်းအထူးကုဆေးရုံ၊ ဖုန်းနံပါတ်- ၀၆၇-၃၄၁၇၈၂၆ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာစည်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေ

**သာစည် မေ ၁၇**

၂၀၁၈-၂၀၁၉ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို သာစည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲရုံးမှ မြို့နယ်တွင်းရှိ တောင်သူများအား မေ ၁၇ ရက်မှ စတင်ပြီး ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

“ယခင်က ချေးငွေထုတ်ချေးပေးရာမှာ တောင်သူလယ်သမား သုံးဦး အစုအဖွဲ့အချင်းချင်း အာမခံသည့်ပုံစံဖြင့် ချေးငွေထုတ်ချေးပေးခဲ့ပါတယ်၊ ယခုနှစ်မှာတော့ အဲ့ဒီလို မဟုတ်တော့ပါဘူး၊ ၎င်းတို့ပိုင်ဆိုင်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)မူရင်းကို ကျွန်တော်တို့ရုံးမှာ အပေါင်အဖြစ် အပ်နှံထားရမှာဖြစ်ပြီး တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးပေးသွားမယ့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်သွားမှာပါ” ဟု မြို့နယ်ဘဏ်ခွဲရုံးမန်နေဂျာ ဦးကျော်ကျော်က ရှင်းလင်းပြောပြသည်။

ယခင်နှစ် ၂၀၁၇-၂၀၁၈ မိုးရာသီက စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲရုံးက ထုတ်ချေးပေးရာ၌ ကျေးရွာအုပ်စု ၇၂ အုပ်စုအတွင်းရှိ အစုအဖွဲ့ပေါင်း ၅၁၉၂ အဖွဲ့မှ စိုက်ဧကပေါင်း ၈၀၇၂၀ အတွက် တောင်သူပေါင်း ၁၄၉၈၃ ဦးတို့ကို ချေးငွေကျပ်သိန်းပေါင်း ၈၄၄၉၃ ကျပ်ကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲရုံးက ကျေးရွာအုပ်စု ၇၂ အုပ်စုအတွင်းရှိ စိုက်ဧကပေါင်း ၈၂၇၅၈ ဧကမှ တောင်သူပေါင်း ၁၅၀၀၀ ကို ချေးငွေ ကျပ်သန်းပေါင်း ၈၇၂၃ ဒသမ ၇၀ ထုတ်ချေးပေးသွားမည်ဖြစ်ရာ ဇွန်လအကုန်တွင် ချေးငွေအပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



# ပြည်မြို့၌ တောင်သူ ၂၇ ဦးအား စိုက်ပျိုးစရိတ် ငွေကျပ် ၆၆ သိန်း ထုတ်ချေး

**ပြည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုစရိတ်ချေးငွေများကို မေ ၁၇ ရက်မှစတင်၍ ဇလုံကျေးရွာအုပ်စုရှိ တောင်သူ ၂၇ ဦးထံသို့ ချေးငွေကျပ် ၆၆၀၀၀၀၀ ကို စတင်ထုတ်ချေးပေးခဲ့သည်။

ပြည်မြို့နယ်အတွင်းရှိ တောင်သူများ၏ လယ်မြေဧက ၆၂၀၀၀ အတွက် ၂၀၁၈ ခုနှစ် မိုးဘဏ် ချေးငွေ ကျပ်သိန်း ၉၃၀၀ကို ချေးငွေကျေသူ တောင်သူများအား ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လိုအပ်သည်များဖြည့်စွက်၍ ငွေချေးယူနိုင်

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက **နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**တင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆုံးဖြတ်လိုက်သည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်းနှင့် ကြယ်ပွင့်ပြမေးခွန်း ၆ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ တင်မြှောက်သည့်နေ့မှစ၍ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**အခွန်ပေးဆောင်ရေး**

ထို့နောက် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **အရက်ချက်စက်ရုံများတွင် Flow-Meter များ တပ်ဆင်ရန်ကိစ္စ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ သိလိုခြင်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အရက်ချက်စက်ရုံများမှ အဖျော်ယမကာများ ထုတ်လုပ်မှုအပေါ် အခွန်စည်းကြပ်ကောက်ခံရာတွင် ထုတ်လုပ်မှုပမာဏအမှန်ကို သိရှိနိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အခွန်ပေးဆောင်ရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝရရှိစေရန် ရည်ရွယ်၍ အရက်ချက်စက်ရုံများတွင် Flow-Meter တပ်ဆင်ထုတ်လုပ်စေခြင်းကို ၂၀၁၆ ခုနှစ်မှစ၍ စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ဆေးမှုများအရ စက်ရုံ ၇၂ ရုံအနက် လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော အရက်ချက်စက်ရုံ ၃၇ ရုံ၌ Flow Meter များအား သတ်မှတ်နေရာတွင် စနစ်တကျတပ်ဆင်ထားမှု ရှိ၊ မရှိ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများအတွင်းက သွားရောက်စစ်ဆေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လည်ပတ်လျက်ရှိသော စက်ရုံ ၃၃ရုံတွင် Flow Meter များကို သတ်မှတ်စံနှုန်းများနှင့်အညီ တပ်ဆင်ထားရှိပြီးဖြစ်ပါကြောင်း၊ ကျန်စက်ရုံ လေးရုံတွင်လည်း စစ်ဆေးတွေ့ရှိမှုအရ မကြာမီ တပ်ဆင်သွားမည်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ Online Monitoring System ကိုလည်း တပ်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ Online Monitoring System တပ်ဆင်ခြင်း မပြုမီကာလအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ စစ်ဆေးခြင်းနှင့် ရုံးချုပ်စစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးခြင်းများကို စီမံချက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရက်ချက်စက်ရုံများ၏ အရက်ထုတ်လုပ်မှုများကို Online မှတစ်ဆင့် စောင့်ကြည့်ထိန်းကျောင်းနိုင်ရေးအတွက် Online Monitoring System ကို အကောင်အထည်ဖော်နိုင်ရန် Data Logger တပ်ဆင်ခြင်းကို စက်ရုံကြီး၊ စက်ရုံလတ်နှင့် စက်ရုံငယ်အဆင့်(က)



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

(ခ)နှင့် (ဂ) ဟူ၍ ခွဲခြားပြီး စက်ရုံကြီးများတွင် ဦးစားပေးတပ်ဆင် ဆောင်ရွက်သည့်စနစ်ကို ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်၍ တစ်ဆင့်ခြင်း ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

**နှစ်ချင်းပြန်လည်ပေးဆပ်**

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **တောင်သူလယ်သမားများ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမည့် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်ပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်ထံမှ ရရှိသော ရန်ပုံငွေများဖြင့် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်နှစ်တိုင်း နွေ၊ မိုး၊ ဆောင်း သုံးရာသီအတွက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ပြန်လည်ကောက်ခံပါကြောင်း၊ ယင်းသို့ ကောက်ခံပြီးနောက် မြန်မာ့စီးပွားရေးဘဏ်သို့ နှစ်ချင်း ပြန်လည်ပေးဆပ်ရပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်သို့ နှစ်ချင်းပြန်လည်ပေးဆပ်ရခြင်းမှာ တောင်သူလက်ဝယ်ငွေမရှိသည့် အချိန်တွင်မှ ကောက်ခံပါက တောင်သူများအတွက် ကြွေးဝန်ထုပ်ဝန်ပိုးများ ဖြစ်နိုင်ခြင်း၊ ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားခြင်း စသည်တို့ကြောင့် စိုက်ပျိုးစရိတ်ချေးငွေအား နှစ်ချင်း ပြန်လည်ပေးဆပ်စေသည့် စနစ်ကို ရှေးယခင်အစဉ်အဆက်ကပင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယခင်ကဆိုလျှင် နှစ်ရှည်ချေးငွေနှင့်ပတ်သက်၍ သမိုင်းကို ပြန်ကြည့်သည့်အခါတွင်လည်း မရှိသလောက်ရှားပါကြောင်း၊ ယခုမှသာ နှစ်ရှည် ချေးငွေ၊ နှစ်လတ်ချေးငွေအဖြစ် သုံးနှစ်၊ ငါးနှစ် သတ်မှတ်ပြီး ချေးနိုင်သည့်အခြေအနေမျိုးကို ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ JICA မှ ရသည့် ငွေများကို သုံးနှစ်၊ ငါးနှစ် သတ်မှတ်ပြီး ချေးသော်လည်း ၎င်း၏ ရည်ရွယ်ချက်သည် စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဦးစားပေးသည့်အတွက်ကြောင့် ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက် စသည့် စက်ကိရိယာများဝယ်မည့် တောင်သူများကိုသာ ရွာအထိ အရောက်သွားပြီး ချေးငွေထုတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် စက်ကိရိယာမဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပုံမှန်ထုတ်နေကျ စိုက်ပျိုးစရိတ်ငွေအပြင် အတိုးချေးငွေသဘောမျိုးဖြင့် သုံးနှစ်၊ ငါးနှစ် သတ်မှတ်ချေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ်က ဆက်လက်ချေးပါကြောင်း၊ ယခုလောလောဆယ်တွင် ဘီလီယံ ၂၀၀ ခန့် သတ်မှတ်ထားပါကြောင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများကို ချေးငွေစည်းမျဉ်း၊ စည်းကမ်းများကို လေ့လာပြီး သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လိုအပ်သည်များကို ဖြည့်စွက်၍ သတ်မှတ်ထားသည့် ပုံစံ(၇)ကိုလည်း အာမခံပေးပြီး ချေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အခွန်ပေးဆောင်သည့် အလေ့အကျင့်**

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **နိုင်ငံတော်အတွက် အခွန်ငွေအများဆုံးရှာဖွေ ထည့်ဝင်ပေးကြရမည့် အခွန်ထမ်းကြီးများနှင့် အလယ်အလတ်အခွန်ထမ်းများမှ အခွန်ရှောင်တိမ်းမှု လျော့ကျလာစေရေးအတွက် အခွန်ငွေကို လိုလိုလားလားနှင့် ပြည့်ပြည့်ဝဝ ထမ်းဆောင်လာမှုအပေါ် နိုင်ငံတော်မှ အသိအမှတ်ပြု ပြန်လည်ဂုဏ်ပြုသည့်သဘော ဖြင့် မက်လုံးပေးဆွဲဆောင် အခွန်ထမ်းဆောင်စေသောစနစ် Incentive Payable Taxation System မျိုး ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အပြည့်အဝ ကောက်ခံရရှိရန်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ပေးဆောင်သည့် အလေ့အကျင့်ရရှိစေရန်အတွက် အခွန်ပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်တာဝန်ကျေပွန်သူများသို့ ချီးမြှင့်မှုအနေဖြင့် လတ်တလောအခြေအနေအရ အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၁၀၀၀ စာရင်း

## ◆ မြန်မာ့စီးပွားရေးဘဏ်ထံမှ ရရှိသော ရန်ပုံငွေများဖြင့် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်နှစ်တိုင်း နွေ၊ မိုး၊ ဆောင်း သုံးရာသီအတွက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ပြန်လည်ကောက်ခံ

## ◆ ယင်းသို့ ကောက်ခံ ပြီးနောက် မြန်မာ့စီးပွားရေးဘဏ်သို့ နှစ်ချင်း ပြန်လည်ပေးဆပ်ရ

ကို ထုတ်ပြန်ကြေညာပေးခြင်း၊ အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ကြေညာပေးခြင်းတို့ကို ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရကိုယ်စား ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ် မတ် ၃ ရက်တွင် နိုင်ငံတော်သမ္မတကိုယ်တိုင် သမ္မတအိမ်တော်၌ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ ၁၀ ဦး၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ ၁၀ ဦးကိုလည်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းအတွက်လည်းကောင်း၊ လူပုဂ္ဂိုလ်အတွက်လည်းကောင်း စံနမူနာပြသည့်အနေဖြင့် နိုင်ငံတော်အဆင့်မှ ဂုဏ်ပြုခြင်းဖြစ်ပြီး ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြင့်မားစေခြင်းနှင့် လုပ်ငန်းအတွက် အမည်ကောင်း ဂုဏ်သတင်း ရရှိစေပါကြောင်း၊ နိုင်ငံတော်အတွင်း အများနည်းတူ အခွင့်အလမ်းများ ရယူခံစားနေပြီး အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိပါလျက် အခွန်မပေးဆောင်လိုသူများကိုလည်း အခွန်ပေးဆောင်လိုစိတ် ဖြစ်ပေါ်လာစေရန်ကိုလည်း ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေရန်နှင့် ကဏ္ဍအလိုက် တိုးတက်ဖွံ့ဖြိုးစေရန် အခွန်ဆိုင်ရာ မက်လုံးပေးမှုများဖြစ်သော အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဒေသအလိုက်၊ အချိန်ကာလအလိုက် ခွင့်ပြုပေးထားပါကြောင်း၊ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ကောက်ခံရရှိနိုင်ရန်အတွက် အခွန်ဆိုင်ရာ အသိ



အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

ပညာများ ကျယ်ပြန့်စွာပြုလုပ်ပြီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၈ တွင် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၄ တွင် လည်းကောင်း ဆုပေး၊ ဒဏ်ပေးစနစ်ကို အခွန်ဆိုင်ရာ ဆွဲဆောင်မှုအနေဖြင့် ထည့်သွင်းပြဋ္ဌာန်းပေးခဲ့သည့်အပြင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ(က)တွင် အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအားလုံးကို အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေတွင်လည်း အဆိုပါ ပြဋ္ဌာန်းချက်များကို ဆက်လက်ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ မတိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်နှင့် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

**ကာကွယ်တားဆီးရေး**

ဝက်လက် မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက **နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာတွင် အခွန်ဥပဒေနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် နိုင်ငံအတွက် အခွန်ငွေများ အပြည့်အဝမရရှိသည့်အတွက် ကောက်ခံသင့်ကောက်ခံထိုက်သော အခွန်များကို ထိထိရောက်ရောက် ကောက်ခံနိုင်ရေး၊ အခွန်တိမ်းရှောင်မှု၊ အခွန်ငွေထိမ်ချန်မှု၊ တရားမဝင် ကုန်စည်တင်သွင်းမှု၊ ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများကို ထိထိရောက်ရောက် ကာကွယ်တားဆီးရေးအတွက် တင်သွင်းရခြင်း ဖြစ်ပါကြောင်း၊ အခွန်နှုန်းထားနည်းနည်းဖြင့် အခွန်အခြေကို ချဲ့ထွင်ပြီး ရသင့်ရထိုက်သော အခွန်များ ပြည့်ဝစွာကောက်ခံရန် နိုင်ငံတော်အနေဖြင့် မဟာဗျူဟာ အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သော်လည်း အခွန်တိမ်းရှောင်သူများနှင့် အခွန်ဌာနများရှိ ဝန်ထမ်းများ၏ မလျော်မကန်ဆောင်ရွက်နေမှုများကိုလည်း တွေ့ရှိရပါကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဥပဒေအရ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာကြစေရန် ပြည်သူများသို့ အခွန်ပေးဆောင်ခြင်းနှင့် ရရှိအခွန်အပေါ် နိုင်ငံတော်မှ မှန်မှန်ကန်ကန် သုံးစွဲရခြင်း စသည်များကို ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အခွန်ပေးဆောင်သဖြင့် ပေးဆောင်သူတို့အား အခွန်ဆိုင်ရာ သက်သာခွင့်များ၊ အခြားကင်းလွတ်ခွင့်များကို ပြည်သူတို့အား အသိပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်ကြသည့် အခွန်ထမ်းပြည်သူများကို အသိအမှတ်ပြုပေးခြင်း၊ ထိုက်သင့်သည့် ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို နှစ်စဉ်ပို၍ ဂုဏ်ပြုပေးရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူတို့ အခွန်ဆောင်လိုစိတ်နှင့် လူတိုင်းလူတိုင်း အခွန်ဆောင်ရန် တာဝန်ရှိကြောင်း သိသာလာကြမည် ဖြစ်ပါကြောင်း။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ဆိုထားခြင်းကြောင့် အခွန်များ ပြည့်ပြည့်ဝဝ ရရှိရေးသည်လည်း အစိုးရအဖွဲ့အစည်းများသာမက ပြည်သူများတွင်လည်း တာဝန်ရှိသည်ဖြစ်ပါကြောင်း၊ အခွန်ကို တိုးမြှင့်ကောက်ခံရန် အဆိုပြုတင်ပြခြင်း မဟုတ်ဘဲ တည်ဆဲဥပဒေများအရ နိုင်ငံတော်က ရသင့်ရထိုက်ပြီး အားနည်းချက်အမျိုးမျိုးကြောင့် လစ်ဟင်းနေသည့် ကွက်လပ်များကို ပြန်လည်စိစစ်ပြီး စနစ်တကျ ပိုမိုဖြည့်တင်းဆောင်ရွက်သွားနိုင်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာသည်နှင့်အမျှ အခွန်ရရှိငွေများအပေါ် ပိုမိုစီမံခန့်ခွဲနိုင်ရေးအတွက် အစိုးရနှင့် ပြည်သူတို့ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ ထိရောက်လာမည်ဖြစ်ပါသဖြင့် တင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်အတိုင်း သဘောတူပါကြောင်း တင်ပြသဖြင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့်လမ်းများ နည်းပညာအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းရှေ့မှောက်၌ ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ငါးခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ဝင်းရော်ချောင်းကူးတံတား**

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၏ **ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကွမ်ကသောင်ကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာအုပ်စုရှိ ထီမန်ထိုနှင့် ဖားတလယ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဝင်းရော်ချောင်းကူးတံတား အကျယ် ၁၀ ပေ၊ အရှည် ပေ ၃၀၀၊ အမြင့် ပေ ၅၀ ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဝင်းရော်ချောင်းကူးတံတားသည် ကွမ်ကသောင်ကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုတို့ရှိ ထီမန်ထိုရွာနှင့် ဖားတလယ်ကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ကျေးရွာပေါင်း ၄၀၊ အိမ်ခြေ ၅၂၁၆ အိမ်နှင့် လူဦးရေ ၃၆၅၀၀ ခန့်တို့အား တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဝင်းရော်ချောင်းကူးတံတား တည်ဆောက်နိုင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသဖြင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **မြန်မာတစ်နိုင်ငံလုံးရှိ အများပြည်သူအသုံးပြုမြဲဖြစ်သော လမ်းဌာန၊ စည်ပင်သာယာဌာန၊ ဆောက်လုပ်ရေးဌာနတို့နှင့် လွှဲအပ်သော တင်ဒါရကုမ္ပဏီအသီးသီးတို့ တာဝန်ယူပြုလုပ်ကြသော ကတ္တရာခင်းလမ်းအသီးသီးတို့သည် အသုံးပြုကာလမကြာမီမှာပင် လမ်းနှုတ်ခမ်းသားများ ပဲ့ခြင်း၊ လမ်းမျက်နှာပြင်ပေါက်ခြင်းစသည့် ပျက်စီးခြင်းမျိုး မဖြစ်စေရန်အတွက် နိုင်ငံတကာလမ်းခင်းသော နည်းပညာများဖြင့် အသုံးပြုဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီစွာလုပ်ဆောင်ကြရန် ပြည်ထောင်စုအဆင့်မှ ညွှန်ကြားထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုတည်ဆောက်နေသည့် လမ်းခင်းစနစ်သည် Penetration Macadam ဖြစ်ပြီး ၎င်းစနစ်ကို ၉၅ ရာခိုင်နှုန်းထိ အသုံးပြုလျက်ရှိပါကြောင်း၊ အဆိုပါ စနစ်သည် ကတ္တရာအသုံးပြုမှု အနည်းဆုံးဖြစ်ပြီး ကျောက်ကြီးများကြားထဲတွင် ကျောက်သေးလေးများညှပ်၍ ကတ္တရာလောင်းပြီး အပေါ်မှ ကျောက်မှုန့်၊ Chipping ဖြူးသည့်စနစ် ဖြစ်ပါကြောင်း၊ လမ်းတစ်လမ်းကို ကုန်ကျစရိတ် အသက်သာဆုံးခင်းသည့် နည်းစနစ်ဖြစ်ပြီး Penetration Macadam စနစ်ကို Main လမ်းမကြီးများတွင် အသုံးပြုသည်မှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းပင်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ပြည်ထောင်စုလမ်းများ အားလုံးတွင် Asphalt Concrete နည်းပညာကို အသုံးပြုနေကြပြီ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Penetration Macadam အဆင့်မှ မတက်သေးသည့် အကြောင်းအရာ ၂ ချက်ရှိပါကြောင်း၊ နံပါတ် ၁ အချက်အနေဖြင့် Lack of Finance ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ ပေးထားသည့် ဘတ်ဂျက်သည် Penetration Macadam အဆင့်ပင် ဆောင်ရွက်နိုင်သည့် ဘတ်ဂျက်သာရှိပါကြောင်း၊ နံပါတ် ၂ အချက်အနေဖြင့် Lack of Equipments ဖြစ်ပါကြောင်း၊ Asphalt Concrete ခင်းမည်ဆိုပါက လိုအပ်သည့် AC Plant၊ Paver၊ Roller၊ Tipper စသည်ဖြင့် ဆက်စပ်ပစ္စည်းအစုံအလင်ရှိရမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ မြို့နယ်ပေါင်း ၃၃၀ ကို AC Plant နှင့် AC Paver များပေးနိုင်သည့်အခြေအနေ မရှိသေးဘဲ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုကို AC ခင်းစက်တစ်စုံလောက်သာ ဖြန့်ခွဲပေးထားနိုင်သည့် အနေအထား ရှိနေသေးပါကြောင်း။

**စိစစ်လေ့လာသုံးသပ်**

ယခုအခါ World Bank မှ အကူအညီပေးမည့် AC Plant ၂၉စုံ ထပ်မံရောက်ရှိလာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖြန့်ခွဲပေးပို့၍ တတ်နိုင်သမျှမြို့ကြီးများနှင့် ဦးစားပေးလမ်းများတွင် AC လမ်းများ တိုးတက်လာစေရန် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကတ္တရာလမ်း နှုတ်ခမ်းပဲ့ခြင်း၊ လမ်းမျက်နှာပြင်ပေါက်ပြဲခြင်းစသည့် ကိစ္စများအတွက် တစ်ကွက်ပေါက်လျှင် တစ်ကွက်ပြင်စနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ပြုပြင်သွားရန်လည်း ညွှန်ကြားချက်များ ပေးပို့ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် လမ်းများနှင့်ပတ်သက်၍ နည်းပညာအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပေါ်ထွက်လာသည့် နည်းပညာအသစ်များကိုလည်း မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်လေ့လာသုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။



ဦးကျော်လင်း၊ ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန



ဦးလှဦး၊ မဲဆန္ဒနယ်အမှတ် (၄)
စစ်ကိုင်းတိုင်းဒေသကြီး

**"လမ်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ကာလအတွင်း လမ်းပျက်စီးမှုများ နည်းပါးမည်ဖြစ်ပြီး ကုမ္ပဏီများ (သို့မဟုတ်) ဝန်ထမ်းများ၏ ကိုယ်ကျိုးရှာမှုများကြောင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းချက်များကို ချိုးဖောက်၍ သတ်မှတ်ကာလအတွင်း ပျက်စီးခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ စိစစ်အရေးယူဆောင်ရွက်သွားမည့်အပြင် တာဝန်ပျက်ကွက်သည့် ကုမ္ပဏီအား အမည်ပျက်စာရင်းတင်သွင်း၍ အရေးယူမှုများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"**

**တည်ဆဲဥပဒေများနှင့် အညီ**

လမ်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တည်ဆောက်ခြင်း၊ထိန်းသိမ်းခြင်းများ ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ကာလအတွင်း လမ်းပျက်စီးမှုများ နည်းပါးမည်ဖြစ်ပြီး ကုမ္ပဏီများ (သို့မဟုတ်) ဝန်ထမ်းများ၏ ကိုယ်ကျိုးရှာမှုများ ကြောင့် အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းချက်များကိုချိုးဖောက်၍ သတ်မှတ်ကာလအတွင်းပျက်စီးခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီစိစစ် အရေးယူဆောင်ရွက်သွားမည့် အပြင်တာဝန်ပျက်ကွက်သည့် ကုမ္ပဏီအားအမည်ပျက်စာရင်းတင်သွင်း၍ အရေးယူမှုများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ်၊ လမိုင်းမြို့နှင့် သောင်ပြင်ကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၃ မိုင် ၄ ဖာလုံရှိ ကျေးရွာချင်းဆက် မြေနီလမ်း၊ တောင်ဘုံကျေးရွာနှင့် သောင်ပြင်ကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၂ မိုင် ၆ ဖာလုံရှိ ကျေးရွာချင်းဆက် မြေနီလမ်းတို့ကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းများ အဖြစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရေးမြို့နယ်၊ လမိုင်းမြို့နှင့် သောင်ပြင်ကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၃ မိုင်၊ ၄ ဖာလုံရှိ ကျေးရွာချင်းဆက်မြေနီလမ်းနှင့်သောင်ပြင်ကျေးရွာနှင့် တောင်ဘုံကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၂မိုင် ၆ဖာလုံရှိ ကျေးရွာချင်းဆက် မြေနီ လမ်းတို့မှာ စုစုပေါင်း လမ်းအရှည် ၆မိုင် ၂ဖာလုံရှိပြီး လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၃၄၄၁ အိမ်နှင့် လူဦးရေ ၁၅၅၀၀ ခန့်တို့အား တိုက်ရိုက်အကျိုးပြုမည် ဖြစ်ပါကြောင်း။

**ရန်ပုံငွေရရှိမှုအပေါ် မူတည်**

လမိုင်းမြို့နှင့် သောင်ပြင်ကျေးရွာ ဆက်သွယ်သောလမ်း အရှည် ၃မိုင် ၄ဖာလုံ အား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင်လည်းကောင်း၊ သောင်ပြင်ကျေးရွာနှင့် တောင်ဘုံကျေးရွာတို့ကို ဆက်သွယ်သော လမ်းအရှည် ၂မိုင် ၆ ဖာလုံအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပြီး ဖြစ်ပါသဖြင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခဲ့သည်။


**အတည်ပြုဆောင်ရွက်နိုင်**

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မြန်မာနိုင်ငံရုံးခွဲ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်မှု၊ လက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို မေ ၂၁ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့မကျေးရွာအုပ်စု တောင်သူ ၁၉ ဦးအား ၂၀၁၈ ခုနှစ် မိုးရာသီဘဏ်ချေးငွေကျပ် ၁၄၈ ဒသမ ၅ သိန်းကို မေ ၁၇ရက်က ရမည်းသင်းစိုက်ပျိုးရေးဘဏ် မန်နေဂျာ ဦးသိန်းဇော်ဝင်းက ထုတ်ချေးပေးစဉ်။

မြန်မာ့အလင်း

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးစတုတ္ထနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာဝင်းအောင်၊ ခင်ဦးမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဒေါက်တာ မေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ဝတ်ရည်လင်း ဦးဆောင်သည့် ရပ်၊ ကျေးအမျိုးသမီးကော်မတီဝင် ၃၈ ဦးနှင့် ဦးဝင်းမင်းလှိုင်သာယာမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်စုလှိုင်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၈၄ ဦး စုစုပေါင်း ၁၂၃ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တက်ရောက်ပြီး ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဦးမျိုးသန့်ဆွေ ဦးဆောင်သည့် ဂျပန်နိုင်ငံသားMr. Hidetomo Aramaki တို့နှင့်အတူ လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# ဝန်ထမ်းကောင်းများဖြစ်ပေါ်လာစေရန်လေ့ကျင့်ပေး

**ရန်ကုန် မေ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ဖြစ်သော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် ၆၉ ၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ် ၃၃ နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် ၁၀၂ သင်တန်းများကို မေ ၁၄ ရက်က သင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်က အားပေးစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်၊ ခံယူချက်၊ ယုံကြည်ချက်မှန်ကန်စွာဖြင့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဗထူး**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။



ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး



ဦးခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်



ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း
အမြဲတမ်းအတွင်းဝန်

❍ *ကျောဖုံးမှ*

ပြန်လည်ထူထောင်ရေးဦးစီးဌာနအသစ်တစ်ခုကို တိုးချဲ့ဖွဲ့စည်း၍ ပြည်သူများ တိုက်ရိုက်အကျိုးကျေးဇူး ခံစားနိုင်စေရန်အတွက် မူဝါဒသစ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများရရှိခဲ့သကဲ့သို့ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ခဲ့ရပါကြောင်း။

**ဥပဒေ၊ နည်းဥပဒေများရေးဆွဲ**

မူဝါဒသစ်များ ချမှတ်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်က ပြဋ္ဌာန်းနိုင်ခဲ့သောကြောင့် လူငယ်များအနေဖြင့် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ကျား-မ ရေးရာနှင့် လူ့အခွင့်အရေးကိစ္စများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် သက်ကြီးရွယ်အိုများအတွက်လည်း အမျိုးသား အဆင့် သက်ကြီးမူဝါဒကို ရေးဆွဲလျက်ရှိပါကြောင်း၊ ကလေး သူငယ်အခွင့်အရေးဆိုင်ရာဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း၊ ပြည့်တန်ဆာ ဆိုင်ရာဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိပြီး အမျိုးသမီး များအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း အပြီးသတ်ရေးဆွဲ၍ အတည်ပြုရန်တင်ပြထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ နည်းဥပဒေနှင့် သက်ကြီးရွယ်အိုဆိုင်ရာ နည်းဥပဒေများကိုရေးဆွဲလျက်ရှိ ပါကြောင်း။

မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများကို လက်တွေ့ကျင့်သုံး ဖော်ဆောင်ရာတွင် ဥပဒေအရ ခံစားရရှိမည့် ပြည်သူများအတွက် တရားမျှတသော ဥပဒေဖြစ်ရန် LEGAL ADVISORY UNIT ကို ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့ပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး၊ မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်း၊ ရင်ခွင်မဲ့ကလေး၊ စွန့်ပစ်ကလေး၊ ကလေးစစ်သား၊ လမ်းပျော် ကလေး၊ သက်ငယ်မုဒိမ်း၊ အမျိုးသမီးအိမ်တွင်းအကြမ်းဖက်မှု နှင့် ဘိုးဘွားစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်၊ ပဋိပက္ခခံစားရသည့်ဒေသများမှ နေရပ်စွန့်ခွာ သူများ ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများတွင် ရပ်ရွာလူထု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့၏ သဘောထားအမြင်တို့ကို မေးမြန်း၍ ရှေ့လုပ်ငန်းစဉ်များ ကဏ္ဍအလိုက်ချမှတ်ခြင်း၊ ရေရှည်စီမံကိန်း လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါ ကြောင်း။

**လူမှုဝန်ထမ်းဦးစီးဌာန**

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည့် မဖြစ်မနေအကောင်အထည်ဖော်ရန် လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ရှစ်ခုရှိပါ ကြောင်း၊ (၁)ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်း၊ (၂) အသက် သုံးနှစ်မှ ၁၅ နှစ်အထိ ကလေး သူငယ်များအား ထောက်ပံ့ခြင်း၊ (၃)မသန်စွမ်းသူများအား ထောက်ပံ့ခြင်း၊ (၄) ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း၊ (၅) လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်း၊ (၆) ပြည်သူများအလုပ် အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ (၇) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ (၈) ဘက်စုံလူမှုကာကွယ်စောင့်ရှောက် ရေးတို့ဖြစ်ရာ ၎င်းတို့အနက်မှ အမှတ်စဉ်(၁)၊ (၂) နှင့်(၅)တို့ကို စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အာဟာရအခြေအနေ နိမ့်ပါးသောဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့တွင် မိခင်တစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လူမှုရေးပင်စင် (Social Pension) ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ် (Case management System) တစ်ရပ် နိုင်ငံအတွင်း ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက် ရာတွင် ယခင် ၂၇ မြို့နယ်မှ ၁၀ မြို့နယ် ထပ်မံတိုးချဲ့ပြီး မြို့နယ် ၃၇ ခုတွင် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများအား လေ့ကျင့် ခန့်ထားပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရာတွင် ကူညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်အကူအညီတောင်းခံ လာသည့် အကြောင်းအရာ ၃၅၉ ခုကို လူမှုဝန်ထမ်းနည်းစနစ် များဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အကူအညီ တောင်းခံလာသောအမှုများအနက် သက်ငယ်မုဒိမ်းမှုများ အပါအဝင် မုဒိမ်းမှုကျူးလွန်ခံရသူ ၈၂ ဦးကို ထောက်ပံ့ကူညီမှုများ ပေးနိုင်ခဲ့ပါကြောင်း။

**၁၂၇ ဝိုင်း တိုးချဲ့ဖွင့်လှစ်**

အမျိုးသမီးများအတွက် ပြဿနာများကို တစ်နေရာ တည်းတွင် ကူညီဖြေရှင်းပေးနိုင်မည့်စင်တာ (One Stop Women Support Center-OSWSC) ဖွင့်လှစ်နိုင်ခဲ့ ပါကြောင်း၊ အဆိုပါစင်တာများသို့ လာရောက်အကူအညီ တောင်းခံသူများအား လိုအပ်ချက်အလိုက် တရားရင်ဆိုင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ရန်လိုအပ်သူ ၉၉ ဦး ကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ငွေကျပ် ၄၉၅ သိန်း ထောက်ပံ့ပေးနိုင်ခဲ့ ပါကြောင်း၊ မူလတန်းကြိုကျောင်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ပြည်သူ့အစိုးရ (၂)နှစ်တာကာလအတွင်း ငါးကျောင်း ထပ်မံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး လာမည့် ဘဏ္ဍာနှစ်အတွင်း ကျောင်း ၂၀ ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနမူလတန်းကြိုကျောင်းများ မဖွင့်လှစ်နိုင်သည့် နေရာဒေသ များတွင် မိခင်ဝိုင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခင်မိခင်ဝိုင်း ၂၇၀ ရှိရာမှ ပြည်သူ့အစိုးရ တာဝန်ယူသည့် (၂)နှစ်တာကာလ အတွင်း ၁၂၇ ဝိုင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ထောက်ပံ့ပေး လျက်ရှိသည့် ရပ်ရွာအတွင်း ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၉၇၉ ကျောင်းနှင့် ပရဟိတဂေဟာ ၂၄၄ ခု၊ ဘိုးဘွားရိပ်သာ ၈၂ ခုတို့ကို ခေတ်ကာလနှင့်လျော်ညီစွာ တိုးမြှင့်ထောက်ပံ့ပေး နိုင်ခဲ့ပါကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် Earthquake Forum များ၊ ငလျင်ဘေးဇာတ်တိုက် လေ့ကျင့်ခန်းများ၊ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက် ပေးခဲ့ပြီး စာသင်ကျောင်းများတွင် ငလျင်ဘေးအသိပညာပေး လေ့ကျင့်မှုများကို ပုံမှန်ပြုလုပ်သွားနိုင်ရေး ပညာရေးဝန်ကြီး ဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လေပြင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာ စေရန်အတွက် အိုးအိမ်များ လေပြင်းဒဏ်ခံနိုင်ရေး နည်းပညာ ပံ့ပိုးပေးခြင်း၊ အိုးအိမ်များပြင်ဆင်အားဖြည့်ခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ် ၁၈ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် ၁၂၉ ခုတို့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင် ယခင်နှစ်ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် လေးခု အပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

**တည်ဆောက်ပေးခဲ့**

၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းပြီးနောက်ပိုင်း တွင် သဘာဝဘေးများ ဖြစ်ပွားလာပါက အရေးပေါ်ယာယီခိုလှုံ ရန်နေရာများအဖြစ် အသုံးပြုနိုင်ရန် Cyclone Shelter များကို တည်ဆောက်ပေးခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အထိ ကာလအတွင်း တည်ဆောက်ပြီးစီးမှုမှာ စုစုပေါင်း ၉၃ လုံး ဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် တည်ဆောက် ပြီး ၁၀ လုံး၊ တည်ဆောက်ဆဲ ၁၆ လုံး၊ ထပ်မံဆောက်လုပ်မည့် Shelter မှာ ၈၇ လုံးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၏ ရှင်းလင်းမှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများက သဘာဝဘေးအန္တရာယ် ကျရောက်မှု အပေါ် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည့်တန်ဆာဥပဒေ ရေးဆွဲဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရခိုင်ပြည်နယ် ဒုက္ခသည်စခန်းများ ပိတ်သိမ်းမှုအခြေအနေနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သွားသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း၊ သက်ကြီးဘိုးဘွားများ အား ထောက်ပံ့ဆောင်ရွက်မည့်အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ တိုင်ကြားမှုဖြစ်စဉ်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ရေးဥပဒေ ဆောင်ရွက်မှု နှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းကြရာ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

ယင်းနောက် **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက် ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဌာန၊ အဖွဲ့အစည်းပေါင်း ၂၀ ရှိပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသား စီမံကိန်းဥပဒေကို ရေးဆွဲထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံချက် (Myanmar Sustainable Development Plan - MSDP) ကိုလည်း ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုနှင့်**
**ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရ အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ များတွင် ဆောင်ရွက်နိုင်ရေး လုပ်ပိုင်ခွင့်ခွဲဝေ ပေးခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မတည်ငွေရင်း ပမာဏ အမေရိကန် ဒေါ်လာ ငါးသန်း၊ ကျပ်သန်း ၆၀၀၀ အထိ လုပ်ငန်းများကို တိုင်း ဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြု မိန့်ထုတ်ပေးပြီး ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ထို့ပြင် ဝင်ငွေခွန် ကင်းလွတ်ခွင့် သက်သာခွင့်များ ခံစားနိုင်ရန်အတွက် ဖွံ့ဖြိုး တိုးတက်မှုဇုန်ကို အဆင့်သုံးဆင့်သတ်မှတ်၍ ဖွံ့ဖြိုးမှုနည်းပါး သော ဒေသများအား ဇုန် ၁ အဖြစ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသောဒေသများအား ဇုန် ၂ အဖြစ်သတ်မှတ်ပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်နှင့် ဖွံ့ဖြိုးမှုရှိသောဒေသများအား ဇုန် ၃ အဖြစ်သတ်မှတ်ပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့် သုံးနှစ် စသည်ဖြင့် ခံစားခွင့်ပြုပေးထား ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးချဲ့ထူထောင် ဆောင်ရွက် နေမှုများကို အရင်းအနှီးနည်းနည်းဖြင့် လုပ်ကိုင်လိုသူများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှတ်ပုံတင်ကြေးကို ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ငွေကျပ် ၁၀ သိန်းမှ ငါးသိန်းအထိ လျှော့ချခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် မှစ၍ ငွေကျပ် ငါးသိန်းမှ နှစ်သိန်းခွဲသို့ လည်းကောင်း ထပ်မံလျှော့ချပေးခဲ့ပါကြောင်း၊ မှတ်ပုံတင်ကြေးဖြေလျှော့မှုကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြန်မာကုမ္ပဏီ ၆၇၂၈ ခုနှင့် နိုင်ငံခြား ကုမ္ပဏီ ၁၁၇၂ ခုရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာကုမ္ပဏီ ၉၁၄၇ ခုနှင့် နိုင်ငံခြားကုမ္ပဏီ ၁၃၂၂ ခု သိသိသာသာ တိုးတက်လာခဲ့ ပါကြောင်း၊ ၂၀၁၈ ခုနှစ် မတ် ၁၉ ရက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၃၀၇ ဒသမ ၂၀၇သန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၃၆၃၂ ဒသမ ၂၄၁ ဘီလီယံရှိပြီး အလုပ်အကိုင်နေရာပေါင်း ၁၀၆၂၇၃ နေရာ ရှာဖွေပေးနိုင်ခဲ့ ပါကြောင်း။

**စီမံကိန်းစိစစ်ရေးနှင့်**
**တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ခရိုင် ၂၅ ခရိုင်တို့၏ လုပ်ငန်းနှင့်လုပ်ငန်းစီမံကိန်း စုစုပေါင်း ၄၀၁၆ ခုအား မြေပြင် ကွင်းဆင်းစိစစ်ခဲ့ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြေနှင့် အဆောက်အဦ၊ တိုက်ခန်း၊ မြေကွက်များအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြောင်းလဲ၍ ပွင့်လင်းမြင်သာစွာဖြင့် ရောင်းချဆောင်ရွက်ခဲ့ ပါကြောင်း။

**ဗဟိုစာရင်းအင်းအဖွဲ့**

ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ စာရင်းအင်း စနစ် ခိုင်မာအားကောင်းလာစေရန် စာရင်းအင်းဥပဒေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် မြန်မာ နိုင်ငံအတွက် ရရှိလာမည့် ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံတော် နှင့် ပြည်သူ့အတွက် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် ဖွံ့ဖြိုးမှု ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) ကို ဖွဲ့စည်းခဲ့ပြီး ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာမူဝါဒ (Development Assistance Policy - DAP) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန် ကြေညာခဲ့ပါကြောင်း။

**မြန်မာ့စီးပွားရေးဘဏ်**

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA မှ ODA ချေးငွေရယူ၍ နှစ်ဆင့်ချေးငွေ (Two Step Loan) အစီ အစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ Owned Fund ဖြင့် SME လုပ်ငန်းရှင်များသို့ ထုတ်ချေးသည့် အစီအစဉ်ဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူလယ်သမား များအား သုံးနှစ်မှ ငါးနှစ်သက်တမ်းရှိ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်း၊ အိမ်ရာစီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် သုံးနှစ်သက်တမ်းရှိ နှစ်လတ် ချေးငွေအား ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ ပါကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် CUSTOMER များအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁) နှစ်တာကာလအတွင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အနေဖြင့် နိုင်ငံတော်သို့ ဝင်ငွေခွန်ကျပ်သန်း (၇၇၉၁ ဒသမ ၇၀) နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေကျပ်သန်း (၇၉၅၆ ဒသမ ၄၀) ထည့်ဝင်ပေးဆောင်နိုင်ခဲ့ပါကြောင်း။

**တိုးမြှင့်ထည့်ဝင်ပေး**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်သို့ ဝင်ငွေခွန်ကျပ် ၉ ဒသမ ၁၂ ဘီလီယံ ပေးဆောင်နိုင်ခဲ့ပြီး နိုင်ငံတော်ထည့်ဝင်ငွေကျပ် ၈ ဒသမ ၉၉ ဘီလီယံ တိုးမြှင့်ထည့်ဝင်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တစ်ဧက ၁ သိန်းနှုန်းထုတ်ချေးခဲ့ရာမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ယခုအစိုးရသစ်လက်ထက်တွင် တောင်သူလယ်သမားများသို့ တစ်ဧက ၁ သိန်း ၅ သောင်း နှုန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် အခြားသီးနှံတစ်ဧကလျှင် ၂ သောင်းကျပ်နှုန်းမှ ၅ သောင်းကျပ်နှုန်းသို့ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ချေးငွေကျပ် ၁၆၃၁ ဘီလီယံ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၇၀၇ ဒသမ ၇၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၃၃၈ ဒသမ ၇၀ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း။

**ဝင်ငွေ ပိုမိုတိုးတက်ရှာဖွေပေး**

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် တောင်သူလယ်သမားအသက်အာမခံလုပ်ငန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီလကုန်အထိ အသက်အာမခံထားရှိသူ ၄၁၄၀၇ ဦးအတွက် ဝင်ငွေကျပ် ၅၈ ဒသမ ၇၉ သန်းရရှိပြီး အကြောင်းအမျိုးမျိုးကြောင့် နစ်နာဆုံးရှုံးသူတောင်သူလယ်သမား ၄၀ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၃၆ သန်းပေးလျော်ခဲ့ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်ငွေကျပ် ၅၆ ဘီလီယံဖြစ်ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ဝင်ငွေကျပ် ၆၁ ဘီလီယံ ရရှိခဲ့သဖြင့် ယခင်နှစ်ထက် ၅ ဘီလီယံခန့် နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက်ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ရာမှာ လျင်မြန်စွာအဆင်ပြေဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစပြီး ONLINE TAX PAYMENT ဖြင့် ပုဂ္ဂလိကဘဏ်မှတစ်ဆင့် အခွန်ပေးသွင်းခြင်းကို ပထမအဆင့်အဖြစ် ရန်ကုန်မြို့ရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (၁) (၂) (၃) တို့တွင် စတင်အသုံးပြုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို ယခင် MANUAL စနစ်နှင့်ဖိုင်များ၊ စာရွက်စာတမ်းဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိခဲ့ရာမှ မြန်မာ့အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက် မှ စတင်ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့သဖြင့် အချိန်မြန်စေခဲ့ပြီး စရိတ်သက်သာစေခဲ့ပါကြောင်း။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအတွက် ဝန်ကြီးဌာန အင်တာနက်စာမျက်နှာမှတစ်ဆင့် သုံးလပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာများ၊ (IN YEAR REPORT)၊ ဘတ်ဂျက်အဆိုပြုလွှာ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေ၊ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်၊ နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာတို့ကို အများပြည်သူသို့ ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ငွေတိုက်ဦးစီးဌာနအနေဖြင့် ငွေကြေးစီမံခန့်ခွဲမှုဌာနခွဲသည် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ပေးပို့လာသည့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်လစဉ်ငွေသားစီမံချက်များရေးဆွဲခြင်း၊ ၎င်းငွေသားစီမံချက်အပေါ်အခြေခံ၍ သုံးလပတ်အလိုက် အမှန်စာရင်းများနှင့် ခန့်မှန်းစာရင်းများနှိုင်းယှဉ်၍ လအလိုက်ဖြစ်ပေါ်သည့်ပိုငွေ၊ လိုငွေများစာရင်းပြုစုခြင်း၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တို့၏ ခန့်မှန်းနှင့် အမှန်စာရင်းများ နှိုင်းယှဉ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေဖို့အတွက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၇၆ ဖွဲ့အား လုပ်ကိုင်ခွင့်ပြုပြီး ချေးငွေများထုတ်ချေးလျက်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ချေးငွေကျပ် ၂၄၇၉ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချေးငွေကျပ် ၄၁၂၉ ဘီလီယံထုတ်ချေးပေးခဲ့ပါကြောင်း။

ပင်စင်ဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းလစာရပ်ဆိုင်းသည့်လတွင် ပင်စင်လစာတစ်ဆက်တည်းခံစားခွင့်ရရှိရေးအတွက် တစ်လအတွင်း ပင်စင်နှင့်ဆုငွေ ခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံမှု ၁၉၉ မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု ၃၅ မှုနှင့် တံဆိပ်ခေါင်းခွန်ပြင်ဆင်မှုတစ်မှု စုစုပေါင်း ၂၃၅ မှု တင်သွင်းလျှောက်ထားခဲ့ပြီး အဆိုပါ အမှုများအနက်မှ အကောက်ခွန်အယူခံမှု ၁၈၀၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု ၂၃ မှု၊ စုစုပေါင်း ၂၀၃ မှုအား ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ပါကြောင်း။

**အရောင်းအဝယ်ဆောင်ရွက်ခွင့်ပြု**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေဖြင့် အများနှင့် သက်ဆိုင်သော ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI)၊ မြန်မာ သီလဝါအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းလီမိတက် (MTSH)၊ မြန်မာနိုင်ငံသားများ ဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB)၊ TMH TELECOM CO.,LTD တို့သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင် ကုမ္ပဏီများဖြစ်လာကြပြီး အစုရှယ်ယာများကို အရောင်းအဝယ်ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက** ဝန်ကြီးဌာနအနေဖြင့် သစ်ထုတ်လုပ်မှုသုံးသပ်ခြင်းအပိုင်းနှင့် ဆောင်ရွက်ခြင်းတွင် ကျွန်းအပါအဝင် အဖိုးတန်သစ်တောကြီးများရှိသည့် ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှုအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ၁၀ နှစ်ရပ်နားခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး နှစ်စဉ်ခုတ်လှဲခွင့်ပြုသည့် (Annual Allowable Cut- AAC ) အရေအတွက်ထက် လျှော့ချထုတ်လုပ်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျွန်းနှင့်သစ်မာထုတ်လုပ်ရာတွင် ကျွန်းနှစ်စဉ် တောထွက်၏ ၅၅ ရာခိုင်နှုန်းနှင့် သစ်မာနှစ်စဉ်တောထွက်၏ ၃၁ ရာခိုင်နှုန်းသာ ထုတ်လုပ်ခဲ့ခြင်း၊ သစ်ထုတ်လုပ်ခြင်းအား မြန်မာ့သစ်လုပ်ငန်းမှသာ တာဝန်ယူဆောင်ရွက်ခြင်းတို့ဆောင်ရွက်ခဲ့ပါကြောင်း။

**“၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း ငှက်ဖျားရောဂါကင်းဝေးရေးကို ဦးတည်၍ ဆောင်ရွက်လျက်ရှိ၊ ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် ပြည်သူအားလုံးဆေးကျွေးခြင်း လုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး အနာကြီးရောဂါလူနာသစ်ပေါင်း ၄၈၈၈ ဦးကို ဆေးဝါးကုသပေးနိုင်ခဲ့၊ တစ်နိုင်ငံလုံးတွင် မျက်စိအတွင်းတိမ်ခွဲစိတ်မှုပေါင်း ၂၂၂၇၃၀ ပြုလုပ်နိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်ရှိ နိုင်ငံပိုင်ဆေးရုံကြီး ခုနစ်ရုံတွင် အသားရောင်အသားဝါ စီရောဂါပိုး ကူးစက်ခံရသူများအနက် ၂၀၀၀ ကို anti-viral ဆေးများ အခမဲ့တိုက်ကျွေးနိုင်ခဲ့”**

ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအခြေခံသော ခရီးသွားစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ခရီးသွား ဆင်စခန်း ၁၈ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

**နိုင်ငံလုံးဆိုင်ရာဆုရရှိ**

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတိုးတက်ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၃၃၀၇၇ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက် မှ ၁၆ ရက်အထိ ကျင်းပခဲ့သော (၁၈) ကြိမ်မြောက် Energy Globe Award ဆုပေးပွဲ၌ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံကျေးရွာဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ ၂၀၁၇ ခုနှစ်အတွက် နိုင်ငံလုံးဆိုင်ရာဆု (Energy Globe National Award) ရရှိခဲ့ပါကြောင်း။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား မူလရည်မှန်းချက်များအောင်မြင်ရေးအတွက် ဥယျာဉ်အုပ်ချုပ် လုပ်ကိုင်မှုစီမံချက် (Park Management Plan) များ ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၇) (Myanmar Elephant Conservation Action Plan- MECAP 2018-2027) ကို ရေးဆွဲနိုင်ခဲ့ပါကြောင်း။

တရားမဝင်သစ်ကာကွယ်တားဆီးမှု သုံးသပ်ခြင်းနှင့် ဆောင်ရွက်ချက်အပိုင်းတွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားစုစုပေါင်း (၄၂၈၉၃ ဒသမ ၄၃၁၆) တန်၊ တရားခံ ၆၅၉၁ ဦး (နိုင်ငံခြားသား ၁၉ ဦးအပါအဝင်)၊ ယာဉ်၊ ယန္တရား ၃၁၉၂ စီး ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း ၃၈၈၈ ဒသမ ၄၇ ဧက၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း ၃၇၀၀၀ ဧက ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲခြင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိရေး ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ခိုင်မာအားကောင်းစေခြင်း တို့ကိုလည်း အဆင့်ဆင့် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ရှင်းလင်းသည်။

**မှတ်တမ်းတင်ထားရ**

အလားတူ **သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးက** ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာများကို အကန့်အသတ်ဖြင့် တူးဖော်ထုတ်လုပ်ခြင်းအပိုင်းတွင် ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှစ၍ ကျောက်မျက်လုပ်ကွက်အသစ်များ ခွင့်ပြုပေးခြင်းမပြုဘဲ ရပ်ဆိုင်းထားရှိခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ သက်တမ်းကုန် ကျောက်မျက်လုပ်ကွက်များကိုလည်း ထပ်မံသက်တမ်းတိုးခွင့်မပြုဘဲ၊ လစ်လပ်လုပ်ကွက်များအဖြစ် မှတ်တမ်းတင်ထားရှိခြင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှစ၍ ဓာတ်သတ္တုလုပ်ကွက်အသစ်များ ခွင့်ပြုပေးခြင်းမပြုဘဲ ရပ်ဆိုင်းထားရှိခြင်း၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းအပိုင်းတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ နည်းဥပဒေအသစ်အရ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လုပ်ကွက်များအား ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်းအပိုင်းတွင် ၂၀၁၇ ခုနှစ် မေလမှ စတင်ပြီး ဝန်ကြီးဌာနပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့ဖြင့် စီမံချက်ချမှတ်ပြီး စစ်ဆေးလျက်ရှိပါကြောင်း၊ ဓာတ်သတ္တုလုပ်ကွက် ၄၃၈ ကွက်ကို စစ်ဆေးနိုင်ခဲ့ပြီး လိုအပ်ချက်များ၊ အားနည်းချက်များကို ပြုပြင်ထိန်းကျောင်း တည့်မတ်ပေးနိုင်ခဲ့ပါကြောင်း။

EITI လုပ်ငန်းများ ဆောင်ရွက်ခြင်းအပိုင်းတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် EITI ဦးဆောင်ကော်မတီကို ပြည်ထောင်စုဝန်ကြီးအပါအဝင် အဖွဲ့ဝင်(၄)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး EITI လုပ်ငန်းကော်မတီနှင့် အစိုးရ၊ ကုမ္ပဏီနှင့်အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG)ကို ဖွဲ့စည်းခဲ့ပါကြောင်း။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်နှင့် ရေဦးမြို့နယ်ဝန်းကျင်ဒေသများတွင် ဘူမိဗေဒမြေပုံရေးဆွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇုံဒေသတွင် ထုံးကျောက်အသေးစိတ် စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ကျောက်မျက်ရတနာမူဝါဒ၊ အမျိုးသားသယံဇာတမူဝါဒရေးဆွဲခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားစီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်တွင် သတ္တု၊ ကျောက်မျက်၊ ပုလဲကဏ္ဍတို့မှ ထုတ်လုပ်မှုတန်ဖိုးငွေ (၅၄၁ ဒသမ ၆၂၉) ဘီလီယံလျာထားပြီး ငွေကျပ် (၇၄၁ ဒသမ ၉၇၂) ဘီလီယံ ရရှိခဲ့သဖြင့် (၁၃၆ ဒသမ ၉၉) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိ**

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ **ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လူတိုင်းလက်လှမ်းမီသော သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်ကို ပြည်သူ့ထံမှ ထုတ်ယူသုံးစွဲရသည့် ကျန်းမာရေးစရိတ်များလျော့ကျစေရန် ပြည်သူများ၏ ကျန်းမာရေးအသိပညာမြင့်မားလာစေရန်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးသူငယ်များအတွက် ရောဂါကာကွယ်ဆေး ၁၁ မျိုး ထိုးနှံပေးခြင်းနှင့် တိုက်ကျွေးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ပြည်လုံး၌ ကျောင်းသားဦးရေ (၈ ဒသမ ၇သန်း) ခန့်ရှိသည့်အတွက် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးရှိ ကျောင်းများ၏ ၉၇ ရာခိုင်နှုန်းခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ ပြီး တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် သန်ချဆေးနှစ်ကြိမ်တိုက်ကျွေးခြင်း (School Deworming)သည် ကျန်းမာရေးအတွက် အထူးအကျိုးရှိသဖြင့် ဆက်လက်ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း ငှက်ဖျားရောဂါကင်းဝေးရေးကို ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအတွက် ပြည်သူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး အနာကြီးရောဂါလူနာသစ်ပေါင်း ၄၈၈၈ ဦးကို ဆေးဝါးကုသပေးနိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် မျက်စိအတွင်းတိမ်ခွဲစိတ်မှုပေါင်း ၂၂၂၇၃၀ ပြုလုပ်နိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ နိုင်ငံပိုင် ဆေးရုံကြီးခုနစ်ရုံတွင် အသားရောင်အသားဝါ စီရောဂါပိုး ကူးစက်ခံရသူများအနက် ၂၀၀၀ ကို anti-viral ဆေးများ အခမဲ့တိုက်ကျွေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ လူနာပေါင်း ၁၆၇၁ ဦးကို ကုသပေးနိုင်ခဲ့ပါကြောင်း။

အလွန်ပြင်းထန်ပြီး ကူးစက်မြန်သောရောဂါ ရှာဖွေရေးအတွက် ကမ္ဘာ့ရန်ပုံငွေ အထောက်အပံ့ဖြင့် ဇီဝလုံခြုံမှု အဆင့် ၃ ရှိသော ဓါတ်ခွဲခန်းနှစ်ခုကို တောင်ကြီးနှင့် အင်းစိန်တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မကူးစက်နိုင်သော ရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အမျိုးသား မဟာဗျူဟာစီမံကိန်း ၂၀၁၇-၂၀၂၁ နှင့် မြန်မာနိုင်ငံအမျိုးသား ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၁)များကို ရေးဆွဲခဲ့ပြီး Population Based Cancer Registry ကိုလည်း နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်ခေါင်းဖွင့်နှလုံးခွဲစိတ်ကုသခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် လူနာပေါင်း ၁၂၈၇ ဦးကို ကုသပေးနိုင်ခဲ့ကာ အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းကျော်ဖြစ်ပါကြောင်း၊ နှလုံးသွေးကြောချဲ့ကုသမှုများကို လျင်မြန်စွာလုပ်ဆောင်နိုင်ရန် Cardiac Cath Lab များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပဆေးရုံကြီးတို့တွင် ဖွင့်လှစ်၍ လူနာပေါင်း ၈၁၆၂ ဦးကို ကုသပေးနိုင်ခဲ့ပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဌာနတွင် လက်ကောက်ဝတ်မှ ပြတ်ခြင်း၊ လက်ချောင်းပြတ်တောက်ခြင်းများကို ပြန်လည်ဆက်ပေးခြင်း၊ အစားထိုးခြင်းများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အထူးအလေးထားဆောင်ရွက်**

ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအား အသစ်တည်ဆောက်ခဲ့ရာတွင် ကျေးလက် ကျန်းမာရေးဌာနအသစ် ၁၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၂ ခု အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း (Community Health Clinic) များအား ဌာနပေါင်း ၁၇၉၆ ခုတွင် ဆေးခန်းများ ဖွင့်လှစ်လျက်ရှိပြီး မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်း၊ ၅ နှစ်အောက်ကလေးကျန်းမာရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း၊ သွေးတိုး၊ နှလုံး၊ ဆီးချို စသည့် မကူးစက်တတ်သောရောဂါများနှင့် ပတ်သက်သောလုပ်ငန်းများဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးရာနေရာငယ်များ (Health Education Corner) ထားရှိခြင်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများအတွက် တိုင်းရင်းဆေးရုံ၊ ဆေးခန်း၊ စုစုပေါင်း ၂၄၁ ရုံ ဖွင့်လှစ် ကုသပေးလျက်ရှိရာ ပြင်ပလူနာ ၁၅၁၂၃၀၀ နှင့် အတွင်းလူနာ ၂၉၈၆၈ ဦးတို့ကို အခမဲ့ကုသပေးနိုင်ခဲ့ပါကြောင်း။

ပြည်သူများသည် စစ်မှန်သော အစားအစာနှင့်ဆေးဝါးများ သုံးစွဲနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၎င်းဓာတ်ခွဲခန်းသည် အမေရိကန်အခြေစိုက် ANAB (ANSI-ASO National) Accreditation Board မှ ပေးအပ်သော ISO 17025 Certificate ကိုရရှိခဲ့ပါကြောင်း။

FDA ခရိုင်ရုံး ၂၄ ရုံးကိုလည်း တည်ဆောက်လျက်ရှိပြီး အဆိုပါရုံးများတွင် အစားအသောက်နှင့် ဆေးဝါးအန္တရာယ်ကို စစ်ဆေးပေးနိုင်သည့် ခေတ်မီဓာတ်ခွဲခန်းများလည်း ပါဝင်မည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၀ သို့*

# စစ်တွေမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၆၉၈၀ ထုတ်ချေးသွားမည်

**စစ်တွေ မေ ၁၇**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲ၌ ယနေ့ စတင်ထုတ်ချေးလျက်ရှိသည်။ (**ယာပုံ**)

"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲကနေ ၂၀၁၈ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေတွေကို ဒီနေ့ စတင်ထုတ်ချေးပေးနေပါတယ်၊ စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာအုပ်စုနဲ့ အောင်တိုင်ကျေးရွာအုပ်စုက တောင်သူ ၁၂၅ ဦးကို မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၉၃၇ သိန်း ၅ သောင်း ထုတ်ချေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲမန်နေဂျာ ဦးစံညွန့်က ပြောသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမှုပုံစံပြောင်းလဲထားကြောင်းကိုလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

"လွန်ခဲ့တဲ့နှစ်က ဒီလို ချေးငွေထုတ်ချေးမယ်ဆိုရင် တောင်သူ သုံးဦးအစုအဖွဲ့ဖြစ်မှ ထုတ်ချေးပေးပါတယ်၊ တကယ်လို့ အဲဒီ သုံးဦးအဖွဲ့ထဲက တစ်ဦးဦးက ချေးငွေပြန်မဆပ်ရင် အဲဒီအဖွဲ့ကို ချေးငွေအသစ် ထုတ်မချေးပေးပါဘူး၊ အခု တောင်သူတစ်ဦးချင်းစီကို ထုတ်ချေးပေးမှာ ဖြစ်ပါတယ်၊ အရင်နှစ်တွေက တောင်သူတွေ ပိုင်ဆိုင်တဲ့ ပုံစံ - ၇ မိတ္တူကို ဘဏ်ကို ပေးရပါတယ်၊ ဒီနှစ်မှာ ပုံစံ - ၇ ကို အပ်နှံရမှာဖြစ်ပါတယ်၊ တောင်သူတွေအနေနဲ့ ချေးငွေနဲ့အတိုး ပြန်လည်ပေးဆပ်ပြီးမှသာ ပုံစံ- ၇ ကို ပြန်လည် ရရှိမှာဖြစ်ပါတယ်၊ တစ်ဧကကို ကျပ်တစ်သိန်းခွဲနှုန်း ထုတ်ချေးတာ ဖြစ်ပြီး လုပ်ကွက်ငယ်တောင်သူတွေကို ဦးစားပေးတဲ့အနေနဲ့ အများဆုံး ၁၀ ဧကအထိ ထုတ်ချေးသွားမှာ ဖြစ်ပါတယ်၊ တစ်ရာသီ နှစ်ချင်းဆပ်အစီအစဉ်ဖြစ်ပါတယ်။

"ဒီနှစ် စိုက်ပျိုးစရိတ်ချေးငွေတွေကို မေလနဲ့ ဇွန်လအတွင်း အပြီးထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်၊ စစ်တွေမြို့နယ်အတွင်း စိုက်ပျိုးဧက ၁၁၃၂၀ အတွက် တောင်သူ ၂၄၀၀ ကို မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၁၆၉၈၀ ထုတ်ချေးသွားမှာ ဖြစ်ပါတယ်"ဟု စစ်တွေဘဏ်ခွဲမန်နေဂျာ ဦးစံညွန့်က ရှင်းပြသည်။

အောင်တိုင်ကျေးရွာအုပ်စုမှ တောင်သူ ဦးထွန်းမောင်စိန်က "မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ရတော့ ပျော်တယ်၊ ကျွန်တော့်မှာ စိုက်ပျိုးဧက ၄ ဧက ရှိတဲ့အတွက် ၆ သိန်းရတယ်၊ ဒီချေးငွေတွေနဲ့ ဒီနှစ်မိုးရာသီမှာ မနှစ်ကထက် စပါးပိုထွက်အောင် ကောင်းကောင်းစိုက်မယ်"ဟု ပြောသည်။

**မင်းမင်းဇော်(ကလေး)၊ ဓာတ်ပုံ- ကိုသစ္စာ**



---

**ကျောဖုံးမှ**

မစ္စတာရှာဟီဒူလ်ဟတ်ခ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြန်လည်ဝင်ရောက်လာသူများအတွက် အဆင်ပြေစေမည့် ပတ်ဝန်းကျင် ဖန်တီးထားရှိမှုအခြေအနေ၊ လုံခြုံရေးအစီအမံများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ၏ လက်ရှိအခြေအနေ၊ နိုင်ငံတကာနယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်လျက်ရှိသည့် နေရပ်စွန့်ခွာသူများနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများနှင့် လူမှုအသိုက်အဝန်းနှစ်ခုအကြား ယုံကြည်မှုတည်ဆောက်ရေးနှင့် ပြန်လည်ဝင်ရောက်လာမည့်သူများအကြား ဘင်္ဂလားဒေ့ရှ်ဘက်မှ သတင်းအချက်အလက်များ ဖြန့်ဝေဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပြန်လည်ခေါ်ယူရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ ပါဝင်နိုင်မှုအခြေအနေတို့နှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့မှ UEHRD လုပ်ငန်းစဉ်များအပါအဝင် ပြန်လည်လက်ခံရေးအတွက် စီစဉ်ထားမှုများ၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း စိစစ်ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးမှုအခြေအနေနှင့် ပြန်လည်ခေါ်ယူရေး၊ နေရာချထားရေးနှင့် ပေါင်းစည်းရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆွေးနွေးနေမှုအခြေအနေများကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် စိစစ်ပြီးနေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရန် ကြိုးပမ်းဆောင်ရွက်ထားရှိမှုနှင့် အဆင်သင့်ဖြစ်နေမှုများကို ထပ်လောင်းပြောကြားခဲ့ပြီး၊ ယခင်ပေးပို့ထားသည့် စိစစ်အတည်ပြုပြီး အစ္စလာမ်ဘာသာဝင် ၇၇၈ ဦးနှင့် ဟိန္ဒူဘာသာဝင် ၄၄၄ ဦးအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လက်ခံရရှိခဲ့သည့် ၈၀၃၂ ဦးအနက်(၂၀၁၈ ခုနှစ်၊ မေ ၂ ရက်အထိ)စိစစ်ပြီး ၁၁၀၁ ဦးအား ဆောလျင်စွာ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် စတင်ရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တိုက်တွန်းပြောကြားခဲ့သည်။

**နှစ်နိုင်ငံနယ်နိမိတ်မျဉ်း**

၁၉၉၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နတ်မြစ်မြောက်ပိုင်း ကုန်းနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄ ပါ အချက်ကို ချိုးဖောက်လျက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး အဆောက်အအုံ မဆောက်လုပ်ရ ဇုန်အတွင်း ဆောက်လုပ်ထားသည့် အဆောက်အအုံများ ဖျက်သိမ်းပစ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား တောင်းဆိုခဲ့သည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့် စိစစ်ရေးပုံစံများနှင့် ပတ်သက်၍ ပြန်လည်ဝင်ရောက်မည့်သူများအကြား နားလည်သဘောပေါက်မှု မြှင့်တင်ရန် ဆောင်ရွက်သွားမည့် အစီအမံများအပါအဝင် ဘင်္ဂလားဒေ့ရှ်ဘက်၌ ကြားစခန်းများဆောက်လုပ်ပြီးစီးမှု အခြေအနေတို့နှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်ဘက်သို့ မေးမြန်းခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးအတွက် စဉ်ဆက်မပြတ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ အသိုက်အဝန်းများအကြား သဟဇာတဖြစ်မှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ပြန်လည်ရရှိစေရန်နှင့် ပတ်ဝန်းကျင်ဖန်တီးရာတွင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အတူတကွ လက်တွဲဆောင်ရွက်သွားရန် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တိုက်တွန်းပြောကြားခဲ့သည်။

**ပြန်လည်ခေါ်ယူရေး လုပ်ငန်းစဉ်**

ယင်းသို့ ဆောင်ရွက်ရာတွင် နှစ်ဖက်အပြန်အလှန်နားလည်မှု၊ ဓမ္မဓိဋ္ဌာန်ကျကျ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို လေးစားလိုက်နာရေးသည် ပြန်လည်ခေါ်ယူရေး လုပ်ငန်းစဉ်တွင် ကောင်းမွန်သောရလဒ်များ ရရှိစေမည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

တတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးအား နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပမည့် နေ့ရက်နှင့်အချိန်တို့အား သံတမန်လမ်းကြောင်းမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

---

**စာမျက်နှာ ၉ မှ**

ကျန်းမာရေးကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သလို အားကစားကဏ္ဍကိုလည်း ရရှိသည့် ဘဏ္ဍာငွေအတွင်းမှ အစွမ်းကုန်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူများ ကိုယ်လက်လေ့ကျင့်လှုပ်ရှားမှုများကို လေကောင်းလေသန့်ရသည့်နေရာများတွင် လေ့ကျင့်ဆောင်ရွက်နိုင်ရေးအတွက် Outdoor Fitness Equipment များ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ၆၇၅ စုံ တပ်ဆင်ပေးပြီးဖြစ်ပါကြောင်း။

**အားကစားသမားများ ပိုမိုပေါ်ထွက်လာနိုင်**

အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)နှင့် မုံရွာကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်း ရှိလာပြီး လက်ရွေးစင် အားကစားသမားများ ပိုမိုပေါ်ထွက်လာနိုင်တော့မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး B.Sc(Sports) သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၇၀ ပေါ်ထွက်လာခဲ့ပြီး လက်ရှိတွင် ဒုတိယနှင့် ရတနာပုံတက္ကသိုလ်တို့၌ ကျောင်းသားပေါင်း ၂၀၇ ဦး တက်ရောက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများက ထီလက်မှတ်ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းထက် ပို၍ ရောင်းချနေသည့်အပေါ် ဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်ပအာမခံကုမ္ပဏီများအား အထူးစီးပွားရေးဇုန်များတွင် ခွင့်ပြုလုပ်ကိုင်ပေးနေသည့် အခြေအနေ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မွေးမြူရေးနှင့် ကုသရေးတို့ ပူးပေါင်းပြီး ကျွဲ၊ နွားများကို မှတ်ပုံတင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ရာသီဥတုပြောင်းလဲမှုလျော့ချရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့် ပတ်သက်၍ ရွှေအကြွေးကျန်သည့် ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်နေမှုအခြေအနေ၊ တောဆင်ရိုင်းများ အသတ်ခံနေရမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေ၊ သစ်ထုတ်လုပ်မှု ရပ်ဆိုင်းထားမှုနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းများ တည်ထောင်ခွင့်ပြုထားသည့် အခြေအနေ၊ သစ်တောပြန်လည်တည်ထောင်ရေး ၁၀ နှစ် စီမံကိန်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် ပတ်သက်၍ လုပ်ဆောင်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆရာဝန် လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေ၊ ဆေးဝါးလိုအပ်ချက်အား ဖြည့်တင်းနိုင်ရန် တင်ဒါခေါ်ယူနေမှုအခြေအနေ၊ ရန်ကုန်ဆေးရုံကြီးသို့ လာရောက် ဆေးဝါးကုသသူများနှင့် လူနာစောင့်များ၏ နေရေး၊ ထိုင်ရေးနှင့် စားသောက်ဆိုင်၊ ဈေးဆိုင်များအား စီမံခန့်ခွဲနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**

---

# ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦး လွှဲပြောင်းပေးအပ်

**တာချီလိတ် မေ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦးကို မေ ၁၆ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံ Border Pass သက်တမ်းလွန်ခြင်း၊ အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခု လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦးအပါအဝင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၆ ရက်အထိ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၁၉၆ ဦး၊ အမျိုးသမီး ၈၈ ဦးနှင့် ကလေး ၁၁ ဦး စုစုပေါင်း ၂၉၅ ဦး ရှိပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

---

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၁၂ ရက်မှ မေ ၁၆ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သမီးများနှင့်အမေများ | မောင်ထွန်းသူ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂ | စကားလည်းတတ်၊ ဂရမ်မာလည်းတတ်-၂ | Saya Harry Khoo | ၁၅၀၀ | လဝန်းစာပေ |
| ၃ | မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း | မင်းပုည | ၆၀၀ | အားမာန်သစ် |
| ၄ | သုညနှစ်ကာလများ | မောင်သာချို | ၂၀၀၀ | စိတ်ကူးချိုချို |
| ၅ | သတ္တုခေတ်မှအသံများ | သော်ဒီဝေ | ၅၀၀၀ | Smart |
| ၆ | စိတ်ခတ်ကျောက် | ညီလင်းနိုင် | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၇ | နစ်ဆင်အထီးကျန် နိုင်ငံရေးသမား | ကျော်ထက်ထွန်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၈ | တန်ဖိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ | မင်းသူရိန် | ၁၃၀၀၀ | စိတ်ကူးချိုချို |
| ၉ | ကျွန်ချစ် | ခင်မောင်ကြီး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၀ | ပြန်ပေး | မြင့်ဇော် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၁ | ချစ်ခဲ့မိသမျှဆူးခဲ့ရသော် | ညီသံလွင်ဦး | ၂၅၀၀ | အလင်္ကာဝတ်ရည် |
| ၁၂ | ခင်သန္တာ | ယဉ်မိုး | ၃၅၀၀ | Global Piece Group |
| ၁၃ | ပြုံးပြလည်း မနည်းပါဘူး | သာအေးည | ၂၅၀၀ | ဇွန်ပွင့် |
| ၁၄ | လူငယ်များနှင့် အနာဂတ်ကမ္ဘာ -၂ | ကလောင်စုံ | ၂၀၀၀ | ရွှေပေ |
| ၁၅ | ဖရန့်ဇ်ကတ်ဖ်ကာ လေ့လာချက် | ထင်မင်းလူ | ၃၀၀၀ | MKS |
| ၁၆ | စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေသများ | ဇော်နိုင်ထွန်း | ၃၀၀၀ | တူဒေး |
| ၁၇ | ကိုယ်ရည်ကိုယ်သွေး အရေ့အရွေ့များ | နေခြည်ဇေယျ | ၂၀၀၀ | မယ်နှင့်မောင် |
| ၁၈ | မားကတ်တင်း ၄.၀ | ဘုန်းသက်ပိုင် | ၄၅၀၀ | မိတ်ဆွေများ |
| ၁၉ | ဂျိုကာပြာလောင် | ကာတွန်းတင်အောင်နီ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၀ | ကူလီ | ကျော်အောင် | ၄၅၀၀ | လင်းလွန်းခင် |
| ၂၁ | လောကအလယ် အသက်ရှစ်ဆယ် (နှစ်ရှစ်ဆယ်အတ္ထုပ္ပတ္တိ) | ဒေါက်တာ မောင်မောင်ညို | ၅၀၀၀ | ဂုဏ်ထူး |
| ၂၂ | မန်ကျောင်း နားခါဒေသ ပန်ဖီတိုက်ပွဲကြီး | သောင်းဝေဦး | ၃၀၀၀ | မြရတနာ |
| ၂၃ | အပြောမှန်ကြရဲ့လား | ဇော်ဝင်းကို | ၆၅၀၀ | စိတ်ကူးချိုချို |
| ၂၄ | ဂန္ထဝင်မဂ္ဂဇင်း အတွဲ - ၁၄ | ကလောင်စုံ | ၂၀၀၀ | Icarus Media |
| ၂၅ | ဂန္ထဝင်မဂ္ဂဇင်း အတွဲ - ၁၃ | ကလောင်စုံ | ၂၀၀၀ | Icarus Media |
| ၂၆ | သမိုင်းလေ့လာသင်ခန်းစာနှင့် သမိုင်းဆိုင်ရာစာပဒေသာ | မောင်ကျေးဇူး | ၁၀၀၀ | ရန်အောင် |
| ၂၇ | ပန်းပုဆရာ | ပါရဂူ | ၃၂၀၀ | စိတ်ကူးချိုချို |
| ၂၈ | Construction Engineer Course | U Kyaw Lin Htun | ၇၅၀၀ | ခုနစ်စင်ကြယ် |
| ၂၉ | ကာမီလီယန် | တက္ကသိုလ်နန္ဒမိတ် | ၈၀၀၀ | အမြွာညီနောင် |
| ၃၀ | ဘီလူးစည်းလူစည်း | တက္ကသိုလ်နန္ဒမိတ် | ၆၀၀၀ | အမြွာညီနောင် |
| ၃၁ | သွေးစက်ခြေရာ | တက္ကသိုလ်နန္ဒမိတ် | ၅၀၀၀ | အမြွာညီနောင် |

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဓာတုဗေဒဘာသာရပ် မေးခွန်းပုံစံသစ်မှသည် ...

ဦးသောင်းငွေ(ရန်ကုန်တက္ကသိုလ်)

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးအဆင့်ဆင့် အသီးသီးတွင် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စိတ်ကြိုက်မြန်မာစာဘာသာရပ်မေးခွန်းပုံစံကို မပြောင်းလဲဘဲ ကျန်ရှိသည့်ဘာသာရပ်ကိုးခု၏ မေးခွန်းများကို မေးခွန်းပုံစံသစ်များဖြင့် ပြောင်းလဲစစ်ဆေးနိုင်ရန်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမအစည်းအဝေးခန်း၌ သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းစာဆောင်းပါးများ၊ ရုပ်မြင်သံကြားဆွေးနွေးပွဲများ၊ ပညာရေးဝန်ကြီးဌာန၏ Website တို့ဖြင့် အသိပေးတင်ပြနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာဘာသာရပ် ကိုးခု၏ ပါမောက္ခ(ဌာနမှူး)များက သတင်းစာများတွင် (၂.၅.၂၀၁၈) မှ (၁၀.၅.၂၀၁၈)နေ့အထိ ဆောင်းပါးများရေးသားပြီး အသိပေးတင်ပြခဲ့သည့်အပြင် ဘာသာရပ်ကိုးခု၏ နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀.၅.၂၀၁၈) ရက်နေ့မှ စတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။

**ဓာတုဗေဒဘာသာရပ်မေးခွန်းပုံစံသစ်၏ အမှတ်ခွဲဝေပုံ**

ပညာရေးဝန်ကြီးဌာနရဲ့ Website တွင် ဖော်ပြထားတဲ့ ဓာတုဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံရဲ့အခန်းအလိုက် အမှတ်ခွဲဝေထားပုံကို အောက်ပါဇယားအတိုင်းတွေ့ရှိ ရပါတယ်။

| Chapter | SECTION(A) | | | | | SECTION(B) | | | Total Marks |
|---|---|---|---|---|---|---|---|---|---|
| | Q(1) | Q(2) | Q(3) | Q(4) | Q(5) | Q(6) | Q(7) | Q(8) | |
| 1 | 1 | . | 1 | . | 1 | 2 | 2 | . | 7 |
| 2 | . | 1 | 1 | . | 1 | 4 | 4 | . | 11 |
| 3 | 1 | . | . | . | 1 | - | . | 6 | 8 |
| 4 | 1 | . | 1 | . | 1 | 2 | 4 | - | 9 |
| 5 | - | 1 | 1 | . | - | - | 2 | - | 4 |
| 6 | - | - | 1 | 1 | 1 | - | 2 | - | 5 |
| 7 | 1 | - | - | - | 1 | - | - | 6 | 8 |
| 8 | 1 | - | 1 | 1 | - | - | - | 4 | 7 |
| 9 | 1 | 1 | - | 1 | 1 | - | 2 | 4 | 10 |
| 10 | 1 | - | - | 1 | - | - | 2 | 4 | 8 |
| 11 | - | 1 | - | - | - | - | 2 | 4 | 7 |
| 12 | - | 1 | - | 1 | - | - | 2 | - | 4 |
| 13 | - | - | - | - | - | - | 2 | 2+2 | 6 |
| 14 | - | 1 | - | 1 | - | 2 | 2+2 | 12 | 20 |
| 15 | - | 1 | 1 | 1 | 1 | 2 | 4 | 4 | 14 |
| ဖြေပေး | 7/7 | 7/7 | 7/7 | 7/7 | 8/8 | 12/12 | 20/32 | 32/48 | 100/128 |

**စုစုပေါင်းအမှတ်(၁၂၈)မှတ်ဖိုးမေးထားပြီး အမှတ်(၁၀၀)ဖိုး ရွေးချယ်ဖြေဆိုပေးရပါမယ်။**

**လွယ်၊ သင့်၊ ခက် မျှတစွာ ပါဝင်နေ**

ဓာတုဗေဒမေးခွန်းပုံစံသစ်သည် လွယ်၊ သင့်၊ ခက် မျှတစွာ ပါဝင်နေပြီး သင်ယူသူများကို သင်ရိုးကုန်လေ့လာစေရန် ရည်ရွယ်ပြီး သင်ခန်းစာများအားလုံးကို လွှမ်းခြုံမေးထားတာ တွေ့ရပါတယ်၊ အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသော မေးခွန်းများလည်း ပါဝင်လာတာ တွေ့ရှိရပါတယ်။ (ဥပမာ-နမူနာမေးခွန်းပုံစံ Question No.6 (a),(f)နှင့် 7(a)ပုစ္ဆာများ) ထို့ပြင်မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများနေပါက သင်ခန်းစာအချို့ကို မဖြေဆိုဘဲ ရှောင်လွှဲခွင့်ရှိသောကြောင့် တတ်မြောက်မှု အားနည်းနိုင်သည့်အတွက် မေးခွန်းပုံစံသစ်တွင် ရွေးချယ်စရာမေးခွန်း ပုဒ်ရေကို လျှော့ချထားတာ တွေ့ရှိရပါတယ်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူများ အနေနဲ့ သင်ရိုးအားလုံး ကျေညက်စွာ လေ့ကျင့်ထားမှသာလျှင် အလွယ်တကူဖြေဆိုနိုင်မယ့် မေးခွန်းပုံစံမျိုးဖြစ်ပါတယ်။

**ဓာတုဗေဒနမူနာမေးခွန်းပုံစံ**

ဓာတုဗေဒနမူနာမေးခွန်းပုံစံကို အသေးစိတ်ပိုင်းခြား လေ့လာကြည့်ပါက-

SECTION (A), Question No.(1),(2),(3),(4)

> **“သင်ကြားပြသပေးသူ ဆရာ ဆရာမများနှင့် သင်ယူသူကျောင်းသား ကျောင်းသူနှစ်ဖက်လုံးက ဘာသာရပ်တစ်ခုကို စ-လယ်-ဆုံး ခြုံငုံမိအောင်၊ တတ်မြောက်အောင်၊ အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်တတ်လာအောင် သင်ကြားပေးပြီးမှသာ ကျောင်းသား ကျောင်းသူများ ပိုမိုအားသန်သောအပိုင်းကို အဓိက၊ ကျန်အပိုင်းကို အရန်အနေဖြင့် ကျက်မှတ်ဖြေဆိုနိုင်ခဲ့ပါလျှင် အခြေခိုင်သော ဘာသာရပ်တိုင်း သိနားလည်မှုဖြင့်သင်ယူ၍ အခက်အခဲမရှိသော ဘွဲ့ရပညာတတ်သိသောသူများ ဖြစ်လာပါမည်”**

မေးခွန်းနံပါတ်တစ်ခုချင်းစီဟာ ၁ မှတ်တန် ၇ပုဒ်မေးထားပြီး အခန်းရှေ့နောက် သမမျှတအောင်မေးထားတာ တွေ့ရှိရပါတယ်။ ဒါကြောင့် အခန်းအားလုံးကို မေးခွန်းပုံစံ လေးမျိုးစလုံး (TRUE / FALSE,Blanks, Selected and Mach) ကို လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။

**Question No(5)** ကတော့ ၁ မှတ်တန် မေးခွန်း ၈ ပုဒ် မေးထားပါတယ်။

အခန်း(၁ မှ ၇ နှင့် ၁၃)တို့မှ Defination တွေအပြင် အခန်း(၉၊ ၁၄ နဲ့ ၁၅)တို့မှ Defination တွေကို လေ့ကျင့်ကျက်မှတ်ထားရပါမယ်။

**SECTION(B),Question No .(6)** ကတော့ Short question ဖြစ်ပါတယ်။ ၂ မှတ်တန်မေးခွန်း ၆ ပုဒ်ပေးထားပြီး မေးခွန်းအားလုံးဖြေရမှာ ဖြစ်ပါတယ်။ အခန်းစုံ ထောင့်စုံမှ မေးနိုင် သလို အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးတဲ့ မေးခွန်းတွေပါ ပေါင်းစပ်ပါဝင်နေတာ တွေ့ရှိရပါတယ်။

**Question No.(7)** ကတော့ Medium question ဖြစ်ပါတယ်။ ၄ မှတ်တန် မေးခွန်း ၈ ပုဒ် ပေးထားပြီး ၅ ပုဒ် ဖြေရမှာ ဖြစ်ပါတယ်။ ဆီလျော်ရာ အခန်းတစ်ခန်းချင်းစီကို ၄ မှတ်တန် မေးခွန်းတစ်ပုဒ်နှုန်းနဲ့ အခန်း(၃)ခန်းမှ ၃ ပုဒ်မေးထားပြီး အခန်းတစ်ခန်းချင်းစီကို ၂ မှတ်တန် မေးခွန်းတစ်ပုဒ်နှုန်းနဲ့ အခန်း(၂)ခန်းကိုတွဲဖက်ပြီး ၅ ပုဒ်မေးထားတာ တွေ့ရှိရပါတယ်။ [ ဥပမာ- ဓာတုဗေဒနမူနာမေးခွန်းပုံစံသစ်တွင် အခန်း(၂၊ ၄၊ ၁၅) တို့မှ ၄ မှတ်တန် ၃ ပုဒ်မေးထားပြီး ကျန် ၅ ပုဒ်ကို အခန်း (၁ နှင့် ၁၄)၊ (၅ နှင့် ၁၃)၊ (၆ နှင့်၁၂)၊ (၁၄ နှင့် ၉)နဲ့ (၁၀ နှင့် ၁၁) တို့ကို ၂ မှတ်တန်မေးခွန်း ၂ ပုဒ် တွဲဖက်ပြီး မေးထားပါတယ် ]

**Question No.(B)** ကတော့ Long question ဖြစ်ပါတယ်။ ၈ မှတ်တန်မေးခွန်း ၆ ပုဒ် ပေးထားပြီး ၄ ပုဒ်ဖြေရမှာဖြစ်ပါတယ်။ နမူနာမေးခွန်းပုံစံသစ်တွင် ရွေးချယ်စရာ မေးခွန်းပုဒ်ရေကို လျှော့ချထားသည့်အပြင် မည်သည့်မေးခွန်း နံပါတ်ကိုမှ အခန်းအလိုက် ၈ မှတ်အပြည့် မေးမထားပါ။ အများဆုံး မေးထားတဲ့ အမှတ်မှာ ၆ မှတ်ဖြစ်ပါတယ်။

✻ **Question No.8** (a)နှင့် (e) တွင် အခန်း ၁၃ မှ ၂ မှတ်တန်မေးခွန်းကို အခန်း ၇ နှင့် ၃ တို့မှ ၆ မှတ်တန်မေးခွန်းနဲ့ တွဲဖက်ပြီး ၈ မှတ်တန်မေးခွန်း ၂ ပုဒ်မေးထားပါတယ်။ ထို့အပြင် ဆီလျော်ရာအခန်းတစ်ခန်းချင်းစီမှ ၄ မှတ်တန်မေးခွန်း ၂ ပုဒ်ကို တွဲဖက်ပြီး နှစ်ခန်းပေါင်း ၈ မှတ်တန် ၂ ပုဒ်ပုံစံလည်း မေးနိုင်ပါတယ်။

✻ **Question No.8 (f)** တွင် အခန်း ၈နှင့် ၉ တို့မှ metal extraction တွေကို လိုသလိုပိုင်းဖြတ်ပြီး မေးနိုင်သလို physical and chemical properties, uses, table, Questions and problems တို့မှ ၄ မှတ်တန် မေးခွန်း ၂ ပုဒ်ကို အခန်းနှစ်ခန်းပေါင်း ၈ မှတ်တန် ၁ ပုဒ် မေးထားပါတယ်။

✻ **Question No.8(d)** တွင် အခန်း ၁၀၊ ၁၁ နှင့် ၁၂ တို့မှ Laboratory preparation နှင့် manufacture တို့ကို လိုသလို ပိုင်းဖြတ်မေးနိုင်သလို physical and chemical properties uses test, Questions and problem တို့မှ ၄ မှတ်တန် မေးခွန်း ၂ ပုဒ် ကို ဆီလျော်ရာ အခန်း ၂ ခန်းပေါင်း ၈ မှတ်တန် ၁ ပုဒ် မေးထားပါတယ်။

✻ **Question No.8 (b)** တွင် အခန်း ၁၄ မှ organic နှင့် petroleum က ပေါင်းစပ်ပြီး ၈ မှတ်တန် ၁ ပုဒ် မေးထားပြီး Question No.8 (c) တွင် အခန်း ၁၄ မှ ၂ မှတ်တန် မေးခွန်း ၂ ပုဒ်ကို အခန်း (၁၅)မှ ၂ မှတ်တန် မေးခွန်း ၂ ပုဒ်တို့ကို ပေါင်းစပ်ပြီး ၈ မှတ်တန် ၁ ပုဒ် မေးထားပါတယ်။

**မေးခွန်းပုံစံသစ်နှင့် မေးခွန်းရွေးချယ်မှု**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ်မေးခွန်းပုံစံသစ်နှင့်ဖြေဆိုရာတွင် **“ မေးခွန်းရွေးချယ်မှု မှန်ကန်ပြီး ဖြေဆိုပုံနည်းစနစ်မှန်ကန်မှသာ”** အဆင့်မြင့်မြင့် ဂုဏ်ထူးမှတ်ရရှိနိုင်ပါလိမ့်မယ်။ ဓာတုဗေဒဘာသာရပ်မေးခွန်းပုံစံသစ်ကို အခန်းအလိုက်မေးခွန်းများကို ပိုင်းခြားရွေးချယ်ကြည့်ရင်-

အပိုင်း(၁)။ အခန်း ၁ မှ ၇ နှင့် ၁၃ မေးခွန်းများ - ၅၈ မှတ်

အပိုင်း(၂)။အခန်း ၈ မှ ၁၂ မေးခွန်းများ - ၃၆ မှတ်

အပိုင်း(၃)။ အခန်း ၁၄ နှင့် ၁၅ မေးခွန်းများ - ၃၄ မှတ်

ဟူ၍ အပိုင်း(၃)ပိုင်းအနေနဲ့ ပိုင်းခြားရွေးချယ်နိုင်ပါတယ်။

အပိုင်း(၁) အခန်း ၁ မှ ၇ နှင့် ၁၃ မေးခွန်းတွေကို ရွေးချယ်ဖြေဆိုနိုင်ခဲ့ရင် အောင်မှတ်ရရှိနိုင်ပါလိမ့်မယ်။ ပြီးနောက် ကျန်အပိုင်း(၂) နှင့် (၃)တို့မှ မိမိပိုမိုအားသန်ရာ အပိုင်းတစ်ပိုင်းကို ရွေးချယ်ဖြေဆိုနိုင်ခဲ့ရင် ဂုဏ်ထူးမှတ်ရရှိနိုင်ပြီလို့ ယေဘုယျပြောနိုင်ပါတယ်။ သို့သော် Answer all questions ပုံစံဖြစ်နေပြီး ရွေးချယ်စရာမေးခွန်းမရှိလို့ ဂုဏ်ထူးမှတ်ရရှိနိုင်တယ်လို့ အပိုင်ပြောလို့မရသေးပါ။ ဒါ့ကြောင့် ကျန်သောအပိုင်းတစ်ပိုင်းကို အရန်အနေနဲ့ လေ့ကျင့်ပြင်ဆင်ထားနိုင်မှသာ အဆင့်မြင့်မြင့်ဂုဏ်ထူးမှတ် ရရှိနိုင်ပါလိမ့်မယ်။

**သင်ကြားပြသပေးသူ ဆရာ ဆရာမတို့အား အကြံပြုချက်**

ဓာတုဗေဒနမူနာမေးခွန်းပုံစံအရ အခန်း ၁၄ နှင့် ၁၅ တို့သည် အမှတ်ခွဲဝေမှုအများဆုံးရရှိတဲ့ အခန်းတွေဖြစ်ပါတယ်။ ယခင်က မေးခွန်းပုံစံတွင် ရွေးချယ်စရာမေးခွန်းများနေလို့ အခန်း ၁၄ ရဲ့ ၈ မှတ်တန် ၂ ပုဒ်ကို စာဖြေသူအများစုသည် ရှောင်လွှဲဖြေဆိုကြသဖြင့် Organic တတ်မြောက်မှု အားနည်းလာတာ တွေ့ရှိရပါတယ်။ အခန်း ၁၄ နှင့် ၁၅ တို့သည် အနာဂတ်လက်တွေ့ဘဝနဲ့ အဆင့်မြင့်ပညာရပ်တွေ လေ့လာဆည်းပူးရာမှာ အထောက်အပံ့ကောင်းဖြစ်စေမယ့် အရေးပါတဲ့အခန်းတွေဖြစ်ပါတယ်။ သင်ကြားပြသပေးသူ ဆရာ ဆရာမတွေကို အကြံပြုလိုသည်မှာ ဓာတုဗေဒဘာသာရပ်ကို အခန်းစဉ်အလိုက် သင်ကြားပေးပြီး အခန်း ၁၄ နှင့် ၁၅ နေရာရောက်မှသာ သင်ကြားပြသပေးခြင်းထက် နှစ်စကတည်းက သီးသန့်တစ်ချိန်ခွဲထုတ်ပြီး ကြိမ်ဖန်များစွာ လေ့ကျင့်သင်ကြားပေးခြင်း၊ ၈ မှတ်တန် မေးခွန်း ၂ ပုဒ်ကို အပိုင်ဖြေဆို၍ ရနိုင်သည်အထိ အထပ်ထပ်အခါခါ စစ်ဆေးမေးမြန်းခြင်း၊ အမှားပြင်ဆင်ပေးခြင်းနဲ့ သင်ကြားပြသပေးစေလိုပါတယ်။

သင်ကြားပြသပေးသူ ဆရာ ဆရာမများနှင့် သင်ယူသူ ကျောင်းသား ကျောင်းသူနှစ်ဖက်လုံးက ဘာသာရပ်တစ်ခုကို စ-လယ်-ဆုံး ခြုံငုံမိအောင်၊ တတ်မြောက်အောင်၊ အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်တတ်လာအောင် သင်ကြားပေးပြီးမှသာ ကျောင်းသား ကျောင်းသူများ ပိုမိုအားသန်သောအပိုင်းကို အဓိက၊ ကျန်အပိုင်းကို အရန်အနေနဲ့ ကျက်မှတ်ဖြေဆိုနိုင်ခဲ့ပါလျှင် အခြေခိုင်သော ဘာသာရပ်တိုင်း သိနားလည်မှုဖြင့်သင်ယူ၍ အခက်အခဲမရှိသော ဘွဲ့ရပညာတတ်သိသောသူများ ဖြစ်လာပါမည်။

**သင်ယူတတ်မြောက်မှုနှင့် ပတ်သက်သည့် အဓိကနယ်ပယ်များ**

သက်ဆိုင်ရာ ဘာသာရပ်များ၏ မေးခွန်းပုံစံသစ်တို့သည် တက္ကသိုလ်ဝင်တန်းအဆင့်မှ အဆင့်မြင့်နည်းပညာရပ်များ ကို ဆက်လက်လေ့လာသင်ယူသွားကြမည့် မျိုးဆက်သစ်ကျောင်းသား လူငယ်တို့အား သင်ယူတတ်မြောက်မှုနှင့် ပတ်သက်သည့် အဓိကနယ်ပယ်များဖြစ်သည့်

(၁) ဘာသာရပ်တစ်ခုကို သိပွံနည်းကျချဉ်းကပ်ခြင်း။

(၂) အကြောင်းအရာ (content) ဘာသာရပ်၏ အခြေခံအယူအဆ၊ အသိပညာ (concept) နှင့် လက်တွေ့ဘဝနယ်ပယ်နှင့် ဆက်စပ်မှု (contex) တို့ကို နားလည်မှုဖြင့် သုံးသပ်နိုင်ခြင်း။

(၃) higher- order thinking skill များဖြစ်သော ခွဲခြားစိတ်ဖြာတတ်မှု၊ ဆန်းသစ်တီထွင်တတ်မှု၊ ပြဿနာ၏ အရင်းအမြစ်ကို ပိုင်းခြားဝေဖန်ကောက်ချက်ဆွဲနိုင်မှုနှင့် ကြိုတင်ဟောကိန်းထုတ်နိုင်မှု စသည်တို့ကို ပိုင်ဆိုင်လာခြင်း။

(၄) ဘာသာရပ်ကို တတ်မြောက်သူဟာ affective aspects ဒါမှမဟုတ် ပညာရေးဝေါဟာရနှင့်ပြောရင် conative aspects ဖြစ်ကာ စိတ်ပိုင်းဆိုင်ရာများ ပြောင်းလဲသွားခြင်းစတဲ့ နယ်ပယ်(၄)ခုကို လွှမ်းခြုံရရှိနိုင်ပါလိမ့်မယ်။

သင်ယူသူ ကျောင်းသား ကျောင်းသူများသည် သင်ယူတတ်မြောက်မှုပိုမိုမြင့်မားလာပြီး စာသင်ခန်းမှသည် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်မည့် စဉ်းစားတွေးခေါ်မှုမြင့်မား၍ တီထွင်ကြံဆနိုင်စွမ်းရှိပြီး ပူးပေါင်းဆောင်ရွက်တတ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ၊ နိုင်ငံ့သားကောင်း ရတနာ၊ လူကောင်းလူတော်တွေကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်မည်ဟု အလေးအနက် ယုံကြည်မိပါတယ်။

✻ ၂၀၁၉ ခုနှစ် နှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေ။

✻ မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ ဂုဏ်ထူးများများရရှိနိုင်ပါစေ။

✻ လူ့စွမ်းအားအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာပါစေ။

✻ နိုင်ငံ့သားကောင်းရတနာ၊ လူကောင်းလူတော်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ပါစေ။ ။

## ရွှေတောင်မြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွား

**ရွှေတောင် မေ ၁၇ -** ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သောင်ပြင်ကုန်းအုပ်စု ကန့်လန့်ကုန်းကျေးရွာတွင် မေ ၁၅ ရက်က မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့သည်။ အဆိုကျေးရွာတွင် အိမ်ခြေခုနစ်လုံးမှာ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူဦးရေ ၂၂ ဦးတို့ကို အန္တရာယ်ကင်းလွတ်မည့်နေရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် စီစဉ်ခဲ့ကြကြောင်း သိရသည်။ ယာယီပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့မှုများရရှိနိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး လူနှင့်အိမ်မွေးတိရစ္ဆာန်များ တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း သိရသည်။

ကိုကိုမင်း (မြန်/ဆက်)

# မူဆယ် ပစ်ခတ်တိုက်ခိုက်မှုတွင် သေဆုံးသူ ၂၁ ဦးအထိ ရှိလာ

မူဆယ် မေ ၁၇

**ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ပန်ခမ်းကျေးရွာအုပ်စု နောင်ရမ်းကူးတို့ဆိပ်ရှိ ပန်းဆေး(၌ာနေ) ပြည်သူ့စစ်၏ ကင်းစခန်း၊ မူဆယ်-နမ့်ခမ်း နမ့်ပေါ်တံတားထိပ်ရှိ မြို့လုံခြုံရေးရဲကင်းနှင့် ပြည်သူ့စစ်ကင်းစခန်းတို့၌ ဖြစ်ပွားခဲ့သော မေ ၁၂ ရက် ပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ ၂၆ ဦးနှင့် သေဆုံးသူ ၁၉ ဦးရှိခဲ့ပြီး မေ ၁၆ ရက်အထိ သေဆုံးသူ ၂၁ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။**

မေ ၁၂ ရက် ပစ်ခတ်တိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူ ၂၆ ဦးအနက် မန္တလေးတိုင်းမှ ယာဉ်မောင်း ဦးအောင်စိုးမှာ စိုးရိမ်ဒဏ်များရရှိပြီး မန္တလေးပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသရာ မေ ၁၃ ရက် တွင် သေဆုံးခဲ့သည်။ ယင်းနောက် မူဆယ်-နမ့်ခမ်းအတွင်း အဒေီဗင်ဖြင့် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သော ဦးစိုင်းယီလှိုင်းမှာ မေ ၁၂ ရက် နံနက်ပိုင်း၌ နမ့်ခမ်းမှ မူဆယ်သို့လာစဉ် ပစ်ခတ်တိုက်ခိုက်မှုအတွင်း ပြင်းထန်သည့်ဒဏ်ရာများရရှိပြီး မူဆယ်ပြည်သူ့ဆေးရုံသို့ ဦးစွာတက်ရောက်ကုသရာ စိုးရိမ်ရ၍ မိသားစုဝင်များက မိမိတို့၏အစီအစဉ်ဖြင့် တရုတ်နိုင်ငံ မန်စီမြို့သို့ သွားရောက်ခွဲစိတ်ကုသခဲ့သော်လည်း လူနာမှာ တစ်စုံတစ်ရာ ထူးခြားသက်သာလာခြင်းမရှိသဖြင့် နမ့်ခမ်းမြို့ရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ခေါ်ဆောင်လာရာ မေ ၁၆ ရက် နံနက်ပိုင်းက သေဆုံးသွားသည်ဟု မိသားစုဝင် မနန်းလောဝ်က ပြောကြားသည်။ ထို့ကြောင့် မူဆယ်မြို့ ပန်ခမ်းကျေးရွာအုပ်စု နောင်ရမ်းကူးတို့ဆိပ်နှင့် မူဆယ်-နမ့်ခမ်း နမ့်ပေါ်တံတားထိပ်ရှိ မြို့လုံခြုံရေးကင်းစခန်းတို့ ပစ်ခတ်တိုက်ခိုက်ခံရမှုတွင် သေဆုံးသူ ၂၁ ဦးအထိ ရှိလာပြီး မူဆယ်ပြည်သူ့ဆေးရုံမှ စိုးရိမ်ဒဏ်ရာရရှိသည့် လူနာ ငါးဦးကိုလည်း မန္တလေးပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိကြောင်း သိရသည်။

ဦးစိုင်းယီလှိုင်း၏ ပြင်းထန်သည့် ဒဏ်ရာသည် လက်ဖြောင့်ကျည် ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရသိရပြီး အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကိုလည်း အမှုဖွင့်ထားသည်ဟု မူဆယ်မြို့မရဲစခန်းမှ ဒုရဲမှူး အေးမြင့်က ပြောသည်။ အဆိုပါ မေ ၁၂ ရက်တွင်ပင် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ပန်ခမ်းကျေးရွာအုပ်စု နောင်ရမ်းကူးတို့ဆိပ်ရှိ ပန်းဆေး(၌ာနေ) ပြည်သူ့စစ်၏ ကင်းစခန်းနှင့် မူဆယ်-နမ့်ခမ်း နမ့်ပေါ်တံတားထိပ်ရှိ မြို့လုံခြုံရေးရဲကင်းနှင့် ပြည်သူ့စစ်ကင်းစခန်းတို့အား ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

**ခရိုင် (ပြန်/ဆက်)**


ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ



**စာပေမြင့်မှ လူမျိုးတင့်မည်**


## ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည့် အစီအစဉ်ဇယား

သင့်လျော်သောအချိန်

| ထုတ်လွှင့်မည့် နေ့ရက် | ထုတ်လွှင့်မည့် ဘာသာရပ် | ပို့ချမည့်ပုဂ္ဂိုလ် |
|---|---|---|
| ၁၈-၅-၂၀၁၈ (သောကြာနေ့) | အင်္ဂလိပ်စာ | ဒေါက်တာပိုးပိုး<br>ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန<br>ရန်ကုန်တက္ကသိုလ် |
| ၁၉-၅-၂၀၁၈ (စနေနေ့) | သင်္ချာ | ဒေါက်တာချိုဝင်း<br>ပါမောက္ခ ၊ သင်္ချာဌာန<br>ရန်ကုန်တက္ကသိုလ် |
| ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) | ဓာတုဗေဒ | ဒေါက်တာနှင်းနှင်းအေး<br>ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် |
| ၂၁-၅-၂၀၁၈ (တနင်္လာနေ့) | ရူပဗေဒ | ဒေါက်တာလဲ့လဲ့ဝင်း<br>ပါမောက္ခ ၊ ဌာနမှူး၊ ရူပဗေဒဌာန<br>မန္တလေးတက္ကသိုလ် |
| ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) | ဇီဝဗေဒ | ဒေါက်တာသီတာလေးသွယ်<br>ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် |
| ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) | ပထဝီဝင် | ဒေါက်တာထွန်းကို<br>ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်ဌာန<br>ရန်ကုန်တက္ကသိုလ် |
| ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) | သမိုင်း | ဒေါက်တာမိုမိုသန့်<br>ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် |
| ၂၅-၅-၂၀၁၈ (သောကြာနေ့) | ဘောဂဗေဒ | ဒေါက်တာဖြူဖြူအိ<br>ပါမောက္ခ၊ ဌာနမှူး၊<br>အသုံးချဘောဂဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် |

# ကွတ်ခိုင်မြို့နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွား

**မူဆယ် မေ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြန်မာ့တပ်မတော်နှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ပြန်လည်ဆုတ်ခွာ**

မေ ၁၆ ရက်၌ ကွတ်ခိုင်မြို့နယ် လော့ခွမ်းကျေးရွာနှင့် ဟိုမောကျေးရွာအကြားတွင် နမ့်ဖတ်ကာအခြေစိုက် တပ်မ နှင့် TNLA လက်နက်ကိုင်တပ်ဖွဲ့ (စိစစ်ဆဲ)တို့ နံနက် ၆ နာရီမှ ၆နာရီ မိနစ် ၃၀ အထိ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး ယင်းနေ့ ည ၈ နာရီ မိနစ် ၄၀ တွင်ပင် ကွတ်ခိုင်မြို့၌ TNLA လက်နက်ကိုင်တပ်ဖွဲ့ (စိစစ်ဆဲ)မှ လက်နက်ကြီးတစ်လုံး ပစ်ခတ်ခဲ့ကြောင်း၊ ဆက်လက်ပြီး ကွတ်ခိုင်မြို့မှ မူဆယ်မြို့အထွက် OHC တိုးဂိတ်အနီး မော်ဟစ်ရွာဘေးရှိ ယူကလစ်တောမှ 40M ဖြင့် ပစ်ရာ ထောက်/ ပို့တပ်အတွင်း ကျရောက်ပေါက်ကွဲပြီး လူ၊ အဆောက်အအုံနှင့် တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း၊ ဆက်လက်ပြီး မေ ၁၇ ရက် နံနက် ၄ နာရီက ကွတ်ခိုင်မြို့နယ် တာမိုးညဲ၏ မြောက်ဘက် ၁၇ မိုင်ခန့်အကွာ တက္ကနိုင်းကျေးရွာတွင် နယ်မြေခံတပ်မှ စခန်းအား လက်နက်ကိုင်အဖွဲ့ (စိစစ်ဆဲ) တို့က လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် နယ်မြေခံတပ်မှ ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ရာ နံနက် ၆ နာရီခန့်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

**ဒဏ်ရာများရရှိမှု မရှိ**

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာများရရှိမှု မရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်း အစုန်-အဆန် ရထားများအားလုံး နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းခွင့်ပြုမည်

**မြစ်ကြီးနား မေ ၁၇**

နယ်မြေလုံခြုံရေးအခြေအနေအရ ကချင်ပြည်နယ်အတွင်း ဖြတ်သန်းသွားလာကြသည့် အစုန်-အဆန် ရထားများအားလုံး နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း သိရသည်။

လတ်တလောဖြစ်ပေါ်နေသည့် နယ်မြေအခြေအနေအရ ညအမှောင်ပိုင်းရောက်လာရင် မီးရထားများနှင့် ရထားစီးခရီးသည်များ လုံခြုံဘေးကင်းစေရန် ယနေ့မှစ၍ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်းနှင့် ယနေ့ မန္တလေးမှတက်သည့် မန္တလေး-မြစ်ကြီးနား အမှတ် ၅၇ အဆန်မန္တလာရထားသည် နမ္မတီးဘူတာတွင် ညအိပ်ရပ်နားထားကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ချုပ်ကြီး ဦးခင်သော်ထံမှ သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု နိုင်ငံပေါင်း ၂၀၀ တွင် မြန်မာနိုင်ငံပါဝင်လာ

ရန်ကုန် မေ ၁၇

**ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် FIFA World Cup 2018 ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ မှ တိုက်ရိုက်ထုတ်လွှင့်ခွင့်ရမည်ဖြစ်ပြီး ယင်းတိုက်ရိုက်ထုတ်လွှင့်ခွင့်ရသော နိုင်ငံပေါင်း ၂၀၀ တွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် တိုက်ရိုက်ထုတ်လွှင့်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။**

" ဒီနှစ် ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ဖလားကို တိုက်ရိုက်ထုတ်လွှင့်ခွင့်ရခဲ့တာကတော့ ဖီဖာရဲ့ခွင့်ပြုချက်နဲ့ တရားဝင်ရရှိခဲ့တာဖြစ်ပါတယ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အားလုံးအပါအဝင် ပြိုင်ပွဲ ၆၄ ပွဲလုံးကို တိုက်ရိုက်ပြသသွားမှာပါ၊ ဒီ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ပတ်သက်လို့ SkyNet ရုပ်သံလိုင်းအနေနဲ့ အခုလာမယ့် မေ ၂၉ ရက်ကတည်းက SkyNet Sports 6 ကို SkyNet World Cup ရုပ်သံလိုင်း အဖြစ်ပြောင်းပြီး ကမ္ဘာ့ဖလားနဲ့ ဆိုင်ရာ အချက်အလက်တွေ ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်" ဟု ရွှေသံလွင်မီဒီယာလီမိတက်မှ ဒါရိုက်တာ သိန်းသန်းဦးက ယနေ့ မွန်းလွဲ ၂ နာရီက စကိုင်းစတားဟိုတယ်၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲတွင် ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းတိုက်ရိုက်ထုတ်လွှင့်မှုကို SkyNet ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး SkyNet Sports 6၊ SkyNet Sports HD နှင့် SkyNet Sports 1 ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ အဆိုပါ ရုပ်သံလိုင်းများမှ FIFA World Cup 2018 ပြိုင်ပွဲပေါင်း ၆၄ ပွဲ ထုတ်လွှင့်သွားမည်ဖြစ်ပြီး ယင်းထုတ်လွှင့်မှုများကို Ooredoo Myanmar က ပူးပေါင်းသွားမည်ဖြစ်သည်။ Ooredoo Myanmar အနေဖြင့် ဆင်းကတ်အသုံးပြုသူတိုင်း မိုဘိုင်းလ်ဖုန်းမှ တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို မိုဘိုင်းလ်ဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုရန် My Ooredoo App သာလိုအပ်ပြီး အူရီဒူး၏ အမြင့်ဆုံး 4G နှင့် 3G ကွန်ရက်ကို အသုံးပြုပြီး ဝါသနာရှင်များအနေဖြင့် မိမိကိုင်ဆောင်သောဖုန်းမှ Google Play Store၊ Apple App Store (သို့မဟုတ်) * 565# သို့ ဖုန်းခေါ်ဆိုပြီး My Ooredoo App ကို ဒေါင်းလုပ်ရယူကာ ထည့်သွင်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

"အခုလို ဘောလုံးဝါသနာရှင်ပြည်သူအများစု စိတ်ဝင်စားတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွေကို တကယ်တော့ အခမဲ့ရုပ်သံလိုင်းတွေက ပြသပေးဖို့ကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ ကမ္ဘာ့နိုင်ငံအများစုမှာလည်း အခမဲ့ရုပ်သံလိုင်းတွေက ကြည့်ရှုခွင့်ရကြသလို ဒီမှာလည်း အဲဒီလိုဖြစ်သင့်ပါတယ်၊ တချို့နိုင်ငံတွေမှာဆို လမ်းဘေးဘုတ်တွေမှာတောင် လမ်းသွား၊ လမ်းလာတွေ ကြည့်ရှုနိုင်ဖို့ ရည်ရွယ်ပြီး လုပ်ပေးထားတာတွေရှိတယ်၊ ဒီမှာက ခုချိန်ထိ လူတိုင်းကြည့်ရှုနိုင်တဲ့ Free to Air ရုပ်သံလိုင်းတွေက မပြသနိုင်သေးဘူး" ဟု ဘောလုံးဝါသနာရှင်ပြည်သူတစ်ဦးဖြစ်သူ ဦးမြင့်သောင်းလွင်က ပြောသည်။

ရုရှားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကမ္ဘာ့ဖလား ၂၀၁၈ ဘောလုံးပြိုင်ပွဲသည် (၂၁) ကြိမ်မြောက်ဖြစ်ပြီး လာမည့် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ရုရှားနိုင်ငံ မြို့ပေါင်း ၁၁ မြို့ရှိ အားကစားကွင်း ၁၂ ကွင်း၌ တစ်လတိတိ ကျင်းပသွားမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများမှ ခြေစစ်ပွဲအောင် အသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်သည့် ပွဲတိုင်းကို ည ၈ နာရီနှင့် ၁၂ နာရီအတွင်း တိုက်ရိုက်ကြည့်ရှုခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ မေ ၁၉ ရက် စတင်မည်

**ရန်ကုန် မေ ၁၇**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပထမရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် ၁၂ ကို မေ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ ပွဲစဉ်အားလုံးမှာ မေ ၁၃ ရက်မှ ပြီးဆုံးခဲ့ပြီး ဒုတိယအကျော့ပွဲများကို မေ ၁၉ ရက်မှစ၍ ဆက်တိုက်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် ၁၂ အဖြစ် မေ ၁၉ ရက်တွင် မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် မကွေးအသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် Southern အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဟံသာဝတီအသင်း၊ မေ ၂၀ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နည်းပြသစ်နှင့် ကစားသမားသစ်များ ခေါ်ယူထားသည့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ရောဝတီအသင်းနှင့် ကစားရမည့်အပြင် အဓိကတိုက်စစ်မှူး ခရစ္စတိုဖာမပါနိုင်သောကြောင့် တိုက်စစ်ပြဿနာနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။ ရန်ကုန်အသင်းမှာမူ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် GFA အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရတနာပုံအသင်းမှာမူ ဇယားအောက်ဆုံးမှ မြဝတီအသင်းနှင့် အိမ်ကွင်းပွဲကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဆေးရုံသို့သွားနေစဉ် နေအိမ်ရှိ ရွှေနှင့် ငွေကျပ် ၁၈၃ သိန်းခန့် ခိုးယူခံရမှု တံတားမြို့၌ ဖြစ်ပွား

ရန်ကုန် မေ ၁၇

**ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တံတားမြို့၌ ဆေးကုသရန်သွားနေစဉ် နေအိမ်၌ ရွှေနှင့် ငွေကျပ် ၁၈၃ သိန်းခန့်ပျောက်ဆုံးမှုဖြစ်ခဲ့ရာ တံတားမြို့ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။**

မေ ၁၅ ရက် နံနက်၁၀ နာရီက မအိမာဆွေ ( ၃၂ နှစ်)အမှတ် ၂၀၁ ဘုရင့်နောင်လမ်း ၂ ရပ်ကွက် တံတားမြို့နေသူသည် ဆေးကုသရန် ခင်ပွန်းဖြစ်သူ ကိုနိုင်မျိုးဦး၊ သမီးဖြစ်သူ မစုပြည့်လျှံတို့နှင့်အတူ ကြည့်မြင်တိုင်မြို့နယ်ရှိ အကယ်ဒမီဆေးရုံသို့ အတူသွားရောက်ခဲ့ရာ နေအိမ်တံခါးမကြီးအား သော့ပိတ်ထားခဲ့ပြီး နေအိမ်ရှေ့၌ကိုမျိုးသက်ဦး(၃၃ နှစ်)၊ ကိုဟန်မျိုးနိုင်(ခ)သန်းထူး (၃၃ နှစ်)၊ ကိုစိုင်းလင်းကျော်(ခ) ငစိုင်း (၃၃နှစ်)တို့သည် ကားကိုဟိုက်ဒရောလစ်ပြုပြင်ကြကြောင်း၊ ခြံစည်းရိုးတံခါးအားဖွင့်လျက် နေအိမ်တံခါးမကြီးသော့နှင့်ခြံတံခါး သော့အား ခြံဝင်းတံခါးမကြီးတွင် ချိတ်လျက်ထားရှိကာ ဆေးရုံသို့သွားရောက်ပြသခဲ့ကြောင်း၊ မေ ၁၆ ရက် နံနက် ၁ နာရီခန့်တွင်ဆေးရုံမှ နေအိမ်သို့ပြန်လည်ရောက်ရှိသောအခါ ဗီရိုအတွင်းတွင် ထားရှိသည့် ငွေစက္ကူရောရာငွေကျပ် ၂၃ သိန်းခန့်နှင့် ရွှေထည်ပစ္စည်းအလေးချိန် ၂၀ ကျပ်သားခန့် (တန်ဖိုးငွေကျပ် သိန်း ၁၆၀ ခန့်)စုစုပေါင်းငွေကျပ် ၁၈၃ သိန်းခန့် ပျောက်ဆုံးသွားခဲ့သဖြင့် နေအိမ်တွင် ကျန်ခဲ့သူ ကိုမျိုးသက်ဦး၊ ကိုဟန်မျိုးနိုင်(ခ)သန်းထူး၊ ကိုစိုင်းလင်းကျော်(ခ)ငစိုင်းတို့သုံးဦးအား အရေးယူပေးရန် မအိမာဆွေက တရားလိုပြုလုပ်တိုင်ကြားသဖြင့် တံတားမြို့ ရဲစခန်းက ဖမ်းဆီးစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# တောင်သာမြို့နယ်၌ ပိုးသတ်ဆေးအတူသောက်၍ နှစ်ဦးသေဆုံးမှုဖြစ်

**တောင်သာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် လိင်တူချင်းချစ်ကြိုက်နေသည့်စုံတွဲကို မိသားစုများက သဘောမတူမှုကြောင့် ပဲစင်းငုံပိုးသတ်ဆေးပြားအတူသောက်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

တောင်သာမြို့နယ် ကျောက်ရင်းကျေးရွာအုပ်စု ညောင်ဒိုကျေးရွာတွင်နေထိုင်သော မောင်-----(၂၁ နှစ်)နှင့် မောင်-----(၁၇ နှစ်)အတူနေစုံတွဲမှာ ညောင်ဒိုကျေးရွာအနီးရှိ ပဲစင်းငုံယာခင်းဘေးတွင် ပဲစင်းငုံပိုးသတ်ဆေးကို တစ်ယောက်တစ်ခြမ်းစီ အတူသောက်ခဲ့ကြောင်း၊ ၎င်းတို့အား မိသားစုကခွဲသဖြင့် ပဲစင်းငုံပိုးသတ်ဆေးပြားသောက်၍ တစ်ဦးမှာ ည ၇ နာရီ ၃၅ မိနစ်တွင် သေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ ၈ နာရီ ၃၅ မိနစ်တွင် သေဆုံးခဲ့ကြောင်းနှင့် တောင်သာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၈ -၅-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ - | Breakfast News |
| ၈း၃၅ - | **ကချင်ပြည်နယ်အတွင်း လတ်တလော ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်သည့်အခြေအနေ** |
| ၉း၁၀ - | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၀း၃၀ - | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၂၅ - | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၁း၅၀ - | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **ဖိုးရှိတ်** (မြင့်မြတ်၊သဥ္ဇာနွယ်ဝင်း)(ဒါရိုက်တာ-နေပိုင်) |
| ၁၂း၃၀ - | မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၂၀) |
| ၁၃း၁၅ - | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၁) (မန္တလေးမြို့)(တတိယပိုင်း) |

**ညပိုင်း**

| | |
|---|---|
| ၆း၃၅ - | **၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ် ဆိုင်ရာ သိမှတ်ဖွယ်ရာများ (အင်္ဂလိပ်စာဘာသာရပ်)** |
| ၁၆း၅၅ - | **Weekly MNL Review (Week-11)** |
| ၁၇း၂၀ - | ကျန်းမာရေးမဂ္ဂဇင်း **အသည်းရောဂါအကြောင်း သိကောင်းစရာ** |
| ၁၇း၃၅ - | **Weekly Sport Info** |
| ၁၈း၂၀ - | ရုပ်ရှင်ရိုက်မယ်(အပိုင်း-၁၃) (လေးကြိုး၊ အားလပ်ရက်တစ်ရက်) |
| ၁၉း၁၅ - | မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၂၂) |
| ၂၀း၀၀ - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ - | **ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ (မြန်မာ့သနပ်ခါး)** |
| - | America's Got Talent |
| - | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း -၃၄) |
| - | ဟာသရုပ်စုံစင်တော်ကြီး **ညှော့်သည်** (သရုပ်ဆောင်-ဆန်းသစ်၊ ဒေါ်လာ၊ အာလူး၊ စင်သီယာ၊ ဇာခြည်လွင်၊ ခင်ချောချောအောင်) (ဒါရိုက်တာ- ဆူးခက်မင်း) |

# ဆီမီးပူဇော်ရာမှ ဘုန်းကြီးကျောင်းဆောင်မီးလောင်မှု ကျောက်ကြီးမြို့နယ်တွင် ဖြစ်ပွား

**ကျောက်ကြီး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မွေတွင်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာရှိ ကျွန်းတောဘုရားကြီးကျောင်း၌ မေ ၁၇ ရက်နေ့ နံနက် ၅ နာရီခွဲခန့်က ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်းသိရ၍ ကျွန်းတောကျေးရွာ ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၇ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရခြင်းမှာ မွေတွင်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာ၏ အနောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ အုတ်စီ၊ ပျဉ်ထောင်ကာ၊ သွပ်မိုး နှစ်ထပ်ကျောင်းဆောင်အပေါ်တွင် အခန်းနေဆရာတော် ဦးသောမ သက်တော် (၈၂ နှစ်) ဝါတော်(၇)ဝါသည် နံနက် ၄ နာရီခွဲခန့်ကကျောင်းဆောင်အပေါ်ထပ်ရှိ ဘုရားကျောင်းဆောင်အပေါ်တွင် ဖယောင်းတိုင်ဆီမီးသုံးတိုင်ပူဇော်ခဲ့ကာ ကျောင်းဆောင်နှင့် ကိုက် ၂၀ ခန့်ဝေးကွာသည့် ဘုရားကြီးကျောင်းဆောင်ဝန်းအတွင်း တရားသွားထိုင်နေခဲ့ပြီး ပြန်ထွက်လာစဉ် မီးပူဇော်ထားသည့် ကျောင်းဆောင်မှာ မီးလောင်ကျွမ်းနေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်းသိရ၍ မုန်းနယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မော်လမြိုင်မြို့တွင် လူသတ်မှုဖြစ်ပွား

**မော်လမြိုင် မေ ၁၇**

မော်လမြိုင်မြို့၌ ခင်ပွန်းဟောင်းက ဓားဖြင့်ထိုးမှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးမှုဖြစ်ခဲ့သည်။

မော်လမြိုင်မြို့ မြိုင်သာယာရပ် ရှင်စောပုလမ်း အမှတ်(၄၀၁) မောင်ငံရပ်ကွက် ဝန်ထမ်းအိမ်ရာနေ မစုစုမြ(၃၂ နှစ်)မူလတန်းပြဆရာမသည် မေ ၁၆ ရက် ည ၇ နာရီခွဲတွင် နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် အမှတ် ၄ တည်းခိုရေးတပ် ရှေ့အရောက်၌ ၎င်းနှင့် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ကွာရှင်းထားသည့် ခင်ပွန်းဟောင်းဖြစ်သူ မော်လမြိုင်မြို့ ဈေးကြိုရပ် မီကိုကော်ဖီမစ်ကုမ္ပဏီရုံးဝင်းနေ ကျော်ပိုင် (၃၇ နှစ်)ရောက်ရှိလာပြီးဆိုင်ကယ်ကိုရပ်ခိုင်းကာ ၎င်းတို့ နှစ်ဦးစကားများကြပြီး လုံးထွေးသတ်ပုတ်နေစဉ်ကျော်ပိုင်က အသင့်ယူဆောင်လာသော ဓားဖြင့်ထိုး၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဓားဖြင့် ထိုးခံရသူ မစုစုမြသည် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးသွားသောကြောင့် ကျော်ပိုင်အား မုပွန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှု၌ ပါဝင်ပတ်သက်သူများအား ရုံးထုတ်သော်လည်း စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိ

**ရန်ကုန် မေ ၁၇**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှု၌ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ မေ ၁၇ ရက် ယနေ့နံနက် ၁၀ နာရီကရုံးထုတ်ရောက်ရှိလာခဲ့ပြီး စစ်ဆေးမှုပြုလုပ်နိုင်ခြင်း မရှိသော်လည်း အမှုတွင် ပါဝင်ပတ်သက်သူ ဇေယျာဖြိုးက စာချွန်တော်လျှောက်ထားသည့် ကိစ္စအတွက် ကျမ်းကျိန်ဆို ဥပဒေအရာရှိရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က“ ကျွန်တော်တို့မြောက်ပိုင်းခရိုင် တရားရုံးရာဇဝတ်မှုကြီးအမှုအမှတ် ၄၅/၂၀၁၇ နဲ့ ၄၆/၂၀၁၇ အမှုတွဲအားလုံးဟာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကို တင်ပို့ထားပြီး ပြန်လည်ရောက်ရှိ လာခြင်းမရှိသေးတဲ့အတွက် သာမန်ရုံးချိန်းရမယ့် ရုံးချိန်းလုပ်ငန်းကိုပဲ ဆောင်ရွက်ပါတယ်၊ ဒါကြောင့် ရုံးချိန်းကိုတော့ မေ ၃၁ ရက် (ကြာသပတေးနေ့)ကို ချိန်းဆိုထားပါတယ် ” ဟု ပြောသည်။

မီဒီယာများက မေးမြန်းသည်ကို ဆက်လက်ပြောကြားရာမှာ “ဇေယျာဖြိုး ရှေ့နေက ဇေယျာဖြိုးကို စွဲထားတဲ့အမှုကိစ္စတွေဟာ ရုံးခွဲစစ်နေရတာမို့ ဒီရုံးမှာပဲတစ်ပေါင်းတည်းစစ်ဆေးပေးဖို့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို စာချွန်တော်တင်သွင်းမယ့် ကိစ္စပါ၊ ဒါနဲ့ပတ်သက်ပြီး ကျမ်းကျိန်လွှာကို ပူးတွဲတင်ပြရမှာဖြစ်တဲ့အတွက် ပူးတွဲတင်သွင်းနိုင်ဖို့လိုအပ်တဲ့ ကျမ်းကျိန်လွှာကိုကျမ်းကျိန်ဆိုအရာရှိရှေ့မှောက်မှာ ဇေယျာဖြိုးအနေနဲ့ ကျမ်းသစ္စာကျိန်ဆိုခဲ့တာ ဖြစ်ပါတယ်”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လယ်ကွင်းထဲရှိ ရေကန်တွင် ကလေးငယ်သုံးဦး ရေဆင်းကူးရာမှ ရေနစ်သေဆုံး

**သထုံ မေ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်သုဝဏ္ဏဝတီမြို့ အနီး မိုးကောင်းကျေးရွာအုပ်စု ကျွန်းလေးကျေးရွာ၌ မေ ၁၇ ရက်က လူကြီးများမရှိခိုက် ရေကန်အတွင်းရေဆင်းကူးရာမှကလေးငယ်သုံးဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ရေနစ်သေဆုံးကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သိန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ကျွန်းလေးကျေးရွာ အနောက်ဘက် လယ်ကွင်းအတွင်းရှိ ဦးပန်းဇံဆိုသူ ပိုင်ဆိုင်သော အလျားပေ ၃၀ ၊ အနံ ၁၅ ပေ ၊ အနက် ၉ ပေ၊ ရေအနက် ၄ ပေခန့်ရှိသော ရေကန်အတွင်းတွင် မွန်းလွဲ ၁၂ နာရီကျော်ခန့်က ကလေးငယ်သုံးဦး ရေဆင်းကူးရာမှ ရေနစ်သေဆုံးနေသည်ကို ဦးအောင်သိုက် (ကျွန်းလေးကျေးရွာ)က တွေ့ရှိ၍ ပတ်ဝန်းကျင်ကို အကူအညီတောင်းကာ ဆယ်ယူပြီး သက်ဆိုင်ရာကို အကြောင်းကြား၍ သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သေဆုံးသူ ကလေးငယ်များမှာ မောင်မင်းပြည့်အောင် (ငါးနှစ်)၊ မောင်အောင်ညဏ်ဟိန်း (ကိုးနှစ်)၊ မောင်အောင်မြတ်သူ(ခုနစ်နှစ်) ကျွန်းလေးကျေးရွာနေသူတို့ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# အမ်းမြို့နယ်၌ တရားမဝင်ရောက်ရှိလာသူ ၂၅ ဦး ဖမ်းဆီးရမိ

**အမ်း မေ ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် မေ ၁၇ ရက် နံနက် ၁၁ နာရီခွဲက တရားမဝင်ရောက်ရှိလာသူ ၂၅ ဦး ဖမ်းဆီးရမိခဲ့သည်။

ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ အမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအေး၊ အမ်းမြို့မရဲစခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်တို့သွားရောက်ခဲ့ရာ ကဇုကိုင်းကျေးရွာအုပ်စု ရှောက်ခြုံကျေးရွာအနီး ကမ်းထောင်ကြီးကားလမ်းဘေးချုံထဲတွင် ပုန်းအောင်းနေကြသည့် ကျောက်တော်မြို့နယ် ထက်ပိုင်းဆိပ်ဘက်မှ ရောက်ရှိလာကြသော အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၂၅ ဦးတို့အား တွေ့ရှိ၍ အမ်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် မေ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၆ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၅၆ စီး၊ သွင်းကုန် ၉၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၇၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၈၉ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၅၆၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၆ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးနှင့်ကင်မ်တာ ခြောက်ဘီးမော်တော်ယာဉ်တစ်စီးတို့အား တားဆီးစစ်ဆေးခဲ့သည်။

ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် MI TV 40" နှစ်လုံး၊ MI Handset အလုံး ၈၀၀၊ ကလေးဝတ်အင်္ကျီ အထည် ၂၅၀၊ အမျိုးသမီးဝတ်အင်္ကျီအထည် ၅၂၀နှင့် Mono-sodium Glutamate ၂၅ ကီလိုဂရမ် ၃၅၀ အိတ် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၄၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# အကျင့်ပျက်ခြစားမှုဖြင့် သတင်းကြီးနေသော မလေးရှားဝန်ကြီးချုပ်ဟောင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေ

**ကွာလာလမ်ပူ မေ ၁၇**

အကျင့်ပျက်ခြစားမှုဖြင့် သတင်းထွက်နေသော မလေးရှားဝန်ကြီးချုပ်ဟောင်း၏ အိမ်ကို သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက မေ ၁၇ ရက်က ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် နှောင့်ယှက်ရာရောက်ကြောင်း ၎င်း၏ ရှေ့နေဖြစ်သူက ဖော်ပြခဲ့သည်။ သမိုင်းတွင်မည့် ရွေးကောက်ပွဲတွင် အသစ်တက်လာသောအစိုးရက အာဏာရရှိလာပြီးနောက် အကျင့်ပျက်ခြစားမှုများကို အင်တိုက်အားတိုက် နှိမ်နင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့သုံးထရပ်ကားများ၊ အက်စ်ယူဗီကားများ၊ စီဒင်ကားများနှင့် ကွာလာလမ်ပူမြို့ရှိ နာဂျစ်နေအိမ်တည်ရှိရာ လမ်းသို့ မေ ၁၆ ရက်ညပိုင်းက ဝင်ရောက်လာခဲ့ပြီး အသေးစိတ်ရှာဖွေမှုများ ပြုလုပ်ရာ နာဂျစ်နေအိမ်အတွင်းမှ လက်ကိုင်အိတ်များ၊ အဝတ်အထည်များ၊ လက်ဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း မလေးရှားနိုင်ငံပိုင် ဗာနားမားသတင်းစာက မေ ၁၇ ရက်အစောပိုင်းက ဖော်ပြခဲ့သည်။

ထိုသို့ ရှာဖွေမှုများ လုပ်ဆောင်ခဲ့သော်လည်း မည်သည့်စာရွက်စာတမ်းကိုမျှ သိမ်းဆည်းရမိခြင်း မရှိကြောင်း၊ နာဂျစ်ရှေ့နေဖြစ်သူ ဟာပဲလ်ဆင်းဂ်ကို ခေါ်ယူစစ်ဆေးခဲ့သော်လည်း မေ ၁၇ ရက်နံနက်ပိုင်းက ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

၂၀၀၁ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့ခြင်း တန်ပြန်တိုက်ဖျက်ရေး ဥပဒေတို့ဖြင့် အရေးယူနိုင်ရန် ပစ္စည်းများကို သိမ်းဆည်းခြင်းဖြစ်ကြောင်း သိရသည်။

မကြာသေးခင်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း နာဂျစ်သည် ၂၀၀၉ ခုနှစ်က ၎င်းကိုယ်တိုင် ဖွဲ့စည်းထားသော အစိုးရဖွံ့ဖြိုးရေး ရန်ပုံငွေအစီအစဉ်နှင့် ပတ်သက်ပြီး အဂတိလိုက်စားမှု ကျူးလွန်ကြောင်း မဟာသီယာ၏ စွပ်စွဲမှုကို ခံထားရကြောင်း သိရသည်။

မဟာသီယာသည် အာဏာရလာပြီးနောက် နာဂျစ်အား ကာကွယ်ပေးခဲ့သည့် မလေးရှားရှေ့နေချုပ်ကို ရာထူးမှ ဖယ်ရှားခဲ့ပြီး ယင်းနေရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကြီးအကဲကို အစားထိုးခန့်အပ်ခဲ့သည်။ အစိုးရဖွံ့ဖြိုးရေး ရန်ပုံငွေ ဘဏ္ဍာရေး အစီရင်ခံစာနှင့် ပတ်သက်ပြီး နာဂျစ်က ပိတ်သိမ်းခဲ့သော်လည်း အမှုတွဲကိုလည်း စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မဟာသီယာက အဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထို့အပြင် နာဂျစ်ပိုင်ဆိုင်သည်ဟု ယူဆရသော အဆင့်မြင့် ဇိမ်ခံအိမ်ရာတစ်ခုကိုလည်း ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ကြောင်း နိုင်ငံပိုင် ဗာနားမားသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

နာဂျစ်အား တရားဝင်တရားစွဲဆိုခြင်း မပြုလုပ်ထားသေးကြောင်း၊ သို့သော် လက်ရှိဝန်ကြီးချုပ် မဟာသီယာက နာဂျစ်၊ ၎င်း၏ဇနီးနှင့် ယခင်အစိုးရအဖွဲ့ဝင်များကို ပြည်ပထွက်ခွာခွင့်ကို တားမြစ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# ဆီးရီးယားရှိ ဟွမ်စ်မှ သူပုန်နောက်ဆုံးအသုတ်အား ကယ်ဆယ်ရွှေ့ပြောင်း

**ဟွမ်စ် မေ ၁၇**

ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ဟွမ်စ်ပြည်နယ်မှ သူပုန်များနှင့် ၎င်းတို့၏ မိသားစုဝင် နောက်ဆုံးအသုတ်အား ဗုဒ္ဓဟူးနေ့က ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ခုနစ်ဖွဲ့မြောက်နှင့် နောက်ဆုံးအသုတ်ဖြစ်သည့် သူပုန် ၃၉၅၀ နှင့် ၎င်းတို့၏ မိသားစုများကို အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် အဓိကမြို့ကြီးနှစ်မြို့နှင့် ဟွမ်စ်မြောက်ပိုင်း အစွန်အဖျားရှိ အနီးအနားကျေးရွာများမှ ကားဖြင့် သယ်ဆောင်ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရွှေ့ပြောင်းမှု လုပ်ဆောင်ရာတွင် ဟာမာပြည်နယ်တောင်ပိုင်း ဆင်ခြေဖုံးရှိ သူပုန်များကိုလည်း ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ သူပုန် ၂၇၀၀၀ နှင့် ၎င်းတို့၏ မိသားစုများသည် ဟာမာနှင့် ဟွမ်စ်မြို့ဆင်ခြေဖုံးနေရာများမှ ထွက်ခွာသွားပြီဖြစ်ပြီး ယခုအခါ သူပုန်အုပ်စုအားလုံးကို အပြီးဖယ်ရှားရှင်းလင်းပြီးပြီဖြစ်သည်။

ဟွမ်စ်၌ ရာစတန်နှင့် တယ်လ်ဘီရက်ရှ်မြို့များသည် သူပုန်အုပ်စုများ အပြင်းအထန် ခြေကုပ်ယူထားရာ အဓိကနေရာများဖြစ်ခဲ့ပြီး ၂၀၁၂ ခုနှစ်က အစိုးရထိန်းချုပ်မှုအောက်မှ လက်လွှတ်ခဲ့ရသည့် ပထမဆုံးဧရိယာနှစ်ခု ဖြစ်ခဲ့သည်။

မြို့ကြီးနှစ်မြို့၏ မဟာဗျူဟာကျသည့် တည်နေရာအနေအထားကြောင့် ရုရှား၏ ကြားဝင်အာမခံထားသည့် သဘောတူညီမှုဖြင့် သူပုန်များအား ကယ်ဆယ်ရွှေ့ပြောင်းမှုသည် ဆီးရီးယားအစိုးရတပ်မတော်အတွက် ကြီးမားသောအောင်ပွဲတစ်ခု ဖြစ်ခဲ့သည်။

**ဆင်ဟွာ**






# တရုတ်နှင့် ပြင်သစ်တို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်

**ပါရီ မေ ၁၇**

တရုတ်နှင့် ပြင်သစ်နိုင်ငံတို့သည် လက်တွေ့ကျသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သင့်ကြောင်း တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မေ ၁၇ ရက်တွင် ပြောခဲ့သည်။

တရုတ်နှင့် ပြင်သစ်နိုင်ငံတို့၏ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများတွင် နျူကလီးယားစွမ်းအင်၊ လေယာဉ်၊ ဒုံးပျံတည်ဆောက်မှုနည်းပညာ၊ တီထွင်ဆန်းသစ်ခြင်း၊ ဉာဏ်ရည်တု၊ ဒီဂျစ်တယ်စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်စသည်တို့ ပါဝင်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေသော ဝမ်ယိက ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျန်ဗက်လီဒရီရန်နှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ မြို့ပြနျူကလီးယားစွမ်းအင်နှင့် ဆန်းသစ်တီထွင်ရေး စသည့်နယ်ပယ်များတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ထို့အပြင် ခေတ်သစ်ပိုးလမ်းမကြီး မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း နှစ်နိုင်ငံလုံးက ဖော်ပြခဲ့ပြီး တတိယဈေးကွက် ပူးပေါင်းဆောင်ရွက်မှုကို ချဉ်းကပ်ရန် ဆွေးနွေးသဘောတူခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတကာနှင့် ဒေသတွင်း အရေးကြီးကိစ္စရပ်များဖြစ်သော ကိုရီးယားကျွန်းဆွယ်အရေး၊ အီရန်နျူကလီးယားအရေးနှင့် အရှေ့အလယ်ပိုင်းအရေးများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# လာဆာ၌ ရှေးဟောင်းဂူသင်္ချိုင်း တစ်ရာကျော် ရှာဖွေတွေ့ရှိ

**လာဆာ မေ ၁၇**

တရုတ်နိုင်ငံ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့တော်၌ ရှေးဟောင်းဂူသင်္ချိုင်း ၁၀၀ ကျော်ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာ ယဉ်ကျေးမှုကာကွယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ရှေးဟောင်းသုတေသီများသည် Quxu စီရင်စု၌ စတုရန်းမီတာ ၂၀၀၀၀ ကျော်ခန့်ရှိသည့် သင်္ချိုင်းမြေကို တူးဖော်ခဲ့စဉ်အတွင်း ရှေးဟောင်းဂူသင်္ချိုင်းများကို ပြီးခဲ့သည့်နှစ်နှောင်းပိုင်းတွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု ယဉ်ကျေးမှုအဖွဲ့မှ သုတေသီ နော်ဘူတာရှီက ပြောသည်။

ရာစုနှစ်များစွာကြာအောင် မိုးရေနှင့် လူတို့၏အပြုအမူများကြောင့်ဖြစ်သော အကျိုးသက်ရောက်မှုများကြောင့် သင်္ချိုင်းများအားလုံးသည် အတော်လေးပျက်စီးခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ရှေးဟောင်းအုတ်ဂူနှစ်ခုကို တူးဖော်ရာတွင် သုတေသနပညာရှင်များသည် လူ၏အရိုးအပိုင်းအစများနှင့် ကြွေထည်များကို တွေ့ရပြီး သက်တမ်းအားဖြင့် ၁၁၈၀ မှ ၁၂၈၆ နှစ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုများအပေါ် ချီလီကျောင်းသားများ ဆန္ဒပြ

**ဆန်တီရာဂို မေ ၁၇**

ချီလီနိုင်ငံမြို့တော် ဆန်တီရာဂို၌ ကျောင်းသားထောင်ပေါင်းများစွာတို့သည် ကျောင်းများနှင့် တက္ကသိုလ်များတွင် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုများ ဖြစ်ပွားနေမှုအပေါ် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။




ကျောင်းသားများသည် တက္ကသိုလ် များ၌ စွဲမြဲစွာ အမြစ်တွယ်နေသည့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများနှင့် အမျိုးသမီးများ၏ အနိုင်ကျင့်ခံရမှုဆိုင်ရာ တင်ပြချက်၊ လိုလားချက်များအပေါ်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများက လုံလုံလောက်လောက် တုံ့ပြန်ဆောင်ရွက်ပေးခြင်း မရှိသည့်အပေါ် ဗုဒ္ဓဟူးနေ့က ဒေါသထွက်ကြောင်း ဖော်ပြခဲ့ကြသည်။

ဆန္ဒပြပွဲကို စီစဉ်သူများက ၎င်းတို့သည် အသိပညာပေးအဖွဲ့အစည်းများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု စွပ်စွဲချက်များကို ကိုင်တွယ် ဆောင်ရွက်ရန်အတွက် စံနှုန်းများ သတ်မှတ်ထုတ်ဆောင်စေလိုကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆားဗီးယားနိုင်ငံတွင် လေယာဉ်ပျက်ကျရာ နှစ်ဦးသေဆုံး

**ဘဲလ်ဂရိတ် မေ ၁၇**

ဆားဗီးယားနိုင်ငံမြို့တော် အစွန်အဖျားရှိ လေဆိပ်ငယ်တစ်ခုအနီး၌ မကြာသေးမီက အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း အာရ်တီအက်စ် ရုပ်သံလိုင်းက ထုတ်လွှင့်ခဲ့သည်။

လေယာဉ်သည် ဘဲလ်ဂရိတ်မြို့တော်၏ မြောက်ဘက်အစွန်အဖျားရှိ ဇီမန်ပိုဂျေမြို့၌ ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇီနာ စီအိတ်ချ် ၆၀၁ အပေါ့စားလေယာဉ်သည် ဘဲလ်ဂရိတ် နီဇီဆက်ရထားလမ်းမှ မီတာ ၇၀ ခန့်အကွာယင်းနှင့် မျဉ်းပြိုင်ဖြစ်သော လေယာဉ်ပြေးလမ်းမှ မီတာ ၅၀ ခန့်အကွာတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

သေဆုံးသွားသူသည် လေယာဉ်မောင်းသင်တန်းမှူး တစ်ဦးဖြစ်ပြီး နောက်တစ်ဦးမှာ ၎င်း၏ အမျိုးသမီး အဖော်ဖြစ်ကြောင်း အာရ်တီအက်စ် သတင်းက ဖော်ပြခဲ့သည်။

အာဏာပိုင်များက လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ မာလီနိုင်ငံသို့ ထွက်ခွာ

**ဂျီနန်း မေ ၁၇**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ်မြို့တော် ကျိနန်မှ တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင် စုစုပေါင်း ၁၉၀ သည် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့တာဝန် တစ်နှစ်ကြာ ထမ်းဆောင်ရန် မာလီနိုင်ငံသို့ မေ ၁၆ ရက်က ထွက်ခွာသွားခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များသည် မာလီနိုင်ငံသို့ စေလွှတ်ခဲ့သည့် ခြောက်ဖွဲ့မြောက် အုပ်စုဖြစ်သော အဖွဲ့ဝင် ၃၉၅ ဦးပါအုပ်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့အနေဖြင့် သတ်မှတ်ဧရိယာတွင် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဖြည့်ဆည်းပေးရန်နှင့် ဒဏ်ရာရရှိသူများအား ကုသပေးခြင်းတို့ အပါအဝင် လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တပ်ဖွဲ့များသည် လမ်းများနှင့် လေယာဉ်ပြေးလမ်းများ ထိန်းသိမ်းခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ၎င်းတို့သည် ၂၀၁၈ အစောပိုင်းကလည်း တိုက်ခိုက်ရေးသင်တန်းပေးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သေးကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂါဇာကမ်းမြောင် ပဋိပက္ခများ၏ လတ်တလောအကျိုးဆက်များ

**ချူးစန္ဒီနွေး**



အသက် ၆၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒင်နီရယ်ဟာ သူ့ရဲ့ အတိတ်ကို ပြန်စဉ်းစားကြည့်နေတယ်။ ၁၉၈၃ ခုနှစ် သူ့မင်္ဂလာဆောင်တုန်းကဆိုရင် ဂါဇာ ဒေသအနီးပတ်ဝန်းကျင်က ပါလက်စတိုင်းလေးဦးဟာ သူ့မင်္ဂလာပွဲကို လာတက်ကြတယ်။ ဒါကိုလည်း သူပြန်တွေးမိတယ်။ ပြီးတော့ ဂါဇာ ကမ်းခြေမှာ နေပူဆာလှုံခဲ့တာတွေ၊ ကမ်းခြေမှာဖွင့်ထားတဲ့ သူငယ်ချင်းရဲ့ ဆိုင်မှာ လက်ဖက်ရည်သောက်ခဲ့တာတွေ အားလုံးကို ပြန်မြင်ယောင်နေမိတယ်။

### တရားမျှတမှု ရှိပါစေ

ဒါတွေဟာ တစ်ချိန်တုန်းက ကိစ္စတွေပါ။ ဟားမားစ်အဖွဲ့နဲ့ စစ်ပွဲတွေက သူ့မိသားစုကို မခြောက်လှန့်ခင်အခါက ကိစ္စတွေပါ။ ဂါဇာကမ်းမြောင်ဒေသကို အမိုးပွင့် အကျဉ်းထောင်ကြီးအဖြစ် အသွင်မပြောင်းခင်က ကိစ္စတွေပါ။ "တနင်္လာနေ့မနက်မှာတော့ သေနတ်သံတွေ ကြားရပြီး ပဋိပက္ခတွေ ဖြစ်နေပြီဆိုတာ စိတ်ထဲက ခံစားမိတယ်" လို့ မစ္စတာဒင်နီရယ်က ပြောပါတယ်။ နောက်တစ်နေ့ နေ့လယ်ကျတော့ လူတွေသေတဲ့သတင်းကို ကြားရတယ်။ "ကျည်ဆန်အချက်တိုင်းဟာ တရားမျှတမှု ရှိပါစေလို့ မျှော်လင့်မိတယ်" လို့ သူက ဆက်ပြောပါတယ်။

အစ္စရေးနယ်စပ်မှာ ကြီးမားတဲ့ ဆန္ဒပြပွဲတွေ ဖြစ်ပွားလျက်ရှိပြီး အစ္စရေး လုံခြုံရေးတပ်ဖွဲ့ဝင်များရဲ့ ပစ်ခတ်မှုကြောင့် လူ ၆၀ ခန့်သေဆုံးခဲ့ပြီး လူပေါင်း ၁၇၀၀ ခန့် ဆေးရုံမှာ တက်ရောက်ကုသနေရတယ်လို့ ပါလက်စတိုင်းအာဏာပိုင်တွေရဲ့ထုတ်ပြန်ချက်အရ သိရတယ် ။ ဒါဟာ ၂၀၁၄ ခုနှစ် ဂါဇာစစ်ပွဲနောက်ပိုင်း အဆိုးရွားဆုံး လူသေဆုံးမှုလည်း ဖြစ်ပါတယ်။ အစ္စရေးဘက်ကတော့ လူအနည်းငယ်ကိုသာ ပစ်ခတ်ခဲ့ခြင်းဖြစ်တယ်လို့ ပြောပါတယ်။

### အစ္စရေးဘက်က ရပ်တည်ခဲ့

အစ္စရေးနဲ့ထိစပ်နေတဲ့ ဂါဇာဒေသမှာ ကြီးမားတဲ့ဆန္ဒပြပွဲတွေ ပေါ်ပေါက်နေတဲ့အချိန် အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ဆန္ဒပြသူတွေကို ပစ်ခတ်ခဲ့တဲ့အတွက် ဝေဖန်မှုတွေလည်း အများကြီး ပေါ်ထွက်လာပါတယ်။ ကုလသမဂ္ဂ အပါအဝင် အချို့သောနိုင်ငံတွေက ဒီဖြစ်ရပ်နဲ့ စပ်လျဉ်းပြီး အစ္စရေးကို ဝေဖန်ကြပေမယ့် အမေရိကန်ကတော့ အစ္စရေးဟာ ကိုယ့်နိုင်ငံကို ကာကွယ်ပိုင်ခွင့်ရှိတယ်ဆိုပြီး အစ္စရေးဘက်က ရပ်တည်ခဲ့တယ်။ ဒီလိုပဋိပက္ခတွေကြားထဲ ဂျေရုဆလင်မှာ အမေရိကန်သံရုံးကို ပြောင်းလဲဖွင့်လှစ်လိုက်တော့ ဆန္ဒပြပွဲတွေကို မီးစာထိုးပေးလိုက်သလို အခြေအနေတွေဟာ ပိုပြီးတော့ တင်းမာလာခဲ့ပါတော့တယ်။ ဆေးရုံတွေမှာလည်း ဆရာဝန်တွေဟာ သေနတ်ဒဏ်ရာရလာတဲ့ လူငယ်တွေကို ကုသပေးနေရတာ လက်မလည်နိုင်အောင်ပါပဲ။ လူသေဆုံးမှုတွေဟာလည်း များများလာတယ်။

### လောင်စာတွေဖြစ်လာနိုင်

ဒီပဋိပက္ခတွေအားလုံးဟာ ဂါဇာဒေသကို ထိန်းချုပ်ထားတဲ့ လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ဟားမားစ်အဖွဲ့နဲ့ အစ္စရေးတပ်ဖွဲ့တို့ကြား တိုက်ပွဲတွေဖြစ်လာဖို့ လောင်စာတွေ ဖြစ်လာနိုင်ပါတယ်။ လတ်တလောအခြေအနေမှာ ဟားမားစ်အဖွဲ့ဟာ အစ္စရေးကို နိုင်ငံတကာက ဝိုင်းပြီးဝေဖန်တဲ့အပေါ် ကျေနပ်ပါတယ်။ အင်္ဂါနေ့နှောင်းပိုင်းကလည်း ဟားမားစ်အဖွဲ့ခေါင်းဆောင် အစ္စမေးလ်ဟာ ဂါဇာမြို့အနီး ဆန္ဒပြသူတွေ စခန်းချတဲ့နေရာကို သွားရောက်ခဲ့ပါသေးတယ်။

အဲဒီမှာ ဆန္ဒပြသူတွေက လက်စားချေပေး၊ လက်စားချေပေးလို့ ကြွေးကြော်ကာ သူ့ကို ဝန်းရံခဲ့ကြပါတယ်။ ဆန္ဒပြသူတွေက ဟားမားစ်ခေါင်းဆောင်နဲ့ တွေ့ဆုံတဲ့အခါ "ကျွန်တော်တို့ဟာ ဒီအတိုင်း ဆန္ဒပြနေတာကို မလိုချင်ပါဘူး။ ဒုံးကျည်တွေနဲ့ ပစ်ခတ်တာပဲ လိုချင်တယ်" လို့ ပြောခဲ့ကြပါတယ်။ မစ္စတာအစ္စမေးလ်ကတော့ ပြုံးရုံသာ ပြုံးနေခဲ့ပါတယ်။ ဟားမားစ်အဖွဲ့ရဲ့နောက်ထပ်ခြေလှမ်းဟာ ဘာဖြစ်မလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။ နယ်စပ်မှာ လူငယ်တွေရဲ့ အကြီးအကျယ်ဆန္ဒပြမှုတွေဟာ ရန်သူတွေကို တကယ့်ကို စိတ်ရှုပ်ထွေးစေခဲ့ပါတယ်။ ဒီဆန္ဒပြပွဲကြီးတွေကို အရှိန်မပြတ် ဆက်လုပ်ရမယ်လို့လည်း ဟားမားစ်အဖွဲ့ခေါင်းဆောင်က ပြောကြားခဲ့ပါတယ်။

### ပေါ်ပေါ်ထင်ထင် ရှုတ်ချခဲ့

ကုလသမဂ္ဂအပါအဝင် အာရပ်နိုင်ငံတွေနဲ့ အခြားသောနိုင်ငံတွေဟာ အစ္စရေးတပ်ဖွဲ့က လက်နက်မဲ့ဆန္ဒပြသူတွေကို အကြမ်းဖက်နှိမ်နင်းသူတွေအဖြစ် စွပ်စွဲနေကြပါတယ်။ တောင်အာဖရိကနဲ့ တူရကီတို့ဟာ သူတို့ရဲ့သံအမတ်တွေကို ပြန်ခေါ်နေကြပါပြီ။ တူရကီသမ္မတ အာဒိုဂန်ဆိုရင် တွစ်တာပေါ်မှာ အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုကို ဦးတည်ပြီး အမုန်းစကားတွေ ရေးသားနေပါတယ်။ အနောက်နိုင်ငံတွေထဲကတော့ ပြင်သစ်သမ္မတ မက်ခရွန်တစ်ဦးတည်းသာ အစ္စရေးရဲ့လုပ်ရပ်တွေကို ပေါ်ပေါ်ထင်ထင် ရှုတ်ချခဲ့ပါတယ်။

### ဇာတိမြေကို ပြန်ချင်တယ်

တနင်္လာနေ့တုန်းက အမေရိကန်သံရုံး ဂျေရုဆလင်ကို ပြောင်းရွှေ့ဖွင့်လှစ်လိုက်တဲ့အတွက် ဆန္ဒပြပွဲ ပိုမိုအားကောင်းလာသလို အင်္ဂါနေ့ကျပြန်တော့လည်း ပါလက်စတိုင်းတို့အတွက် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်နေပြန်ပါတယ်။ အဲဒါကတော့ ပါလက်စတိုင်းတို့ နေအိမ်တွေက စွန့်ခွာထွက်ပြေးခဲ့ရတဲ့ နှစ် ၇၀ ပြည့်နေ့ပါပဲ။ အခုတော့ သူတို့ဖိအားပေးခံရလို့ စွန့်ခွာခဲ့ရတဲ့ နယ်မြေဟာ အစ္စရေးဖြစ်လာပါတယ်။ ဆန္ဒပြပွဲမှာ ဝင်ရောက်ဆန္ဒပြနေသူ အာဘီယာ ရှာ်ကာဟာ သူ့ရဲ့ ၁၅ နှစ်အရွယ် သမီးဖြစ်သူနဲ့အတူ ပါဝင်ဆန္ဒပြနေတာပဲ ဖြစ်တယ်။ သူဟာ အစ္စရေး တပ်ဖွဲ့ရဲ့ မီးခိုးပုံးတွေကြားထဲမှာ ခဲခဲယဉ်းယဉ်း အသက်ရှူနေရပါတယ်။ သူတို့မိသားစု အရင်နေထိုင်ခဲ့တဲ့ အိမ်ဟာ ဂျက်ဖာမြို့မှာ ရှိပါတယ်။ ဇာတိမြေကို ပြန်ချင်တယ်လို့ သူက ပြောပါတယ်။

### အိပ်မက်လိုပဲ ဖြစ်ကုန်

ရှီဖာဆေးရုံမှာလည်း လူနာတွေ၊ လူနာတွေရဲ့ ဆွေမျိုးတွေနဲ့ ပြည့်နှက်နေပါတယ်။ ပါလက်စတိုင်းအာဏာပိုင်တွေရဲ့ အဆိုအရ ဒဏ်ရာအမျိုးမျိုးကြောင့် ဆေးရုံလာတက်သူ ၁၇၀၀ ခန့်လောက်ရှိတယ်လို့ သိရပါတယ်။ ဒူးခေါင်းမှာ သေနတ်ဒဏ်ရာရလို့ ဆေးရုံတက်နေရတဲ့ အသက် ၁၈ နှစ်အရွယ် အထက်တန်းကျောင်းသား အဒ်နန်ရဲ့ဖခင်ကတော့ သူတို့မိသားစုဟာ အစ္စရေးနဲ့ ဂါဇာကြား အဓိက ဝင်ပေါက်လိုဖြစ်နေတဲ့ မြို့ကနေ ရွှေ့ပြောင်းခဲ့ရတာဖြစ်တယ်လို့ ပြောပါတယ်။ ၁၉၈၂ ခုနှစ်တုန်းက ဂါဇာဒေသက လူတွေဟာဆိုရင် တံခါးမရှိ ဓားမရှိဘဲ အစ္စရေးကို သွားရောက်လည်ပတ်လို့ ရပါတယ်။ အခုအချိန်မှာတော့ ဒါတွေဟာ အိပ်မက်လိုပဲ ဖြစ်ကုန်ပါပြီ။

ဟားမားစ်အဖွဲ့ ခေါင်းဆောင်နဲ့ တူတော်စပ်သူ မူဟာမက်ဟာနီယာကတော့ တကယ်လို့များ အပြည်ပြည်ဆိုင်ရာ စာနာထောက်ထားမှုတွေဟာ ၁၁ နှစ်ကြာ အစ္စရေးရဲ့ ပိတ်ဆို့မှုကို ခံထားရတဲ့ နယ်မြေကို မလွတ်မြောက်စေဘူးဆိုရင် သူတို့အဖွဲ့ဟာ လက်နက်ကိုင်တိုက်ခိုက်မှုကို ပြန်လုပ်နိုင်တယ်။ တိုက်ပွဲတွေ ဖြစ်လာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ "လူတွေသေဆုံးနေတာကို ဒီ့ထက်ပိုပြီး လက်ပိုက်ကြည့်မနေနိုင်တော့ပါဘူး။ တကယ်လို့များ ကမ္ဘာ့နိုင်ငံအသီးသီးကသာ ကြားဝင်မပေးဘူးဆိုရင် ဟားမားစ်အဖွဲ့ဟာ လက်နက်ကိုင်ပြီး တိုက်ခိုက်တော့မှာပါ" လို့ သူက ပြောပါတယ်။ လက်ရှိအခြေအနေတွေအရတော့ သောကြာနေ့တိုင်း ဆန္ဒပြပွဲတွေ ဆက်ရှိနေဦးမှာပါ။ အစ္စရေးနယ်စပ်မှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခကို ဖြေရှင်းဖို့ရာ အဓိကအကျဆုံးအချိန်ကို ရောက်ရှိလို့လာပါပြီ။ လတ်တလောအခြေအနေတွေကို တည်ငြိမ်အောင် မလုပ်နိုင်ဘဲ အခြေအနေတွေ ပိုဆိုးလာမယ်ဆိုရင်တော့ တိုက်ပွဲတွေ မပေါ်ပေါက်လာနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ။

**"ဟားမားစ်အဖွဲ့ခေါင်းဆောင်နဲ့ တူတော်စပ်သူ မူဟာမက်ဟာနီယာကတော့ တကယ်လို့များ အပြည်ပြည်ဆိုင်ရာ စာနာထောက်ထားမှုတွေဟာ ၁၁ နှစ်ကြာ အစ္စရေးရဲ့ ပိတ်ဆို့မှုကို ခံထားရတဲ့ နယ်မြေကို မလွတ်မြောက်စေဘူးဆိုရင် သူတို့အဖွဲ့ဟာ လက်နက်ကိုင်တိုက်ခိုက်မှုကို ပြန်လုပ်နိုင်တယ်"**

**ကိုးကား- နယူးယောက်တိုင်းမ်**

# ၂၄ ထပ် အဆောက်အအုံလေးခုပါ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ဖွင့်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီးတွင် SPRING LING အမည်ရှိ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်လိုက်သည်။

အဆိုပါဟိုတယ်ကိုမြန်မာရွှေအုတ်ခဲကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း၊ ၂၄ ထပ်ပါ အဆောက်အအုံ လေးလုံး၊ ၁၇ ထပ်ပါ အဆောက်အအုံတစ်လုံး၊ Office Tour၊ ဈေးဝယ်စင်တာများ၊ အဆင့်မြင့်စားသောက်ဆိုင်များပါဝင်ကြောင်း၊ အမေရိကန်ဒေါ်လာ သိန်း၁၀၀ ကျော်ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ထောက်ခံအားပေးမှုဖြင့် မြန်မာ၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်ကြီးများက ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ခဲ့ကြောင်း၊ လက်ရှိတွင် လူပေါင်း ၄၀၀ ကျော်အား အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဒီဟိုတယ်ကြီးကို ထူထောင် ဖွင့်လှစ်ပေးနိုင်ခြင်းအားဖြင့် အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ပန်းစက်မှုဇုန်က ပြည်သူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုတွေပေးနိုင်မှာဖြစ်သလို အလုပ်အကိုင်သစ်တွေလည်း ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်"ဟု တရုတ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေက ပြောသည်။

အဆိုပါ ဟိုတယ်သစ်ကြီး တည်ဆောက်ဖွင့်လှစ်ပေးနိုင်မှုကြောင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ပိုမိုကောင်းမွန်သောစီးပွားရေး ဝန်းကျင်ကောင်းများဖန်တီးကာ လူနေမှုဘဝအဆင့်မြင့်မားရေးအတွက်လည်း အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်အလုံးအရေအတွက် ၁၆၄၈ လုံး၊ အခန်းပေါင်း ၆၆၀၆၅ ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဟိုတယ်အလုံးပေါင်း ၃၉၇ လုံး၊ အခန်းပေါင်း ၂၀၅၂၆ ခန်းရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ယခုနှစ် ဧပြီ ၃၀ ရက် ထုတ်ပြန်ချက်အရ သိရသည်။

**မြင့်မောင်စိုး**



# သကြၤန်တွင်း ပျက်စီးခဲ့သော ဘုရင့်နောင်အမှတ် ၂ တံတား တစ်လမ်းသွားအကာ သံပန်းများ အသစ်ပြန်လည်တပ်ဆင်မှုစတင်

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ကုန်စည်စီးဆင်းမှုအဓိကထွက်ပေါက်ဖြစ်သော လှိုင်မြစ်ကူးတံတားကြီးလေးစင်းအနက် ဘုရင့်နောင်အမှတ် ၂ တံတားတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်ထားရှိသည့် သံပန်း အကာ ၁၅ ချပ်မှာ ယာဉ်တိုက်မှုကြောင့် ပျက်စီးခဲ့ရာ မေ ၁၆ ရက် မွန်းလွဲပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အသစ်ပြန်လည်တပ်ဆင်ရန် စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပျက်စီးသွားတဲ့သံပန်းအကာ ၁၅ ချပ်ကို ပြန်သိမ်းပြီးအစားထိုးတပ်ဆင်ဖို့ဆောင်ရွက်တာပါ၊ ဒီတံတားက ညပိုင်းထိခိုက်မှုတွေများတယ်၊ တစ်ခါတစ်ရံတစ်လထဲနှစ်ခါ၊ သုံးခါပျက်စီးတာလည်းရှိတယ်၊ တိုက်သွားတဲ့ယာဉ်ကိုမိရင်တော့အစားပြန်ထည့်ဖို့ပြင်ဆင်စရိတ်ရတယ်၊ အများအားဖြင့်မရတာကများတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနလှည်းကူးမြို့နယ်အထူး အဖွဲ့ ၁၀ တည်ဆောက်ရေး ၃ မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နောက်ဆုံးတည်ဆောက်သောတံတား**

ဘုရင့်နောင်အမှတ် ၂ တံတားသည် လှိုင်မြစ်ကူးတံတားကြီး လေးစင်းတွင်နောက်ဆုံးတည်ဆောက်သောတံတားကြီးဖြစ်ပြီး ရန်ကုန်မြို့၏ ဂုဏ်ယူဖွယ်တံတားကြီးတစ်စင်းလ ည်းဖြစ်ကာ တံတားပေါ်ရှိ လမ်းလယ်တုံးများရွှေ့၍ ယာဉ်များမောင်းနှင်ခြင်း၊ တစ်လမ်းမောင်းသတ်မှတ်သောလမ်းရှိ ၁၀ ပေအရှည်သံပန်းအကာများအားရွှေ့ခြင်း၊ ညပိုင်းတွင် စည်းကမ်းမဲ့မောင်းနှင်မှုကြောင့်တိုက်မိခြင်း၊ လမ်းလယ်ဘလောက်တုံးများတိုက်မိခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားသောပစ္စည်းများပျက်စီးလျက်ရှိရာ တံတားရေရှည်ခိုင်ခံ့ရန်နှင့် တံတားပေါ်ယာဉ်အန္တရာယ်ကင်းရှင်းစေရန် CCTV ကင်မရာများတပ်ဆင်နိုင်ပါက ညပိုင်းဖြစ်ပွားသောဖြစ်စဉ်များကို သိရှိဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက် (လှိုင်သာယာ)**



# စိမ်ခေါ်မှုများစွာနှင့် နေပြည်တော် ဟိုတယ်များ၏ ရှင်သန်မှု

● သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ကျော်သူဝင်း၊ ဇူလိုင်မိုး (မြန်မာ့အလင်း)

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ နေပြည်တော်သို့ ချိုးကွေ့ဝင်လိုက်သည်နှင့် ရွှေပြည်တော်ဝင်လမ်းမကြီးနှင့် ဟိုတယ်ဇုန်ကြီးကို စတင်တွေ့မြင်ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အဝိုင်းကိုပတ်ကာ ရာဇသင်္ဂဟလမ်းမကြီးသို့ ရောက်သည်နှင့် လမ်း၏ ဝဲယာ၌ ဟိုတယ်ကြီးများကို တွေ့ရမည်။ ၎င်းသည် ဟိုတယ်ဇုန် အမှတ် (၁) ဖြစ်ပြီး ယင်းမှ မြောက်ဘက်သို့ ၁၆ ကီလိုမီတာခန့် ဆက်သွားပါက နေပြည်တော်တွင် အမြင့်ဆုံးဖြစ်သည့် ဖိုးစောင့်တောင်နှင့် တောင်ခြေတစ်လျှောက်ရှိ ပုဗ္ဗသီရိမြို့ပတ်လမ်း ဝဲယာမှ ဟိုတယ်များကို တွေ့ရမည်။ MICE ဟုဆိုကြသော တွေ့ဆုံဆွေးနွေးပွဲများ၊ ဆွဲဆောင်မှုများ၊ ညီလာခံအခမ်းအနား၊ ပြပွဲကြီးများ ခင်းကျင်းပြသမှုများ စသည့် ခရီးသွားလုပ်ငန်းအပေါ်အခြေပြုထားသည့် အဆိုပါဟိုတယ်များ၏ လတ်တလောအခြေအနေသည် မည်သို့ရှိမည်နည်း။**

နေပြည်တော်ရှိ ဟိုတယ်ဇုန်များကို ပြည်ပခရီးသည်များ ပိုမိုလာရောက်စေရေးအတွက် နေပြည်တော်ရှိ ပြည်သူများ စိတ်ဝင်စားစရာ နေရာများဖြစ်သည့် ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် စသည့်အထင်ကရနေရာများကို နေပြည်တော်ကောင်စီနှင့် ညှိနှိုင်း၍ပြန်လည်ပြုပြင်နေကြောင်း၊ ပြည်ပခရီးသွားများ နေပြည်တော်ရှိ ဟိုတယ်များ၌ တစ်ညတာတည်းခိုပြီး မန္တလေး၊ ပုဂံစသည့် နေရာများကို ဆက်လက်သွားလာနိုင်အောင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသို့ လေယာဉ်များ တိုက်ရိုက်ပျံသန်းနိုင်အောင် အဆင့်မြင့် လေယာဉ်ကွင်း တည်ဆောက်ထားကာ ခရီးသွားလုပ်ငန်းကို မြှင့်တင်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ဆိုသည်။

**အလုပ်မဖြစ်**

"အခုအချိန်မှာ ပြည်ပခရီးသည်တွေ အဝင်အထွက် နည်းနေတာကြောင့် နေပြည်တော်က ဟိုတယ်တွေ အလုပ်မဖြစ်ဘူးလို့ဆိုရပါမယ်၊ နေပြည်တော်ကို လာတဲ့ခရီးသည်တွေဟာ အခမ်းအနားတွေ၊ အစည်းအဝေးတွေနဲ့ ဆွေးနွေးပွဲတွေကို လာတဲ့သူတွေများပါတယ်၊ အဲဒီပွဲတွေရှိနေရင်တော့ ဟိုတယ်တွေအလုပ်ဖြစ်ပါတယ်၊ ကျန်တဲ့အချိန်တွေဆို ခရီးသည်အဝင်က အတော်နည်းပါတယ်၊ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ဟိုတယ်လုပ်ငန်းရှင်တွေ၊ နေပြည်တော်ကောင်စီတို့နဲ့ပူးပေါင်းပြီး ခရီးသည်တွေ ပိုမိုလာရောက်အောင် နေပြည်တော်ကို Mice Market ဖြစ်လာအောင်၊ Green City ဖြစ်လာ အောင် အဆင့်မြှင့်တင်မှုတွေ လုပ်နေပါတယ်၊ ပြည်ပဧည့်သည်တွေက လူဖန်တီးထားတဲ့ အရာဝတ္ထုတွေကို စိတ်မဝင်စားဘူး၊ သဘာဝအတိုင်းတည်ရှိနေတဲ့ အရာတွေကိုပဲ စိတ်ဝင်စားတာကြောင့် ပုဂံ၊ မန္တလေးနဲ့ အင်းလေးဒေသတွေကို သွားတာများပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဝန်ထမ်းလစာ မပေးနိုင်**

နေပြည်တော်ကောင်စီနယ်မြေတွင် ဟိုတယ် ၆၄ လုံး၊ အခန်းပေါင်း ၅၅၁၅ ခန်းရှိပြီး နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် နိုင်ငံတကာ အဆင့်မီ မြန်မာကွန်ဗင်းရှင်းစင်တာ MICC-1 နှင့် MICC-2 တို့ကို တည်ဆောက်ထားရှိသည်။ နေပြည်တော်ရှိ ဟိုတယ်လုပ်ငန်းရှင်များသည် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အခမ်းအနားများရှိသည့်ကာလ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းနှင့် အာဆီယံအစည်းအဝေးကာလများတွင် အလုပ်ဖြစ်ခဲ့ကြောင်း၊ ယခုကာလတွင် ဟိုတယ်တချို့သာ အဆင်ပြေမှုရှိပြီး အများစုမှာ ဧည့်သည်ဝင်ရောက်မှု အလွန်နည်းသောကြောင့် ဟိုတယ်လုပ်ငန်းများ ရပ်နားထားရမည့် အခြေအနေများနှင့်ရင်ဆိုင်နေရကြောင်း၊ တချို့ဟိုတယ်များတွင် ဝန်ထမ်းလစာများ အထိပင်မပေးနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ လုပ်ငန်းများရပ်နားလိုက်ပါက ဟိုတယ်လုပ်ငန်းတွင် မှီခိုနေသည့် ဝန်ထမ်းများအတွက်များစွာ စိုးရိမ်စရာဖြစ်နေကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

"ဟိုအရင်ကဧည့်သည်များလို့ ဟိုတယ်တွေမှာအခန်းတွေ မလုံလောက်ဖြစ်ခဲ့ကြရတယ်၊ အဲဒီတုန်းကဟိုတယ်ဇုန်မှာ သင်တန်းတွေပေးခဲ့ပြီး ဝန်ထမ်းတွေ မွေးထုတ်ပေးခဲ့ရတယ်၊ နေပြည်တော်မှာ World Economic Forum တို့၊ အာဆီယံအစည်းအဝေးတို့၊ ဆီးဂိမ်းတို့ အများကြီးလုပ်ခဲ့တယ်၊ Seminor တွေက အကြီးကြီးတွေဆိုတော့ ဟိုတယ်က မလောက်ခဲ့ဘူး၊ ကျောက်မျက်ပွဲတွေကလည်းလေးကြိမ်၊ ငါးကြိမ်လောက် အကြီးကြီးတွေလုပ်ခဲ့တယ်၊ အဲဒီအချိန်တုန်းက အခန်းမရကြလို့ ရတဲ့နေရာမှာ ငုတ်တုတ်အိပ်တဲ့သူတွေတောင်ရှိခဲ့တယ်၊ အဲဒီမှာ ကျွန်တော်က ဒီဘက်မှာ အဆောက်အအုံဆောက်နေတုန်းရှိသေးတယ်၊ အခန်းတွေကမလောက်ဘူးဆိုတော့ မရဘူး၊ ငုတ်တုတ်စောင့်နေခဲ့တာ၊ အဲဒီအချိန်မှာလည်း လက်ရှိတစ်ခန်းကိုဒေါ်လာ ၅၀၊ ပုံမှန်ရောင်းနေတဲ့ဈေးက အဲဒီချိန်မှာ ဒေါ်လာ ၁၅၀၊ ၂၀၀ ရတယ်၊ တော်တော်လေး ရောင်းအားကောင်းခဲ့ပါတယ်၊ ပြောရမယ်ဆိုရင် အဲဒီလိုကာလတွေကို နှစ်နဲ့ချီပြီး ကျော်ဖြတ်ခဲ့ရပါတယ်၊ ငါးထပ်အဆောက်အဦကြီးစတည်နေတဲ့အချိန်မှာ World Economic Forum က နိုင်ငံခြားသားတစ်ဦးက မင်းဆီကအခန်းဘယ်နှခန်းရနိုင်မလဲမေးတော့ အခန်းက ၁၀၀ကျော်ရမယ်လို့ပြောလိုက်တယ်၊ အဲဒီအချိန်မှာ သူက သေချာလားမေးပြီး သေချာတယ်ဆိုတော့ တစ်ခန်းဘယ်လောက်နဲ့ ရောင်းမလဲမေးတော့ တစ်ခန်း ဒေါ်လာ ၂၀၀ နဲ့ရောင်းမယ်ပြောလိုက်တယ်၊ သူကလည်း ၁၀ ရက်စာ ဝယ်မယ်ဆိုပြီး Deposite ပါပေးသွားတယ်၊ အဲဒီမှာ ကျွန်တော် အမြန်ဆောက်လိုက်ရတယ်၊ ပြောချင်တာကတော့ အဲဒီအချိန်ခါတုန်းက အဲ့လောက်ထိ အခန်းတွေရှားပါးခဲ့တာ၊ အခန်းတွေရှားပါးတဲ့ပြဿနာတွေ၊ နေပြည်တော်မှာ ကြုံရတော့ နောက်ပြီးမပြီးသေးတဲ့ အဆောက်အအုံကိုငွေချေပြီးတော့ ငှားခဲ့ရတာတွေပြောချင်တာပါ၊ အဲဒီတုန်းက ရောင်းလိုအားတွေ တအားကောင်းခဲ့တာ"ဟု နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး (၂) ဦးသိန်းထွေးက ဟိုတယ်လုပ်ငန်းများ အလုပ်ဖြစ်ခဲ့သည့်အချိန်ကို ပြောပြသည်။

**ပွဲများနည်းလာ**

ယခုအခါတွင်မူ နိုင်ငံတကာအဆင့်ပွဲများ၊ ပြည်တွင်းပွဲများ နည်းလာသည်က တစ်ကြောင်း၊ ကျောက်မျက်ပြပွဲများတွင် လာရောက်သည့် ဧည့်သည်များ ကြီးကြီးမားမားမရှိသည်ကတစ်ကြောင်း၊ နေပြည်တော်၏ ဟိုတယ်လုပ်ငန်းများကျဆင်းလာသည်ဟု သိရသည်။ ယခင်က ကျောက်မျက်ပွဲမရောက်ခင် တစ်လအလိုခန့်တွင် ဟိုတယ်များကို ဘွတ်ကင်ကြိုတင်လုပ်ထားမှုများရှိခဲ့ရာလာမည့် ဇွန် ၂၀ ရက်တွင် ကျင်းပမည့် ကျောက်မျက်ပြပွဲရှိသော်လည်း ယနေ့အထိ အခန်းဘွတ်ကင်လုပ်သူမရှိသေးကြောင်း၊ နေပြည်တော် ဟိုတယ်လုပ်ငန်းများတွင် ဧည့်သည်မလာသည့်အတွက် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"အရင်ကဆို ကျောက်မျက်ပွဲမရောက်ခင် တစ်လအလိုလောက်ကတည်းက ဟောင်ကောင်က အဖွဲ့တွေဆို အခန်းတွေကို ဘွတ်ကင်လုပ်ပြီး ပိုက်ဆံတစ်ခါတည်းရှင်းသွားကြပြီ၊ ပြီးမှ သူတို့ဘက်က လာမယ့် ဧည့်သည်ရဲ့ နာမည်စာရင်းကို လှမ်းပြီးမေးလ်ပို့တာ၊ အဲဒီမှာဘယ်အခန်းမှာ ဘယ်သူတည်းမယ်၊ ဘယ်အခန်းက ဘယ်သူတာဝန်ယူရမယ်ဆိုပြီး အဆိုင်းတွေချထားတာ၊ အဲဒီတုန်းကတော့ အလွန်အဆင်ပြေခဲ့တယ်၊ အဲဒီအတွက် အနီးနားပတ်ဝန်းကျင်က ဒေသခံတွေကို သင်တန်းတွေခေါ်ပေးပြီး အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ခဲ့တယ်၊ လယ်ဝေး၊ တပ်ကုန်း၊ ပျဉ်းမနားစတဲ့ အနီးနားက ဒေသခံတွေကိုဦးရေ ၆၀၀ ၊ နောက်ထပ် ၈၀၀ စသဖြင့် သူတို့တွေရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေပါရရှိခဲ့ပါတယ်၊ ဒါပေမယ့် ဧည့်သည် ဝင်ရောက်မှု နည်းလာရင်တော့ ဝန်ထမ်းတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းသွားနိုင်ပါတယ်" ဟု ဟိုတယ်လုပ်ငန်းများရပ်တန့်နေမှုနှင့်ပတ်သက်၍ ဦးသိန်းထွေးက ဆက်လက်ပြောပြသည်။

> **လယ်ဝေး၊ တပ်ကုန်း၊ ပျဉ်းမနားစတဲ့ အနီးနားက ဒေသခံတွေကိုဦးရေ ၆၀၀၊ နောက်ထပ် ၈၀၀ စသဖြင့် သူတို့တွေရဲ့အလုပ်အကိုင် အခွင့်အလမ်းတွေ ပါရရှိခဲ့ပါတယ်၊ ဒါပေမယ့် ဧည့်သည်ဝင်ရောက်မှု နည်းလာရင်တော့ ဝန်ထမ်းတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းသွားနိုင်ပါတယ်။**



**အဆင့်မီပြုပြင်ရမည်**

နေပြည်တော်နယ်မြေသည် ကမ္ဘာလှည့်ခရီးသွားများ အလာများသည့်နေရာမဟုတ်ဘဲ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲများ၊ အာဆီယံအစည်းအဝေးများ၊ Government နှင့် ပတ်သက်သည့် အစည်းအဝေးများ ပြုလုပ်ပြီး ဝင်ငွေရှာနိုင်သည့် Mice Market တစ်ခုပင်ဖြစ်သည်။ နိုင်ငံခြားသား ဧည့်သည်များသည် လူဖန်တီးသော အရာများကို ကြိုက်နှစ်သက်မှု မရှိသည့်အတွက် သဘာဝအလှအပများဖြင့် ဆွဲဆောင်နိုင်ရန် နေပြည်တော်အနီးဝန်းကျင်ရှိ ဆင်စခန်းများ၊ ရေပူစမ်းနှင့် ကျေးရွာများ၏ ကျေးလက်သဘာဝ အလှတရားများကိုမြှင့်တင်ကာ နေပြည်တော်သို့ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားလာရောက်နိုင်စေရန်အတွက် ဆွဲဆောင်ပြုလုပ်ရမည်ဖြစ်သည်။ ပြည်တွင်း ဧည့်သည်များ လာရောက်ရန်အတွက်လည်း နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ရေပန်းဥယျာဉ်များကို နိုင်ငံတကာအဆင့်မီအောင် ပြုပြင်ရမည်ဖြစ်သည်။

"ကျွန်တော်တို့ဆီမှာ Seminor တွေများမယ်၊ WorkShop တွေများမယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေကလာရင် MICC -1 နဲ့ MICC -2 က နေ့စဉ်အားမှာ မဟုတ်ဘူး၊ ကျွန်တော်နိုင်ငံတကာမှာလေ့လာခဲ့တယ်၊ နေပြည်တော်ရဲ့ ပုံစံက Tourism စကားနဲ့ ပြောမယ်ဆိုရင် Mice Market လို့ခေါ်တယ်၊ Mice Market ဆိုတာက ဒေသတွင်းမှာ အစည်းအဝေးတွေ၊ Seminor တွေ၊ Government နဲ့ ပတ်သက်တာတွေ ပြုလုပ်တဲ့နေရာ လို့ပြောတာပါ၊ ခရီးသွားလုပ်ငန်းပုံစံတစ်မျိုးပါ၊ ကျွန်တော်နိုင်ငံတကာမှာလေ့လာခဲ့တယ်၊ ကွန်ဗင်းရှင်းစင်တာတွေကိုကြည့်လိုက်တဲ့အခါမှာ နေ့စဉ်အလုပ်တွေကအလွန်များတာ၊ ချင်းမိုင်မှာဖြစ်ဖြစ်၊ ဗန်ကောက်မှာဖြစ်ဖြစ်၊ စင်ကာပူမှာဖြစ်ဖြစ်၊ ဗီယက်နမ်မှာဖြစ်ဖြစ်၊ ကိုရီးယားမှာဖြစ်ဖြစ် နေ့စဉ် Mice က အလွန်ကြီးထွားတာ၊ သူတို့ဆီမှာ Tourism မပါသေးဘူး။ Mice နဲ့တင်ကို ၁၀၀ ကျော်နေပြီ၊ ကျွန်တော်တို့ နေပြည်တော်မှာဘာလို့မဖြစ်ရတာလဲဆိုရင် ဒီက MICC -1 ကြီးကပိတ်ထားတာကများတယ်၊ ကျွန်တော်တို့ဆီက MICC တွေက ဗန်ကောက်ကထက်သာတယ်၊ လက်ရှိ အာဆီယံ အစည်းအဝေးလုပ်နေတဲ့ စင်ကာပူထက်သာတယ်၊ ကျွန်တော့် အတွေ့အကြုံအရ ပြောရမယ်ဆိုရင် နေပြည်တော်က MICC-1 နဲ့ MICC -2 က အလွန်ကောင်းတယ်၊ ကျွန်တော်တို့မှာ Market တွေလိုတယ်၊ လက်ရှိပြည်ထောင်စုဝန်ကြီးကလည်း အာဆီယံ အစည်းအဝေးမှာတုန်းက နေပြည်တော် ဖွံ့ဖြိုးဖို့အတွက် ပြောပါတယ်၊ ဒီဘက်က လည်းတိုးရစ်ဇင် မဟုတ်တော့ အသင်းကလည်း Asean Mice ပြပွဲတွေ စင်ကာပူမှာလုပ်တယ်၊ ဗန်ကောက်မှာ လုပ်တယ်၊ ကျွန်တော်တို့တွေ သွားရောက်ပြီး ဟိုတယ်တွေများကြောင်း၊ အခြေခံအဆောက်အအုံတွေ ကောင်းကြောင်း၊ 5 star၊ 4 star၊ 3 star ဘယ်နှစ်လုံးရှိတယ်၊ ဈေးနှုန်းတွေကအစ ချပြခဲ့ပါတယ်၊ ဒီဘက်နောက်ပိုင်းတွေကျတော့ တဖြည်းဖြည်းနဲ့ လက်ရှိဟိုတယ်တွေမှာ စိုးရိမ်လာတာဘာလဲဆိုတော့ ကျွန်တော်တို့ မွေးထုတ်ပေးတဲ့ ဝန်ထမ်းတွေဟာ နောက်နှစ်တွေမှာဒီထက်ပိုပိုပြီး ဧည့်သည်တွေ နည်းလာမယ်ဆိုရင် သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေပါ စိုးရိမ်လာရတယ်၊ ဒါကြောင့် ကျွန်တော်တို့ အသင်းအနေနဲ့ Marketing တွေလုပ်တယ်၊ ဟိုတယ်အားလုံးရဲ့ စီးပွားရေးတွေ ကောင်းအောင် ဝိုင်းလုပ်နေကြတာ ခုထက်ထိပါပဲ၊ နောက်တစ်ခုက နိုင်ငံရေးအခြေအနေပါ၊ နိုင်ငံတကာခရီးသွား တွေကရခိုင်ဒေသကိစ္စတွေကြောင့် မြန်မာပြည်ကိုလာဖို့ ပျက်သွားတယ်၊ အဲဒီအကျိုးတွေက ကျွန်တော်တို့ဆီကိုလည်း တစ်စိတ်တစ်ဒေသ သက်ရောက်လာပါတယ်" ဟု ဦးသိန်းထွေးက ဆိုသည်။

**နည်းမျိုးစုံအဖြေရှာ**

ဟိုတယ်လုပ်ငန်းများ အလုပ်မဖြစ်သည့် အခါ ဝန်ထမ်းများအတွက် Service Money ပါဝေသွားပြီး ဝန်ထမ်းလစာများ ပါထိခိုက်လာရသည်။ ဟိုတယ်ဇုန် ၁ ရှိဟိုတယ်အချို့တွင် ပုံမှန်ဧည့်သည်ရနေသော်လည်း ယခင်လောက်မရတော့သည့်အတွက် လုပ်ငန်းများပြုတ်ကျသည်ဟု ဆိုနိုင်သည်။ ထို့အတူဇုန် (၂)ရှိ ဟိုတယ်လုပ်ငန်းရှင်များမှာလည်း လုပ်ငန်းများ ဧည့်သည်လာရောက်မှု မရှိသလောက်နည်းပါးနေသည့်အတွက် အခက်တွေ့နေရကြရသည်။ အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနနှင့် ပေါင်းပြီး ဘတ်စ်ကားများ လမ်းကြောင်းများကို ဟိုတယ်ဇုန်များဘက်သို့ ဖြတ်သန်းသွားစေခြင်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင် အခမဲ့ပြပွဲများ ပြုလုပ်ပေးပြီး နည်းမျိုးစုံဖြင့် အဖြေရှာလျက်ရှိသော်လည်း ဧည့်သည်လာရောက်မှုမရှိကြောင်း သိရသည်။

"အရင်ကဆို ကျွန်တော့်ဟိုတယ်မှာ အစည်းအဝေးခန်းမက မပြတ်ဘူး၊ တစ်နေ့ကိုလူ ၅၀၊ ၁၀၀ ရှိတယ်၊ အခုဆိုဧည့်သည်မရှိတော့ဘူး၊ ဒီစိန်ခေါ်မှုတွေကိုအဖြေရှာရမယ်"ဟု ဟိုတယ်ဇုန် - ၁ ရှိ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နေပြည်တော်တွင် ယခင်ဧည့်သည်ဝင်ရောက်မှု အဆင့် ၁မှ ၃ ထဲတွင်ရှိသည့် ဟိုတယ်များပင် ယခုအခါ ဧည့်သည်ဝင်ရောက်မှုမရှိသလောက် နည်းပါးသွား၍ ဟိုတယ်လုပ်ငန်းရှင်များ အခက်တွေ့နေသည်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်မှုသာ အဆင်ပြေမည်ဖြစ်သည်ဟုလည်း ၎င်းကဆိုသည်။

**ဟိုတယ်ဇုန်များ အသက်ဝင်ရေး**

"ဟိုတယ်ဇုန်တွေပြန်ပြီးအသက်ဝင်လာဖို့အတွက် စိတ်ကူးလေးတစ်ခုရှိခဲ့ပါတယ်၊ ရန်ကုန်ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမမှာကျင်းပတဲ့ စက်မှုလက်မှုနဲ့ပတ်သက်တဲ့ပြပွဲတွေ၊ မော်တော်ကားပြပွဲတွေ စတဲ့ ပြပွဲတွေကို နေပြည်တော်မှာလုပ်လို့မရဘူးလား၊ နေပြည်တော်မှာလုပ်မယ်ဆိုရင် MICC-2 က အကြီးကြီးပါ၊ ရန်ကုန်မှာလုပ်တာကကားကျပ်တာတွေဖြစ်တယ်၊ ဒီမှာက ကားကျပ်တာတွေ မရှိဘူး၊ ဒါကြောင့် ဒီမှာလာ မလုပ်နိုင်ဘူးလား၊ အဲဒီမှာ ကျွန်တော်တို့အသင်းဘက်ကဘာလုပ်ပေးနိုင်လဲဆိုတော့ နေပြည်တော်လာရင် Express ကားတွေကို Discount ပေးမယ်၊ ဘာလို့လဲဆိုတော့ တချို့က ပြပွဲ ပြချင်တဲ့သူရယ်၊ လာချင်တဲ့သူရယ် နှစ်ပိုင်း ရှိမယ်ပေါ့၊ ပြပွဲပြချင်တဲ့သူတွေအတွက်ကို ဟိုတယ်တွေ မှာတည်းခိုခန်းခကိုလျှော့ချပေးမယ်၊ အဲဒီမှာတချို့ ဟိုတယ်တွေက မလျှော့နိုင်ဘူးဆိုရင် မလျှော့နိုင်တဲ့ ဟိုတယ်မလာနဲ့ လျှော့နိုင်တဲ့ဟိုတယ်တွေကလာခဲ့ဆိုပြီး ရွေးချယ်ပြီး ဈေးနှုန်းတစ်ခုသတ်မှတ်ပေးမယ်၊ အဲဒီမှာ ရောင်းမယ့်သူက အဲဒီဟိုတယ်တွေမှာ တည်းမယ်၊ ပြီးတော့ ကျွန်တော်တို့ဘက်က MICC -1 နဲ့ MICC - 2 ကို Shutter Bus ဆွဲပေးမယ်၊ လာကြည့်မယ့်သူတွေကိုရော Special Discount တွေမပေးနိုင်ဘူးလား၊ ပြပွဲတွေလုပ်ရင်းနဲ့ နေပြည်တော် ဟိုတယ်ဇုန် (၁) ကြီးမှာ မိန်းလမ်းဘေးဘယ်ညာမှာ ညဈေးတန်းလုပ်မယ်၊ အဲဒီလို ညဈေးလုပ်ဖို့အတွက်ကိုလည်း နေပြည်တော်ကောင်စီက ခွင့်ပြုပေးဖို့ လိုအပ်ပါတယ်၊ ပြီးတော့ စည်ကားလာအောင် ဒေသ အာဏာပိုင်တွေက ဝိုင်းကူညီပေးစေချင်တယ်၊ ညဈေးလေးလုပ်ပြီး ဆွဲဆောင်ရမယ်၊ ဒီနေရာမှာရှိရင် သပြေကုန်းတို့၊ မြို့မဈေးတို့သွားစရာ မလိုတော့ဘူး၊ မတူတဲ့ Different Market ဟိုတယ်တွေကနေ သူ့ရဲ့ ထုတ်လုပ်မှု Food City နဲ့ ညီမျှတဲ့ အစားအစာတွေရောင်းကြမယ်၊ တချို့ဟိုတယ်က ရုပ်သေးရုပ်လေးတွေ၊ လက်မှုပစ္စည်းလေးတွေ စတဲ့ပစ္စည်းလေးတွေ ရောင်းကြမယ် စတဲ့အသစ် အသစ်တွေကို ဖန်တီးယူကြမယ်၊ လူတိုင်း လာချင်တဲ့ဈေးနှုန်းနဲ့ ဟိုတယ်ခတွေကိုလည်း သတ်မှတ်ပေးမယ်ဆိုရင် ဧည့်သည်ဝင်လာမယ်၊ ခရီးသွားနေရာတစ်ခုဖန်တီး ပေးရမယ်၊ ခရီးသွားနေရာတစ်ခုဖန်တီးပေးတဲ့နေရာ မှာဒီမှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်တို့၊ ဆာဖာရီ ဥယျာဉ်တို့၊ တိုင်းရင်းသား ကျေးရွာတို့ကို နိုင်ငံတကာအဆင့်မီအောင် လုပ်ပေးနိုင်ဖို့ လိုပါတယ်၊ အဆင့်မီအောင် လုပ်ပေးပြီးမှသာ တိုးရစ်ဇင်တွေကို ဆွဲဆောင်တာကောင်းပါတယ်"ဟု နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး (၂) ဦးသိန်းထွေးက ပြောသည်။

"စိန်ခေါ်မှုတွေကျော်လွှားဖို့ အတွက်က ကျွန်တော်တို့ချည်းပဲလုပ်လို့မရပါဘူး၊ ဆိုင်ရာတွေကလည်း ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီစေချင်ပါတယ်၊ ကျွန်တော်တို့တောင်းဆိုတာက ကျွန်တော်တို့အတွက် မဟုတ်ပါဘူး၊ ဒီလုပ်ငန်းအဝန်းအဝိုင်းထဲက ဝန်ထမ်းတွေ အလုပ်လက်မဲ့ဖြစ်သွားမှာ စိုးရိမ်လို့ပါ၊ ကျွန်တော်တို့အနေနဲ့ကတော့ ဝန်ထမ်းတွေကို လျှော့ချသွားမှာမဟုတ်ပါဘူး၊ အဓိကက ဧည့်သည်ရချင်တာပါ"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၅-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၈၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၅/၈၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၅/၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၈၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၅ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၂ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၀ ·၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၇ ·၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၈ ·၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၀၅ ·၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ ·၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၇၅၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ·၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၉၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၁ ·၈၁၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉.၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဇွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကြယ်ပွင့်တစ်ပွင့်ရဲ့မရေရာတဲ့အနာဂတ်
## သို့မဟုတ်
# ပက်ထရစ်ရောဘတ်




လာမယ့်ရာသီမှာ ပရီမီယာလိဂ်မှာကစားဖို့ရည်ရွယ်ထားတဲ့ ပက်ထရစ်ရောဘတ်ရဲ့ အနာဂတ်က ဘယ်လိုရှိလဲ။ ဆဲလ်တစ်အသင်းမှာ အငှားကစားခဲ့တဲ့ ပြီးခဲ့တဲ့ရာသီတွေအတွင်း သူ့ရဲ့ခြေစွမ်းတွေအရတော့ သူ့ရဲ့အနာဂတ်ဟာ တောက်ပလာဖို့ရှိတယ်လို့တော့ ပြောနိုင်တယ်။ ဒါပေမယ့် သူဟာ မန်စီးတီးလို အသင်းမျိုးမှာ ကစားနိုင်ဖို့ ရှိနေသေးလား။ သူဟာ ဘယ်လိုကစားသမားမျိုးလဲ။

**ပက်ထရစ်ရောဘတ်ကဘယ်သူလဲ**

ပက်ထရစ်ရောဘတ်ဟာ ဝင်ဘယ်ဒန်အသင်းကနေ ဖူလ်ဟမ်အသင်းကို အသက် ၁၃ နှစ်အရွယ်မှာ ပြောင်းရွှေ့သွားခဲ့တာ ဖြစ်ပါတယ်။ သူဟာ ဖူလ်ဟမ်အသင်းနဲ့ ၁၇ နှစ်သားအရွယ်မှာ ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းနဲ့စာချုပ်ချုပ်ဆိုပြီး တစ်လအကြာမှာတော့ ပရီမီယာလိဂ်မှာ ပထမဦးဆုံး ပွဲထွက်ကစားခွင့်ရခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲဒီအချိန်တုန်းက ဖူလ်ဟမ်အသင်းရဲ့မန်နေဂျာဖီးလစ်မာဂါက ပက်ထရစ်ရောဘတ်နဲ့ပတ်သက်ပြီး အရည်အချင်းရှိတဲ့ ပါရမီရှင်ကစားသမားတစ်ဦးလို့တောင် ပြောဆိုခဲ့ပါတယ်။ ကံဆိုးတာက သူစတင်ကစားခွင့်ရတဲ့နှစ်မှာပဲ ဖူလ်ဟမ်အသင်းက ပရီမီယာလိဂ်ကနေ တန်းဆင်းသွားခဲ့ရပါတယ်။ ဒါပေမယ့် ပက်ထရစ်ရောဘတ်ရဲ့အရည်အချင်းတွေကတော့ မှေးမှိန်မသွားခဲ့ပါဘူး။

**ဘယ်လိုကစားခွင့်ရခဲ့တာလဲ**

ပက်ထရစ်ရောဘတ်ဟာ ဖူလ်ဟမ်အသင်းကြီးနဲ့အတူ ပရီမီယာလိဂ်မှာ ပွဲထွက်ကစားခွင့်ရပေမယ့် နောက်ပိုင်းမှာတော့ ဖူလ်ဟမ်လူငယ်အသင်းမှာ ပြန်ကစားခဲ့ရပါတယ်။ သူဟာအဲဒီမှာလည်း ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ သူဟာဖူလ်ဟမ်လူငယ်အသင်းနဲ့အတူ အက်ဖ်အေလူငယ်ဆုဖလားဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပေမယ့် ၆ ဂိုး-၇ ဂိုးနဲ့ ချယ်လ်ဆီးလူငယ်အသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။ ရောဘတ်ဟာ ၂၀၁၄-၁၅ ရာသီမှာတော့ ဖူလ်ဟမ်အသင်းကြီးမှာ ပြန်လည်ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ သူဟာ အင်္ဂလန်ယူ ၁၇ အသင်းနဲ့အတူ ဥရောပချန်ပီယံဆုကိုလည်း ရယူပေးနိုင်ခဲ့ပါတယ်။ သူဟာ အဲဒီရာသီမှာတော့ ဖူလ်ဟမ်အသင်းနဲ့အတူ လိဂ်ချန်ပီယံရှစ်ပွဲပေါင်း ၂၀ ကျော်ပါဝင်ကစားခွင့် ရခဲ့ပါတယ်။ ဒါကြောင့်လည်းသူ့ရဲ့ အရည်အချင်းတွေကိုသိတဲ့ မန်စီးတီးအသင်းဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ ပေါင် ၁၂ သန်းနဲ့ ခေါ်ယူခဲ့ပါတယ်။ သူဟာ မန်စီးတီးအသင်းနဲ့အတူ ရာသီအကြို ခြေစမ်းပွဲတွေမှာ ပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။ မန်စီးတီးအသင်းနဲ့အတူ ပထမဦးဆုံး ပွဲထွက်ကစားခွင့်ရတဲ့ပွဲကတော့ ဆန်းဒါးလန်းအသင်းကို ၄-၁ နဲ့ နိုင်ခဲ့တဲ့ လိဂ်ဖလားပွဲဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ပထမဦးဆုံးပါဝင် ကစားခွင့်ရတဲ့ပွဲက စပါးအသင်းနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲဖြစ်ပြီး အဂူရိုရဲ့ နေရာမှာလူစားလဲ ပါဝင်ကစားခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ရောဘတ်ဟာ အသက်အရွယ်ငယ်သေးတာက တစ်ကြောင်း၊ အတွေ့အကြုံနုသေးတာကတစ်ကြောင်းဖြစ်တာကြောင့် မန်စီးတီးအသင်းဟာ သူ့ကို ဆဲလ်တစ်အသင်းထံမှာ ပထမအကြိမ် ၁၈ လအငှားချထားလိုက်ပါတယ်။ သူဟာ ဆဲလ်တစ်အသင်းကို ရောက်ရှိခဲ့ပြီး ဧပြီလမှာတော့ စတင်တောက်ပလာကာ စကော့တလန်လိဂ်ရဲ့ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပါတယ်။ သူဟာ အဲဒီရာသီပဲ အသင်းနဲ့အတူ စကော့တလန် ပရီမီယာရှစ် ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာတော့ ဆဲလ်တစ်အသင်းမှာပဲ တစ်ရာသီအငှား ထပ်ချခြင်း ခံခဲ့ရပါတယ်။ ဒါပေမယ့် သူဟာ တံကောက်ကြောဒဏ်ရာ ရရှိခဲ့တာကြောင့် အသင်းမှာ ကာလရှည်အနားယူခဲ့ရပြီး ပွဲအနည်းငယ်သာ ကစားခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် သူဟာ ဆဲလ်တစ်အသင်းနဲ့ ကစားခဲ့တဲ့ နှစ်ရာသီခွဲအတွင်း ဆုဖလား ငါးလုံးရရှိခဲ့ပါတယ်။ သူဟာ ဆဲလ်တစ်အသင်းနဲ့အတူ ၄၈ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၁၅ ဂိုးသွင်းယူပေးထားခဲ့သူလည်း ဖြစ်ပါတယ်။

**အနာဂတ်အခြေအနေ**

ရောဘတ်ကတော့ လာမယ့်ရာသီမှာ သူ့အနေနဲ့ ပရီမီယာလိဂ်မှာကစားဖို့ရှိနေတယ်လို့ ပြောခဲ့ပါတယ်။ ရောဘတ်က "ကျွန်တော်ဟာ ဆဲလ်တစ်အသင်းမှာတော့ ပျော်ရွှင်ခဲ့ပါတယ်၊ အဲဒါကိုလည်း လူတိုင်းက သိပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ကြီးမားတဲ့ ရည်မှန်းချက်ရှိပါတယ်၊ အင်္ဂလန်ကစားသမားတစ်ဦးဖြစ်တာကြောင့် ပရီမီယာလိဂ် နည်းစနစ်တွေနဲ့ ကြီးပြင်းလာတာကြောင့် ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးတွေမှာပဲ ကစားချင်ပါတယ်၊ အခုဆိုရင် ကျွန်တော်ဟာ မန်စီးတီးအသင်းမှာ ရှိနေပါတယ်၊ ဘာဖြစ်မယ်ဆိုတာကို မသိသေးပေမယ့် ကိုယ်လုပ်ရမယ့်အလုပ်ကိုတော့ အကောင်းဆုံးလုပ်နေပါတယ်"လို့တော့ ပြောဆိုထားပါတယ်။

မန်စီးတီးအသင်းမှာက ကွင်းလယ်ဖန်တီးရှင်တွေ များလွန်းတာကြောင့် သူ့ရဲ့အနာဂတ်ဟာ မန်စီးတီးအသင်းရဲ့အပြင်ဘက်မှာပဲ ဆက်လက်ရှိနေဖို့ကတော့ အလားအလာ ပိုများတယ်လို့ ပြောရမှာပါ။ အခုအချိန်အထိတော့ မန်စီးတီးမန်နေဂျာ ဂွါဒီယိုလာဟာ သူနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာထုတ်ဖော်ပြောဆိုခြင်းတော့ မရှိသေးပါဘူး။ ဆဲလ်တစ်အသင်းမန်နေဂျာ ရော်ဂျာစ်အနေနဲ့ သူ့ကိုခေါ်ယူချင်ပေမယ့် ပေါင်သန်း ၃၀ လောက်နဲ့တောင် ခေါ်ယူဖို့မလွယ်ဘူးလို့ဆိုထားပါတယ်။ လက်ရှိ ထွက်ပေါ်နေတဲ့ သတင်းတွေအရတော့ မန်စီးတီးအသင်းဟာ လက်စတာကစားသမား မာရက်ဇ်ကို ခေါ်ယူရာမှာတော့ ရောဘတ်ကို စာချုပ်တစ်စိတ်တစ်ပိုင်းအနေနဲ့ အလိုက်ပေး ကမ်းလှမ်းသွားဖို့လည်း ရှိနေတယ်လို့ဆိုပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့အနာဂတ်ကတော့ လက်စတာအသင်းကို ရောက်ဖို့လည်းရှိနေနိုင်ပါတယ်။ ဒီ့အပြင် မကြာသေးခင်က ပရီမီယာလိဂ် တန်းဆင်းဇုန်ကနေ လွတ်ခဲ့တဲ့ ဆောက်သမ်တန်အသင်းကလည်း သူ့ကို ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ သတင်းတွေကလည်း ထွက်နေတယ်။ ဒါကြောင့်လည်း သူ့ရဲ့အနာဂတ်ဟာ ပရီမီယာလိဂ်မှာတော့ ဆက်လက်ရှိနေနိုင်တယ်လို့တော့ ကောက်ချက်ဆွဲနိုင်တယ်။

ရောဘတ်ဟာ လက်ရှိအချိန်မှာ မန်စီးတီးအသင်းရဲ့ကစားသမားတစ်ဦးဖြစ်ပေမယ့် မသေချာမရေရာသေးတဲ့ အနာဂတ်တစ်ခုကို ပိုင်ဆိုင်ထားတဲ့ အနာဂတ်ကြယ်ပွင့်တစ်ဦးလို့သာ ဆိုလိုက်ချင်ပါတယ်။ ။ **အောင်က**

# အီတလီအသင်းနည်းပြသစ်အဖြစ် မန်ချီနီအား ခန့်အပ်




အီတလီဘောလုံးအဖွဲ့ချုပ်သည် နာမည်ကျော်အီတလီလူမျိုးနည်းပြတစ်ဦးဖြစ်သူ ရောဘတ်တို မန်ချီနီအား အီတလီလက်ရွေးစင်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

အသက် ၅၃ နှစ်အရွယ်ရှိ နည်းပြမန်ချီနီသည် ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက်တွင် ရုရှားကလပ် ဇင်းနစ်အသင်းကို တာဝန်ယူခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် မေ ၁၃ ရက်တွင် ဇင်းနစ်အသင်းနှင့် နှစ်ဦး သဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် အီတလီအသင်း နည်းပြအဖြစ် တာဝန်ယူရန် လက်ခံခဲ့ခြင်း ဖြစ်သည်။ အီတလီဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြမန်ချီနီတို့သည် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီအသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိသောကြောင့် ခြေစစ်ပွဲများအပြီး မကြာမီ၌ပင် အီတလီဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက နည်းပြ ဗန်တူရာအား အီတလီနည်းပြရာထူးမှ ထုတ်ပယ်ခဲ့သည်။ အီတလီအသင်း နည်းပြသစ်မန်ချီနီ၏ ပထမဆုံးပွဲမှာ လာမည့် မေ ၂၈ ရက်တွင် အီတလီအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာ ခြေစမ်းပွဲဖြစ်သည်။

နည်းပြမန်ချီနီက "နိုင်ငံလက်ရွေးစင်အသင်းကို တာဝန်ယူရခြင်းရဲ့အကြောင်းပြချက်တစ်ခုကတော့ ဒီတာဝန်ကို ထမ်းဆောင်ရတာ ဂုဏ်ယူစရာဖြစ်လို့ပါ၊ လက်ရှိအချိန်က အီတလီအသင်းကို ကျွန်တော်တာဝန်ယူဖို့ သင့်တော်တဲ့အချိန်လို့ ထင်ပါတယ်၊ အီတလီအသင်းနဲ့အတူ အောင်မြင်မှုတစ်စုံတစ်ရာ ရခဲ့မယ်ဆိုရင် ဒါဟာ တုန္ဒိုင်းဖို့ခက်တဲ့ အောင်မြင်မှုဖြစ်လာမှာပါ၊ လက်ရှိအချိန်ကတော့ ကျွန်တော်တို့အတွက် ခက်ခဲတဲ့ကာလပါ၊ လုပ်စရာတွေ အများကြီးရှိနေပါတယ်"ဟု ပြောဆိုခဲ့သည်။

နည်းပြမန်ချီနီအနေဖြင့် အီတလီအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ပြီးနောက် ချမှတ်ရမည့် အရေးပါသည့် ဆုံးဖြတ်ချက်များအနက်တစ်ခုမှာ အီတလီလက်ရွေးစင်အသင်းသို့ တိုက်စစ်မှူး ဘာလိုတယ်လီအား ပြန်လည်ခေါ်ယူခြင်းပြု မပြုဆုံးဖြတ်ရန်ဖြစ်သည်ဟုဆိုသည်။ တိုက်စစ်မှူး ဘာလိုတယ်လီသည် ၂၀၁၄ ခုနှစ် နောက်ပိုင်းကတည်းက အီတလီလက်ရွေးစင်အသင်းနှင့် ကင်းကွာနေခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဘာလိုတယ်လီသည် ၂၀၁၆ ခုနှစ်တွင် ပြင်သစ်ကလပ် နိုက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်းတွင် ခြေစွမ်းကောင်း ပြန်လည်ရရှိနေသူဖြစ်သည်။

နည်းပြမန်ချီနီသည် အင်တာ မီလန်နှင့် မန်စီးတီးအသင်းတို့ကို တာဝန်ယူခဲ့စဉ်က တိုက်စစ်မှူး ဘာလိုတယ်လီသည် နည်းပြမန်ချီနီ၏ လက်အောက်တွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။ နည်းပြမန်ချီနီက အီတလီအသင်းအတွက် တိုက်စစ်မှူး ဘာလိုတယ်လီအား ခေါ်ယူရေးနှင့် ပတ်သက်ပြီး ဘာလိုတယ်လီနှင့် ဆွေးနွေးသွားမည်ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

# အာဆင်နယ်အသင်းအား ဂိုးသမား ပီတာဆက်ချ် သတိပေးစကားဆို



အာဆင်နယ်အသင်း ဂိုးသမား ပီတာဆက်ချ်က အာဆင်နယ်အသင်းသည် မန်နေဂျာ အာဆင်ဝင်းဂါးနှင့် လမ်းခွဲပြီးနောက် မန်နေဂျာအပြောင်းအလဲ မကြာခဏပြုလုပ်သည့် အသင်းမျိုးဖြစ်မလာရန်လိုအပ်ကြောင်း သတိပေးပြောဆိုလိုက်သည်။ ဝါရင့်ဂိုးသမား ပီတာဆက်ချ်က မန်ယူအသင်း မန်နေဂျာ ဖာဂူဆန်အနားယူပြီးနောက် မန်ယူအသင်းတွင် မန်နေဂျာအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့မှုကို ရည်ညွှန်းကာ ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ချက်ဂိုးသမား ပီတာဆက်ချ်သည် ၂၀၁၅ ခုနှစ် နွေရာသီဈေးကွက်ကာလတွင် ချယ်လ်ဆီးအသင်းမှ လန်ဒန်မြို့ခံပြိုင်ဘက် အာဆင်နယ်သို့ ပြောင်းရွှေ့လာသူဖြစ်ကာ အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၁၁၇ ပွဲ ပါဝင်ကစားထားသူ ဖြစ်သည်။

မန်နေဂျာသစ် လက်အောက်တွင် အာဆင်နယ်အသင်း ကာလရှည်ရှိနေနိုင်မည်လားဟု မေးမြန်းမှုကို ပီတာဆက်ချ်က "ဒါကတော့ အသင်းရဲ့ စွမ်းဆောင်ရည် ဘယ်လောက်ကောင်းမွန်မလဲဆိုတာနဲ့ မန်နေဂျာသစ်က ဘယ်လိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မလဲဆိုတဲ့အချက်ပေါ်မူတည်ပါတယ်၊ ဥပမာအနေနဲ့ မန်ယူအသင်းကို ကြည့်ပါ၊ ဆာအဲလက်စ်ဖာဂူဆန်အနားယူသွားပြီးတဲ့နောက် မန်နေဂျာအပြောင်းအလဲတွေရှိခဲ့တယ်၊ မန်ယူမန်နေဂျာအဖြစ် ဗန်ဟားလ်ကို ခန့်အပ်ချိန်မှာ ဗန်ဟားလ်ဟာ မန်ယူမှာ နှစ်ရှည်ရှိနေလိမ့်မယ်လို့ ယူဆခဲ့ကြတယ်၊ ဒါပေမယ့် ဗန်ဟားလ်က အများ မျှော်လင့်ထားသလို အောင်မြင်မှုရယူပေးနိုင်ခြင်းမရှိတာကြောင့် နောက်နှစ်နှစ်ကြာတဲ့အခါ မန်ယူအသင်းမှာ မန်နေဂျာအပြောင်းအလဲ ထပ်ဖြစ်လာပြန်တယ်၊ ဘောလုံးလောကမှာ တစ်သမတ်တည်း ဖြစ်နေဖို့ဆိုတာက အခက်ခဲဆုံးအရာတွေထဲက တစ်ခုပါ၊ အထူးသဖြင့် နည်းပြ ဒါမှမဟုတ် မန်နေဂျာတစ်ဦး ဖြစ်နေချိန်မှာပေါ့၊ နည်းပြတွေကလည်း သူတို့အတွက် တောင့်တင်းခိုင်မာမှုရှိတဲ့အသင်းကို ရှာဖွေပါလိမ့်မယ်၊ အရေးကြီးတာကတော့ အောင်မြင်မှုရယူနိုင်ဖို့ပါပဲ၊ ဒီအချက်က အသင်းတစ်သင်းမှာ နည်းပြတစ်ဦး ဘယ်လောက်ကြာကြာရှိနေမလဲဆိုတဲ့ အချက်ကို ဆုံးဖြတ်ပေးပါလိမ့်မယ်"ဟု ဖြေဆိုခဲ့သည်။

အာဆင်နယ်အသင်းအနေဖြင့် အဝေးကွင်းပွဲများတွင် ရလဒ်ဆိုးရွားနေခြင်းကို ပြင်ဆင်နိုင်မည်ဆိုပါက ပရီမီယာလိဂ်ချန်ပီယံဖြစ်ရန် စိန်ခေါ်နိုင်လိမ့်မည်ဟု ဂိုးသမား ပီတာဆက်ချ်က ဆက်လက်ပြောဆိုခဲ့သည်။

၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ရာသီတွင် အာဆင်နယ်အသင်းသည် အိမ်ကွင်းနိုင်ပွဲ ၁၅ ပွဲရယူနိုင်ခဲ့ပြီး မန်ယူအသင်းနှင့်အတူ ဒုတိယမြောက် အိမ်ကွင်းနိုင်ပွဲရရှိမှု အများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း အဝေးကွင်းတွင်မူ နိုင်ပွဲ လေးပွဲသာ ရရှိခဲ့ကာ ၁၁ ပွဲ အထိ ရှုံးပွဲကြုံခဲ့ရသည်။ **ထက်အောင်**

# အာတီတာအား အာဆင်နယ်မန်နေဂျာသစ်အဖြစ် ခန့်အပ်ရန် အမှုဆောင်အရာရှိ ဂါဇီဒီစ်ဆန္ဒရှိ



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း အမှုဆောင်အရာရှိ အိုင်ဗန်ဂါဇီဒီစ်သည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ အာတီတာအား အာဆင်နယ်အသင်းမန်နေဂျာသစ်အဖြစ် ခန့်အပ်ရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ယခုနှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အာဆင်နယ်အသင်းမှ ထွက်ခွာမည်ဟု မန်နေဂျာ အာဆင်ဝင်းဂါး ကြေညာပြီးချိန်ကတည်းက ဂါဇီဒီစ်သည် အာတီတာအား အာဆင်ဝင်းဂါး၏နေရာတွင် အစားထိုးရန် ရည်ရွယ်ထားကြောင်း ဖွင့်ဟပြောဆိုခဲ့သူ ဖြစ်သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ကစားသမားဘဝမှ အနားယူခဲ့သူ စပိန်ကွင်းလယ်ကစားသမား အာတီတာသည် မန်စီးတီးအသင်းမန်နေဂျာ ဂွါဒီယိုလာ၏ လက်ထောက်မန်နေဂျာ သုံးဦးအနက်မှ တစ်ဦးအဖြစ် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှ စတင်ကာ တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

မန်စီးတီးအသင်းမန်နေဂျာ ဂွါဒီယိုလာက အာတီတာအား အာဆင်နယ်အသင်းမန်နေဂျာသစ်အဖြစ် ခန့်အပ်ရန် ကမ်းလှမ်းမှုများ ရှိလာပါက မန်စီးတီးမှ အာတီတာ ထွက်ခွာရန် ပိတ်ပင်တားဆီးမှုများ ပြုလုပ်သွားမည်မဟုတ်ဟု ပြောဆိုထားခြင်းကြောင့် အာဆင်နယ်အသင်းအနေဖြင့် အာတီတာအား ခေါ်ယူမည်ဆိုပါက ငွေကြေးအများအပြား ကုန်ကျနိုင်မှုမရှိခြင်းသည်လည်း အာဆင်နယ်အသင်းအတွက် အရေးပါသည့် အချက်တစ်ခုဖြစ်သည်ဟု ယူဆသုံးသပ်မှုများ ရှိနေသည်။ အာဆင်နယ်အသင်းမန်နေဂျာသစ် ဖြစ်လာရန် ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီ ရေပန်းစားနေသော်လည်း ဂျူဗင်တပ်စ်အသင်းတွင် တစ်နှစ် လုပ်ခငွေ ပေါင်ခြောက်သန်း ရရှိနေသူ အယ်လီဂရီနှင့် ဂျူဗင်တပ်စ်အသင်းတို့၏ စာချုပ်သက်တမ်းမှာ ၁၂ လ ကျန်ရှိနေသေးသည်။ **ထက်အောင်**

ဝေ မိုး ဆက်



# အက်ဖ်အေဖလားမှာ ချန်ပီယံဖြစ်မယ့်အသင်း

**လာမယ့် မေ ၁၉ ရက်မှာ ၂၀၁၇-၁၈ ဘောလုံးရာသီ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ဗိုလ်လုပွဲကို ဝင်ဘလေကွင်းအတွင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့အသင်းကြီးနှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်ယူတို့ ဆုံတွေ့ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

အထူးသဖြင့် ဒီနှစ်ရာသီမှာ မန်ယူရော ချယ်လ်ဆီးပါအခြားပြိုင်ပွဲတွေမှာ ချန်ပီယံဆုအရမယူနိုင်တာကြောင့် ဒီဆုဖလားဟာ နှစ်သင်းစလုံးအတွက် ဆုဖလားလက်မဲ့မဖြစ်ရေး အရေးပါတဲ့ဆုဖလားဖြစ်နေပါတယ်။ ဒါ့အပြင် ဒီနှစ် ဘောလုံးရာသီအတွင်း ပရီမီယာလိဂ် ပြိုင်ပွဲအဖြစ် ဒီနှစ်သင်းနှစ်ကြိမ်တိုင်တိုင် ဆုံတွေ့ခဲ့ရာမှာ ချယ်လ်ဆီးရဲ့ အိမ်ကွင်းမှာ ချယ်လ်ဆီးက ၁-၀ ဂိုးနဲ့ အနိုင်ရခဲ့ပြီး မန်ယူရဲ့ အိမ်ကွင်းမှာတော့ မန်ယူက ၂-၁ ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒါ့အပြင် ဒီနှစ်သင်းဟာ အခုလို အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲမှာ လာရောက်တွေ့ဆုံရခြင်းဟာ အခုအကြိမ်မှ ပထမဆုံး ဆုံတွေ့ရမှုလည်း မဟုတ်ဘဲ အရင်က ဒီနှစ်သင်း အက်ဖ်အေဖလားဗိုလ်လုပွဲမှာ နှစ်ကြိမ်တိတိ ရင်ဆိုင်တွေ့ခဲ့ပြီးရာမှာ ၁၉၉၄ ခုနှစ် ဗိုလ်လုပွဲမှာ မန်ယူက ၄-၀ ဂိုးနဲ့ အနိုင်ရဗိုလ်စွဲခဲ့ပြီး ၂၀၀၇ ခုနှစ် ဗိုလ်လုပွဲမှာတော့ ချယ်လ်ဆီးက ၁-၀ ဂိုးနဲ့အနိုင်ရပြီး ဗိုလ်စွဲခဲ့ပါတယ်။ ဒါကြောင့် အခုလိုတတိယအကြိမ် ဆုံတွေ့ရာမှာ ဘယ်အသင်းက အောင်ပွဲခံသွားမလဲဆိုတာက စိတ်ဝင်စားဖို့ ပိုမိုကောင်းမွန်လာပါတယ်။

လက်ရှိအခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင်တော့ မန်ယူရဲ့ ခြေစွမ်းက အနည်းငယ် ယိမ်းယိုင်နေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ရာသီ အဆုံးသတ်ပိုင်းမှာ မန်ယူဟာ ရလဒ်တွေ အများစု ကောင်းမွန်ခြင်း မရှိခဲ့တာကို တွေ့နေရပြီး ဒီပွဲစဉ်မှာလည်း အသင်းရဲ့ ဂိုးသွင်းအများဆုံး ကစားသမားဖြစ်တဲ့ လူကာကူကလည်း ပါဝင်ဖို့မသေချာတာကြောင့် မန်ယူဟာဒီပွဲမှာ အနည်းငယ် အားနည်းလာနိုင်ပါတယ်။

ဒါပေမယ့်လည်း မန်ယူအတွက် ရာသီအဆုံးသတ် ပွဲစဉ်တွေဟာထင်ထားသလောက် အရေးမပါခဲ့တာကိုလည်း သတိပြုရဖို့တော့ရှိပါတယ်။ အရှင်းဆုံးပြောရရင် မန်ယူဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဒုတိယနေရာမှာ ရပ်တည်နိုင်ဖို့ သေချာပြီးတဲ့နောက်ပိုင်းမှာမှ ရလဒ်တွေ အားနည်းခဲ့တာဖြစ်ပြီး မန်ယူအနေနဲ့ ရာသီအဆုံးသတ် ကာလမှာ အရေးပါတဲ့ ပွဲတွေအတွင်း စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်ခဲ့တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ မန်ယူဟာ အဆိုပါ ရာသီအဆုံးသတ် ကာလအတွင်း အရေးပါတဲ့ ပွဲတွေအနက် လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ်တို့ကိုတောင် အကောင်းဆုံးခြေစွမ်းနဲ့ အနိုင်ကစားနိုင်ခဲ့တဲ့ အခြေအနေအရ နောက်ပိုင်း အရေးမပါတော့တဲ့ပွဲတွေမှာ စိတ်အေးလက်အေး ကစားခဲ့တာကြောင့် ရလဒ်တွေမတည်ငြိမ်ခဲ့တာဖြစ်တယ်လို့ သုံးသပ်လို့ရနိုင်တယ်။

> **အက်ဖ်အေဖလားဗိုလ်လုပွဲမှာ နှစ်ကြိမ်တိတိ ရင်ဆိုင်တွေ့ခဲ့ပြီးရာမှာ ၁၉၉၄ ခုနှစ် ဗိုလ်လုပွဲမှာ မန်ယူက ၄-၀ ဂိုးနဲ့ အနိုင်ရဗိုလ်စွဲခဲ့ပြီး ၂၀၀၇ ခုနှစ် ဗိုလ်လုပွဲမှာတော့ ချယ်လ်ဆီးက ၁-၀ ဂိုးနဲ့အနိုင်ရပြီး ဗိုလ်စွဲခဲ့ပါတယ်။ ဒါကြောင့် အခုလိုတတိယအကြိမ် ဆုံတွေ့ရာမှာ ဘယ်အသင်းက အောင်ပွဲခံသွားမလဲဆိုတာက စိတ်ဝင်စားဖို့ ပိုမိုကောင်းမွန်လာပါတယ်။**

ချယ်လ်ဆီးကတော့ ရာသီနောက်ဆုံးပွဲစဉ်အထိ ပွဲတိုင်းက သူတို့အတွက် အရေးပါခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ခြေကုန်ထုတ်ကစားခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးအနေနဲ့ အဆိုပါ ခြေကုန်ထုတ်ကစားခဲ့တဲ့ပွဲတွေမှာတောင်မှ ရလဒ်ပိုင်းက မတည်ငြိမ်ခဲ့တာကို တွေ့ရပါတယ်။ ဘန်လေ၊ ဆွမ်ဆီးတို့ကိုတောင် ခက်ခက်ခဲခဲအနိုင်ယူခဲ့ရပြီး ဟက်ဒါဖီးလ်ကို သရေသာ ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ချယ်လ်ဆီး တိုက်စစ်မှာ ဂျရူးဟာအသင်းနဲ့ အံဝင်စွာ ကစားနိုင်နေပေမယ့် ဂိုးသွင်းအားကတော့ သာမန်သာရှိသလို မိုရာတာကလည်း ခြေစွမ်းကောင်းပျောက်ဆုံးနေလို့ ပွဲတိုင်းမှာ ဂိုးရဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးရဲ့ လက်ရှိအခြေအနေဟာ သူတို့ရဲ့ ခြေစွမ်းအမှန်လို့ သုံးသပ်နိုင်မှာဖြစ်ပြီး မန်ယူကတော့ အရေးမပါတဲ့ပွဲတွေမှာ ထိန်းကစားရင်း ခြေချော်ခဲ့ကာ အားစိုက်ကစားလာရင် ခြေစွမ်းကောင်း ပြန်ရနိုင်တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ချယ်လ်ဆီးအနေနဲ့လည်း ဆုဖလားလက်မဲ့မဖြစ်ရေးနဲ့ စပါးရဲ့အောင်မြင်မှုကို အမီလိုက်နိုင်ဖို့အတွက် အားစိုက်ကစားလာမှာကတော့ သေချာနေသလို ချယ်လ်ဆီးမန်နေဂျာကွန်တီရဲ့အနာဂတ်ကလည်း ဒီဆုဖလားအပေါ် တည်မှီသလိုဖြစ်နေတာကြောင့် နိုင်ပွဲရဖို့ အမှားလုံးဝခံမှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီပွဲကအပြန်အလှန်ထိုးဖောက်မှုတွေနဲ့ အကြိတ်အနယ်ရှိနိုင်ကာ ပြိုင်ဆိုင်မှုပြင်းထန်နိုင်တဲ့ ပွဲတစ်ပွဲဖြစ်လာနိုင်တယ်လို့ဆိုရမှာဖြစ်ပြီး ရှေ့ပွဲစဉ်တွေမှာခြေချန်ကစားနိုင်ခွင့်ရှိနေတဲ့ မန်ယူက နိုင်ပွဲကပ်ရသွားနိုင်ဖို့ရှိနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ။



## စပိန်လာလီဂါပွဲစဉ် (၃၈)

| စနေနေ့ | | | ၁၉-၅-၁၈ |
|---|---|---|---|
| ဆဲလ်တာဗီဂို | - | လီဗန်တေး | ညနေ ၅း၃၀ |
| လီဂါနက်စ် | - | ဘက်တစ် | ည ၈း၄၅ |
| ဆီဗီလာ | - | အလာဗက်စ် | ည ၁၁း၀၀ |
| မာလာဂါ | - | ဂီတာဖေး | ည ၁၁း၀၀ |
| လက်ပဲလ်မက်စ် | - | ဂျီရိုနာ | ည ၁၁း၀၀ |
| ဗီလာရီးရဲ | - | ရီးရဲ | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၂၀-၅-၁၈ |
| ဗလင်စီယာ | - | ဒီပိုတီဗို | ည ၄း၃၀ |
| ဘီဘာအို | - | အက်စ်ပန်ညော | ည ၈း၄၅ |
| အက်သလက်တီကို | - | အီဘာ | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | ဆိုစီဒက်စ် | နံနက် ၁း၁၅ |

## စီးရီးအေပွဲစဉ် (၃၈)

| စနေနေ့ | | | ၁၉-၅-၁၈ |
|---|---|---|---|
| ဂျူဗင်တပ်စ် | - | ဗီရိုနာ | ည ၇း၃၀ |
| ဂျီနိုအာ | - | တိုရီနို | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၂၀-၅-၁၈ |
| ကယ်ဂလီယာရီ | - | အတ္တလန္တာ | ည ၁၀း၃၀ |
| ခီယေဗို | - | ဘီနီဗန်တို | ည ၁၀း၃၀ |
| အူဒီးနီးစ် | - | ဘိုလော့ဂ်နာ | ည ၁၀း၃၀ |
| နာပိုလီ | - | ခရိုတိုနီ | ည ၁၀း၃၀ |
| မီလန် | - | ဖီအိုရင်တီးနား | ည ၁၀း၃၀ |
| SPAL | - | ဆမ့်ဒိုးရီးယား | ည ၁၀း၃၀ |
| လာဇီယို | - | အင်တာ | နံနက် ၁း၁၅ |
| ဆက်ဆူအိုလို | - | ရိုးမား | နံနက် ၁း၁၅ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၈)

| စနေနေ့ | | | ၁၉-၅-၁၈ |
|---|---|---|---|
| ကိန်း | - | ပီအက်စ်ဂျီ | နံနက် ၁း၃၀ |
| ဒီဂျွန် | - | အန်ဂျာစ် | နံနက် ၁း၃၀ |
| လိုင်ယွန် | - | နိုက်စ် | နံနက် ၁း၃၀ |
| မာဆေး | - | အာမီယန် | နံနက် ၁း၃၀ |
| မက်ဇ် | - | ဘော်ဒိုး | နံနက် ၁း၃၀ |
| နန့်စ် | - | စထရက်ချ်ဘော့ | နံနက် ၁း၃၀ |
| ရိန်းစ် | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| စိန့်အေတီယန် | - | လိုင်လီ | နံနက် ၁း၃၀ |
| တူးလောက်စ် | - | ဂူအင်ဂမ့် | နံနက် ၁း၃၀ |
| ထရွိုင်းယတ်စ် | - | မိုနာကို | နံနက် ၁း၃၀ |

## အက်ဖ်အေဖလား ဗိုလ်လုပွဲ

| စနေနေ့ | | | ၁၉-၅-၁၈ |
|---|---|---|---|
| ချယ်လ်ဆီး | - | မန်ယူ | ည ၁၀း၄၅ |

## ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲ

| စနေနေ့ | | | ၁၉-၅-၁၈ |
|---|---|---|---|
| ဘိုင်ယန် | - | ဖရန့်ဖွတ် | နံနက် ၀၀း၃၀ |

## ယခုနှစ်ရာသီ ဆုံတွေ့မှု

ချယ်လ်ဆီး ၁-၀ မန်ယူ
မန်ယူ ၂-၁ ချယ်လ်ဆီး

## ချယ်လ်ဆီး၏ အက်ဖ်အေဖလားခြေစွမ်း

နော့ဝှစ်ချ် ၀-၀ ချယ်လ်ဆီး
ချယ်လ်ဆီး ၁-၁ နော့ဝှစ်ချ်
ချယ်လ်ဆီး ၃-၀ ကာဆယ်
ချယ်လ်ဆီး ၄-၀ ဟားလ်
လက်စတာ ၁-၂ ချယ်လ်ဆီး
ချယ်လ်ဆီး ၂-၀ ဆောက်သမ်တန်

## မန်ယူ၏ အက်ဖ်အေဖလားခြေစွမ်း

မန်ယူ ၂-၀ ဒါဘီ
ယိုဗေးလ် ၀-၄ မန်ယူ
ဟတ်ဒါဖီးလ် ၀-၂ မန်ယူ
မန်ယူ ၂-၀ ဘရိုက်တန်
မန်ယူ ၂-၁ စပါး

# ကျိုက်လတ်မြို့ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံမှ ဇွန်လအတွင်း ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ မအူပင်မြို့တို့ကို ဓာတ်အား စတင်ဖြန့်ဖြူးမည်

**ကျိုက်လတ် မေ ၁၇**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံမှ ဇွန်လအတွင်း လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်အားစတင်ဖြန့်ဖြူးမည့်ကိစ္စနှင့် ပတ်သက်၍ ဒေသခံ ရေခဲစက်လုပ်ငန်းရှင် ဦးသိန်းထွန်းက "ကျွန်တော်တို့ဒေသရဲ့ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေက လက်ရှိမှာ အတော်ဆိုးရွားတယ်လို့ ဆိုရမယ်၊ လုပ်ငန်းသုံးမဆိုထားနဲ့ အိမ်တိုင်း မီးအားမြှင့်စက်မပါဘဲ မီးအားသုံးမရတဲ့အခြေအနေမှာ ရှိနေတယ်၊ မီးအတက်အကျ မကြာခဏဖြစ်ပေါ်နေတဲ့အတွက် စက်ရုံတွေမှာလည်း စက်စွမ်းအားပြည့်လည်ပတ်နိုင်ခြေ မရှိဘူး၊ မီးပျက်များတယ်၊ မီးလာပြန်ရင်လည်း ဗို့အားက တအားကျနေတယ်၊ ကျိုက်လတ်ဓာတ်အားခွဲရုံအပေါ် အားလုံးက မျှော်လင့်နေကြတယ်၊ အနည်းဆုံး ၃၃ ကေဗွီ ဓာတ်အားရရင် အရင်ကထက် အများကြီးလုပ်ငန်းတွေ တွင်ကျယ်ပြီး ဒေသစီးပွားရေးကိုပါ အကျိုးသက်ရောက်မှုတွေရှိလာဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

ကျိုက်လတ်မြို့တွင် ဆောင်ရွက်နေသော ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ ဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကျိုက်လတ် ဓာတ်အားခွဲရုံသို့ တိုက်ရိုက်သွယ်တန်းပြီး အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် လောလောဆယ် ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ မအူပင်မြို့များသို့ ဓာတ်အားဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်လတ်မြို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း သွယ်တန်းနေခြင်းနှင့်ပတ်သက်၍ စီမံကိန်းမန်နေဂျာ ဦးကျော်ဝေလင်းက "အခုလက်ရှိအခြေအနေမှာ မြစ်ကျော်ဓာတ်အားလိုင်း ကြိုးဆွဲသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်၊ ဒီစီမံကိန်းမှာ ကျိုက်လတ်မြစ်ကူး ဖြတ်ကျော်သွယ်တန်းခြင်း၊ ဒေးဒရဲမြစ်ကူး ဖြတ်ကျော်သွယ်တန်းခြင်းနဲ့ တွံတေးတူးမြောင်း ဖြတ်ကျော်သွယ်တန်းခြင်းတွေ လုပ်ဆောင်လျက်ရှိပါတယ်၊ ဇွန်လအတွင်းမှာ ကျိုက်လတ် ၂၃၀ ကေဗွီဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ဖျာပုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်သီကလည်း "ကျိုက်လတ်ဓာတ်အားခွဲရုံပြီးရင် လတ်တလော ၃၃ ကေဗွီ ဓာတ်အားလိုင်းနဲ့ ကျွန်တော်တို့ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ထိုမှတစ်ဆင့် ဒေးဒရဲ၊ နောက် ဘိုကလေးမြို့တွေကို ဓာတ်အားဖြန့်ဖြူးပေးမှာဖြစ်ပါတယ်၊ နောက် ဒီစီမံကိန်းမှာ မအူပင်မြို့နဲ့ မော်လမြိုင်ကျွန်းမြို့တွေလည်း ပါပါတယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာမှာတော့ မူလရှိပြီးသား ဖြန့်ဖြူးရေးဇိုယာအတိုင်း ဖြန့်ပေးမှာဖြစ်တယ်၊ အဲဒီလိုဖြန့်တဲ့အခါ အဆင်သင့်ဖြစ်နေဖို့အတွက် လက်ရှိသွယ်တန်းထားတဲ့ ဖျာပုံနဲ့ ကျိုက်လတ်ကြားက 70mm လိုင်းကြိုးတွေကို ပိုပြီးတောင့်တင်းတဲ့ 185mm လိုင်းကြိုးတွေ လဲလှယ်ပြင်ဆင်လျက်ရှိပါတယ်"ဟု ပြောသည်။

ဖျာပုံခရိုင်အတွင်း၌ လက်ရှိအသုံးပြုနေရသော ဓာတ်အားလိုင်းသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကော့မှူး-ကွမ်းခြံကုန်းမှ ဘိုကလေးအထိ မိုင် ၉၀ ကျော် သွယ်တန်းအသုံးပြုနေရသည့် ဓာတ်အားလိုင်းဖြစ်ရာ မိုင်များစွာ ဆွဲယူထားရသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးတွင် မီးအားမပြည့်မီခြင်း၊ မီးအတက်အကျ မကြာခဏ ဖြစ်ခြင်း စသည့်အဆင်မပြေမှုများနှင့် ကြုံနေကြရသဖြင့် ကျိုက်လတ်ဓာတ်အားခွဲရုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့်အချိန်ကို ဒေသခံများက အထူးမျှော်လင့်နေကြကြောင်း သိရသည်။


လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ကျိုက်လတ်ဓာတ်အားခွဲရုံအတွင်း ပြင်ဆင်ပြီးစီးနေမှုများ။

**သူဇာနွယ်(ဖျာပုံ)**

# ဇီးကုန်းမြို့နယ်၌ လေပြင်းတိုက်၍ ပြိုလဲပျက်စီးခဲ့သော ဓာတ်တိုင်များကို ပြန်လည်အစားထိုးဆောင်ရွက်

**ဇီးကုန်း မေ ၁၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် မေ ၁၃ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သော 11KVဓာတ်အားလိုင်းတိုင်များနှင့် 400V ဓာတ်အားလိုင်း ထောက်တိုင်များကို လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေးအတွက် ဇီးကုန်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရန်နိုင်ဝင်းနှင့် ဝန်ထမ်းများက အစားထိုးလဲလှယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေးအတွက် တိမ်းစောင်းသွားသောဓာတ်တိုင်များကို ပြန်လည်တည့်မတ်ခြင်း၊ ကျိုးပဲ့ပျက်စီးသွားသော ဓာတ်တိုင်များကို အသစ်အစားထိုးလဲလှယ်ခြင်း၊ လျှပ်စစ်ကြိုးများ ပြန်လည်တပ်ဆင်ခြင်းများကို လျင်မြန်စွာပြီးစီးစေရန် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်မှုပြီးစီးပါက လေးမျက်နှာ ဓာတ်အားလိုင်းမှ ဓာတ်အားရယူအသုံးပြုနေသော ရပ်ကွက်၊ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**



# ငြိမ်းချမ်းရေးလုပ်ငန်းတွင် အမျိုးသမီးများအား ဦးစားပေးပါဝင်စေရန် ဖားဆောင်းမြို့၌ ဆွေးနွေး



**ဖားဆောင်း မေ ၁၇**
ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအစဉ်များတွင် အမျိုးသမီးများအား ဦးစားပေး ပါဝင်စေခြင်းနှင့်ပတ်သက်၍ ကယားပြည်နယ်လွှတ်တော်နှင့် UN Women အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြို့နယ်အဆင့်ဆွေးနွေးပွဲကို မေ ၁၅ ရက်နှင့် ၁၆ ရက်က ဖားဆောင်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဖားဆောင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့အစည်းမှ အမျိုးသားအဆင့် စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်စန္ဒာဝင်းက ဆွေးနွေးပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ပဋိပက္ခများဖြစ်ပေါ်လာပါက ကျား၊ မ ရေးရာ ရှုထောင့်အနေဖြင့် နားလည်သဘောပေါက်စေရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပိုမိုကျယ်ပြန့်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုများတွင် အမျိုးသမီးများအနေဖြင့် အဓိပ္ပာယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒေါ်စန္ဒာဝင်းက ဦးဆောင်ဆွေးနွေးပြီး NGO အဖွဲ့တစ်ခုဖြစ်သည့် ဒါနရှေ့ဆောင်အဖွဲ့က လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့သည်။ ကယန်းအမျိုးသမီး အစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး ဆရာမ ဂလိုရီယာကလည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်မှု အခြေအနေများကို မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ဖားဆောင်းမြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အလားတူ ဆွေးနွေးပွဲတစ်ရပ်ကို မေ ၁၄ ရက်ကလည်း ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာ မိုထာခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တွံတေးမြို့နယ်ဦးစီးမှူးရုံး၊ ကာယသုခ တွံတေးမြို့နယ်လုံးဆိုင်ရာ မသန်စွမ်းသူများအသင်းနှင့် The Leprosy Mission Myanmar (TLMM) တို့ ပူးပေါင်း၍ မြို့နယ်အတွင်းမှ မသန်စွမ်းသူများအတွက် နိုင်ငံသားစိစစ် ရေးကတ်များ မေ ၁၆ ရက်က ပေးအပ်စဉ်။**

မျိုးလှိုင် (တွံတေး)



# ရိခေါဒါရ်မြို့မှ မီးဘေးသင့် အိမ်ထောင်စုများအား အလှူငွေပေးအပ်

**ရိခေါဒါရ် မေ ၁၇**
ချင်းပြည်နယ် ရိခေါဒါရ်မြို့ အမှတ် ၂ ရပ်ကွက်တွင် ပြီးခဲ့သည့် ဧပြီလအတွင်းက လူနေအိမ် မီးလောင်ကျွမ်းမှုကြောင့် မီးဘေးသင့်ခဲ့သည့် အိမ်ထောင်စုများအား ရိ-လင်တန် လူငယ်မိတ်သဟာယအဖွဲ့အစည်း( Rih-Lentlang Youth Association)မှ ထောက်ပံ့လှူဒါန်းငွေ ပေးအပ်ပွဲကို မေ ၁၆ ရက်က အမှတ် ၂ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် အမှတ် ၂ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဒေးဗစ်က အမှာစကားပြောကြားပြီး ရိ-လင်တန် လူငယ်မိတ်သဟာယအဖွဲ့အစည်း ရိခေါဒါရ်လူငယ်အသင်းမှ ဥက္ကဋ္ဌ ဦးတလန်းထန်ရှမ်းမာက လူငယ်အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ၊ ပရဟိတလုပ်ငန်း ဆောင်ရွက်မှုများနှင့် ယခု မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးဘေးသင့်အိမ်ထောင်စု ခုနစ်စုနှင့် အိမ်ငှားမိသားစု ငါးစုတို့အတွက် လူငယ်အဖွဲ့အစည်း၏ ထောက်ပံ့လှူဒါန်းငွေ ကျပ် ၅၈ သိန်းကို မီးဘေးသင့်အိမ်ထောင်စုများထံ ပေးအပ်ခဲ့သည်။ ရိ-လင်တန် လူငယ်မိတ်သဟာယအဖွဲ့အစည်းကို ရပ်ရေးရွာရေးကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ မရှိဆင်းရဲသားများ၊ ကူညီကယ်ဆယ်သင့်သူများအား ဝိုင်းဝန်းကူညီဆောင်ရွက်ရန်၊ ရပ်ကွက်၊ ကျေးရွာအတွင်း သာရေးနာရေးကိစ္စရပ်များတွင် ဖေးမကူညီဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်ကြောင်း၊ တီးတိန်မြို့နှင့် ရိခေါဒါရ်မြို့အကြားရှိ လင်တန်တောင်အနောက်ဘက်ခြမ်းနှင့် ဖလမ်းမြို့နှင့် ရိခေါဒါရ်မြို့အကြားရှိ သီးဖဲရ်ချောင်းအကြား ရိခေါဒါရ်မြို့၊ တွန်းဇံမြို့နယ်၊ တီးတိန်မြို့နယ်နှင့် ဖလမ်းမြို့နယ် နယ်မြေတချို့ရှိ ကျေးရွာပေါင်း ၅၀ ကျော်မှ လူငယ်များဖြင့် ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်ကြောင်း၊ ယခု မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့လှူဒါန်းသည့်ငွေများကိုလည်း ယင်းနယ်မြေအတွင်းရှိ ကျေးရွာများမှ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူလိမ်များ၏ စားကျက်ဖြစ်လာနေသော ဖေ့စ်ဘုတ်နှင့် ငွေကြေးလိမ်လည်မှုများ

သူရဖြိုး

*ယခင်တစ်ပတ်မှအဆက်*

ပြီးခဲ့သည့်အပတ်က ဆောင်းပါးတွင် ဖေ့စ်ဘုတ်ပေါ်၌သာသိပြီး အပြင်တွင် လူချင်းမသိသူများ အချင်းချင်း စုမဲများစုရာမှ ဖြစ်ပွားသော ငွေကြေးလိမ်လည်မှုများနှင့် လတ်တလောဖြစ်ပွားသော လိမ်လည်မှုကြီးဖြစ်သည့် ကျပ်သိန်းပေါင်း ခြောက်သောင်းကျော် လိမ်လည်မှုကို ဖော်ပြခဲ့သည်။ ယခုတစ်ပတ်ထဲတွင်လည်း အဆိုပါ စုမဲစုသူများ group ထဲတွင် လိမ်လည်မှုများ ဆက်ဖြစ်ခဲ့ပြီး ကျပ်သိန်းပေါင်းသုံးသောင်းဝန်းကျင် လိမ်သူနှစ်ဦး ထပ်ပေါ်ခဲ့သလို သိန်းရာဂဏန်း၊ ထောင်ဂဏန်း လိမ်သွားသော ဒိုင်များလည်းရှိခဲ့သည်။ အချို့စုမဲဒိုင်များမှာ ကျပ်သိန်းပေါင်းခြောက်သောင်း လိမ်လည်မှုတွင် ငွေများပါသွားသဖြင့် လျော်ရမည့်မဲများကို စိုက်မလျော်နိုင်တော့ဘဲ ပြေးရသည့် အခြေအနေဖြစ်ကာ အချို့မှာမူ လိမ်သွားသည့် ဒိုင်ထံတွင် ငွေများပါသွားသည်ဟု အကြောင်းပြကာ လျော်ရမည့် စုမဲများကို မလျော်တော့ဘဲ လိမ်ပြေးခြင်းဖြစ်သည်။

**လိမ်ရန်လွယ်သော ဖေ့စ်ဘုတ်**

ယခုနောက်ပိုင်းတွင် ဖေ့စ်ဘုတ်ကို အသုံးပြုနေသူ အများအပြားရှိလာသလို ဖေ့စ်ဘုတ်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ အဖြစ်များလာခြင်းမှာ လူတိုင်း လွယ်လွယ်ကူကူသုံးနိုင်အောင် လုပ်ပေးထားသော ဖေ့စ်ဘုတ်ကို လွယ်လွယ်သုံးကြသလောက် ဖေ့စ်ဘုတ်၏ Security များနှင့် Social network စံနှုန်းများကို သိအောင်မလုပ်ကြခြင်းနှင့် အလွယ်တကူ ယုံလွယ်ကြခြင်းတို့ကြောင့် ဖြစ်သည်။ Social network ဆိုသည်မှာ မိတ်ဆွေတိုးပွားရန်၊ အပြင်တွင်သိသူချင်း အွန်လိုင်းမှ ဆက်သွယ်စကားပြောနိုင်ရန်၊ ဗဟုသုတ အတွေးအခေါ် အတွေ့အကြုံများ မျှဝေရန်သာ အဓိက ရည်ရွယ်ခြင်းဖြစ်၍ သုံးစွဲရန် စံနှုန်းများကို လွယ်လွယ်ကူကူ သတ်မှတ်ထားပေးခြင်းဖြစ်ရာ ငွေပေးငွေယူလုပ်ရန်အထိ ယုံကြည်စိတ်ချရလောက်အောင် ခိုင်မာသော နေရာတစ်ခုမဟုတ်ကြောင်း သတိပြုရန်လိုအပ်မည်ဖြစ်သည်။

နောက်တစ်ချက်မှာ လိမ်လည်မှုများကို လိုက်လံဖမ်းဆီး အရေးယူရန် ခက်ခဲခြင်းနှင့် ထိုအမှုများကို ကိုင်တွယ်ရန် ရဲတပ်ဖွဲ့တွင် အင်အားနည်းနေခြင်းကြောင့် ဖြစ်သည်။ အချို့သော ငွေကြေးလိမ်လည်မှုများမှာ တရားရုံးရောက်သည့်အခါ ပြစ်မှုမဟုတ်ဘဲ တရားမမှုအနေဖြင့်သာ ဖြေရှင်းကြရပြီး အချိန်ကြာမြင့်တတ်သည်များလည်း ရှိသည်။ ထို့ကြောင့် အလိမ်ခံရသူများမှ ငွေကြေးပမာဏ မများသူတို့မှာ အလုပ်ရှုပ် မခံလိုတော့ဘဲ အမှုဖွင့်တိုင်ကြားခြင်း မလုပ်ကြသည်များလည်း ရှိသည်။ ထိုအချက်ကြောင့်လည်း လိမ်သူများမှာ ပို၍ အတင့်ရဲလာကြပြီး လိမ်နည်းတစ်ခုတည်းဖြင့်ပင် လူပေါင်းများစွာကို ထပ်ခါထပ်ခါ လိမ်နေကြသည်များကိုလည်း တွေ့ရသည်။

**အယုံလွယ်သော ဖေ့စ်ဘုတ်သုံးသူများ**

ဖေ့စ်ဘုတ်သုံးသူ အများစုမှာ ဖေ့စ်ဘုတ်ပေါ်တွင် တွေ့သမျှကို အလွယ်တကူ ယုံလေ့ရှိကြပြီး လူသိအများဆုံး လိမ်ညာမှုမှာ တစ်စုံတစ်ခု မဲဖောက်ပေးမည်ဆိုကာ Page များကို Like and share လုပ်ခိုင်းခြင်းဖြစ်သည်။

ပစ္စည်းတစ်ခုခု မဲဖောက်ပေးမည်ဆိုကာ Page ကို Like and Share လုပ်ခိုင်းပြီးနောက် Like အရေအတွက်များပါက Page ကို နာမည်ပြောင်းလိုက်ကာ အွန်လိုင်းရှော့ပင် လုပ်လိုသူများထံသို့ Page ကို ရောင်းစားခြင်းဖြစ်သည်။ ပြီးခဲ့သော လပိုင်းများအထိ Page Like အရေအတွက်အပေါ် မူတည်၍ Page ရောင်းဈေးမှာ Like အရေအတွက်၏ ငါးဆခန့်ရှိရာ ဥပမာ Like ငါးသောင်း




ရှိသော Page အတွက် ရောင်းဈေးမှာ ကျပ်နှစ်သိန်းခွဲဝန်းကျင် ရှိခဲ့သည်။

အယုံလွယ်သူများသော ဖေ့စ်ဘုတ်တွင် Page အတုများကို Like and Share များများရအောင် လုပ်ရန်မှာလည်း လွယ်လှသည်။ လူစိတ်ဝင်စားမှုများသည့် အမည်များဖြင့် Page အတုများ ဖွင့်ကြပြီး မြန်မာ့ဆက်သွယ်ရေး MPT ၏ Page အတု၊ သရုပ်ဆောင် မြင့်မြတ် အကယ်ဒမီရချိန်တွင် မြင့်မြတ် Page အတုများဖွင့်ကာ Like and Share လုပ်သူများအား iPhoneX များ မဲဖောက်ပေးမည်ဟု ကြေညာလိုက်ပါက မိနစ်ပိုင်းအတွင်းမှာပင် Like အရေအတွက် ထောင်ဂဏန်း၊ သောင်းဂဏန်း ရကြသည်အထိ ယုံလွယ်ကြသည်ကို တွေ့ရသည်။

ထိုသို့ Page Like များ လိမ်ယူခြင်းကို ယခင်က အများအပြား တွေ့ခဲ့ရသော်လည်း ယခု ၂၀၁၈ ထဲတွင်မှ Facebook က Page များကို နာမည်ပြောင်းခွင့် လွယ်လွယ်မပေးတော့သဖြင့် ထိုသို့ Page Like လိမ်ယူမှုများ နည်းသွားသည်ကို တွေ့ရသည်။

ဖေ့စ်ဘုတ် Page Like များ လိမ်ယူခြင်းမှာ လိမ်လည်မှုတစ်ခုဖြစ်သည်မှာ မှန်သော်လည်း အလိမ်ခံရသူအဖို့ Like and Share မျှသာ လုပ်ပေးလိုက်ရပြီး ငွေကြေးဆုံးရှုံးမှု မရှိသဖြင့် များစွာ နစ်နာမှုမရှိဟု ဆိုနိုင်သည်။ သို့ရာတွင် ကိုယ်က Like လုပ်ထားမိသော Page ကို နာမည်ပြောင်း၍ အွန်လိုင်းရှော့ပင်လုပ်သည့်အခါ လူသုံးကုန်ပစ္စည်းများ ရောင်းနေလျှင် များစွာပြဿနာမရှိသော်လည်း လိင်အားဆေးရောင်းနေသည့် Page ဖြစ်သွားပါက Like လုပ်ထားမိခြင်းကြောင့် နောက်ဆက်တွဲ နစ်နာမှုများ ဖြစ်လာနိုင်သဖြင့် Like and Share တစ်ခုကို လွယ်လွယ်မလုပ်ဖို့ သတိပြုကြရမည်ဖြစ်သည်။

**နာမည်ကြီးခဲ့သော**
**အွန်လိုင်းရှယ်ယာလိမ်**

ဖေ့စ်ဘုတ်ပေါ်တွင် ဖြစ်ခဲ့သော ငွေကြေးလိမ်လည်မှုများအနက် နာမည်ကြီးပြီး လူသိများသော လိမ်လည်မှုမှာ ရှယ်ယာခေါ်ယူသော လိမ်လည်မှုများဖြစ်သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းများကို အကြောင်းပြ၍ ဖေ့စ်ဘုတ်မှတစ်ဆင့် ငွေကြေးရှယ်ယာများ ခေါ်ယူခဲ့ပြီး အမြတ်ကို ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လစဉ်ပေးသော လုပ်ငန်းများ ပေါ်ပေါက်ခဲ့သည်။

အစပိုင်းတွင် ရှယ်ယာခေါ်သည့်ငွေများဖြင့် ပြင်ပတွင် စီးပွားရေးလုပ်ငန်းများကို ဟန်ပြလုပ်ကိုင်ပြသလို ရှယ်ယာများကို နှစ်လလျှင် တစ်ကြိမ်ခန့်ခေါ်ပြီး နောက်လူထည့်သည့်ငွေဖြင့် ရှေ့လူကို ငွေပြန်ပေးကာ အောင်မြင်သော စီးပွားရေးလုပ်ငန်းအဖြစ် ဖေ့စ်ဘုတ်တွင် လူအများထင်လာအောင် လုပ်ကြသည်။ အစပိုင်းတွင် လစဉ် မှန်မှန်ကန်ကန် အမြတ်များပေးနိုင်ပြီး လုပ်ငန်းသစ်များလည်း တိုးချဲ့ပြသည့်အခါ လူအများ၏ ယုံကြည်မှုကို ရရှိလာပြီး ရှယ်ယာဝင်လိုသူ များလာသည်။ ၃၀ ရာခိုင်နှုန်း အမြတ်ကို မှန်မှန်ကန်ကန်ရသည် ဟူသည့် မက်လုံးက ဆွဲဆောင်နိုင်ခဲ့ရာ ရှယ်ယာခေါ်ရန်ပင်မလိုတော့ဘဲ ရှယ်ယာခေါ်မည်ဟု သတင်းလွှင့်ရုံဖြင့်ပင် ငွေထည့်လိုသူများ တန်းစီနေသည်အထိ ဖြစ်လာခဲ့သည်။

ထိုအခြေအနေများအပေါ် မှန်မှန်ကန်ကန် မြင်နိုင်ပြီး နောက်လူငွေဖြင့် ရှေ့လူကိုပေးနေကာ တစ်ချိန်တွင် ပြိုလဲနိုင်သည် သို့မဟုတ် လိမ်သွားနိုင်သည်ကို သုံးသပ်နိုင်၍ သတိပေးသူများလည်း ရှိခဲ့သည်။ MLM စနစ် တိုက်ဖျက်ရေးကို ဦးဆောင်နေသည့် ကိုဇင်ဇေလွင်နှင့် AntiMLM အဖွဲ့က သတိပေးမှုများ အများဆုံး ပြုလုပ်ခဲ့သလို ရှယ်ယာခေါ်သည့် ပို့စ်များအောက်တွင် ဝင်၍ တစ်ဦးချင်း သတိပေးရေးသားသူများလည်း ရှိခဲ့သည်။

သို့ရာတွင် လစဉ် ၃၀ ရာခိုင်နှုန်းအမြတ်ဟူသည့် မက်လုံး၊ မျက်မြင်အားဖြင့်လည်း အမြတ်များ မှန်မှန်ပေးနေသည့် အခြေအနေ၊ ရှယ်ယာငွေများဖြင့် လုပ်ငန်းသစ်များကိုလည်း လက်တွေ့ တိုးချဲ့ပြနေသည့် အခြေအနေ၊ ယုံကြည်စိတ်ချရကြောင်း လက်တွေ့ ငွေထည့်ထားသူများကိုယ်တိုင်က ထောက်ခံနေသည့် အခြေအနေမျိုးတွင် သတိပေးချက်များကို မယုံကြည်ကြတော့ဘဲ ရှိစုမဲ့စုငွေ၊ အပိုစုထားသောငွေများကို ရှယ်ယာထည့်ကြသလို အချို့မှာ အပြင်တွင် အတိုးနှင့်ငွေချေး၍ ရာခိုင်နှုန်းပိုရမည်ဆိုသည့် ရှယ်ယာထဲတွင် ထည့်သူများပင် ရှိခဲ့လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**"အချို့သော ငွေကြေးလိမ်လည်မှုများမှာ တရားရုံးရောက်သည့်အခါ ပြစ်မှုမဟုတ်ဘဲ တရားမမှုအနေဖြင့်သာ ဖြေရှင်းကြရပြီး အချိန်ကြာမြင့်တတ်သည်များလည်းရှိသည်။ ထို့ကြောင့် အလိမ်ခံရသူများမှ ငွေကြေးပမာဏ မများသူတို့မှာ အလုပ်ရှုပ်မခံလိုတော့ဘဲ အမှုဖွင့်တိုင်ကြားခြင်း မလုပ်ကြသည်များလည်း ရှိသည်။ ထိုအချက်ကြောင့်လည်း လိမ်သူများမှာ ပို၍ အတင့်ရဲလာကြပြီး လိမ်နည်းတစ်ခုတည်းဖြင့်ပင် လူပေါင်းများစွာကို ထပ်ခါထပ်ခါ လိမ်နေကြသည်များကိုလည်း တွေ့ရသည်"**

## ခြောက်ကြိမ်မြောက် တယ်လီနောလူငယ်ဖိုရမ်အတွက် စတင်လျှောက်ထားနိုင်

**ရန်ကုန် မေ ၁၇**

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပပြုလုပ်သွားမည့် ခြောက်ကြိမ်မြောက် တယ်လီနောလူငယ်ဖိုရမ် (TYF)တွင် ပါဝင်လိုသည့် မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသူ လူငယ်များအနေဖြင့် စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ လျှောက်လွှာများကို မေ ၁၅ ရက်မှ စတင်လက်ခံနေပြီး ဇူလိုင် ၃၁ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လျှောက်ထားသူများသည် အသက် ၂၀ မှ ၂၈ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကာ ပညာအရည်အချင်းအနေဖြင့် တက္ကသိုလ်တက်ရောက်ဆဲ သို့မဟုတ် ပြီးဆုံးထားသူ ဖြစ်ရမည်ဖြစ်ကြောင်း၊ လျှောက်ထားလိုသူများသည် အသေးစိတ်အချက်အလက်များကို www.telenor.com/youthforum/ ဝက်ဘ်ဆိုက်လိပ်စာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး လျှောက်လွှာပုံစံရယူ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

တယ်လီနော လူငယ်ဖိုရမ်သည် တယ်လီနောနှင့် နိုဘယ်ငြိမ်းချမ်းရေးစင်တာ(NPC)တို့ ပူးပေါင်းစီစဉ်သည့် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲ အစီအစဉ်တစ်ခုဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းမှ မညီမျှမှုများ လျော့နည်းသွားအောင် လူငယ်များက ဆန်းသစ်ခေတ်မီသောနည်းလမ်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုပြီး စွမ်းဆောင်နိုင်ရန် ရည်ရွယ်လျက် ဖိုရမ်ကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က ကျင်းပပြီးစီးခဲ့သည့် ဖိုရမ်ငါးကြိမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ခဲ့သူ လူငယ်ရှစ်ဦးရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"တယ်လီနော လူငယ်ဖိုရမ်က လူ့အဖွဲ့အစည်းအတွင်းမှာ လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုတွေကို ဦးဆောင်ဖို့ စိတ်အားထက်သန်တဲ့ ထူးချွန်လူငယ်တွေကို မွေးထုတ်ပေးတဲ့အစီအစဉ်တစ်ခု ဖြစ်ပါတယ်၊ တယ်လီနောအနေနဲ့ မြန်မာလူငယ်တွေကို ဒီဖိုရမ်ကိုတက်ရောက်ဖို့ တိုက်တွန်းလိုပါတယ်၊ တစ်ကမ္ဘာလုံးဆိုင်ရာ တိုးတက်ပြောင်းလဲမှုတွေမှာ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်ဖို့ ဒီဖိုရမ်ကို တက်ရောက်ပြီး အစွမ်းအစတွေ ထုတ်ပြကြနိုင်ဖို့ လျှောက်ထားကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောသည်။

တယ်လီနော လူငယ်ဖိုရမ် တက်ရောက်မည့်သူများသည် ဖိုရမ်နှင့်ပတ်သက်၍ တစ်နှစ်ကြာ အချိန်ပေးရန် လိုအပ်မည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် တယ်လီနော လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံအသီးသီးမှ ရွေးချယ်ခံရသည့် လူငယ်များနှင့်အတူ ဖိုရမ်အစီအစဉ် တစ်လျှောက်လုံးတွင် အဖွဲ့ငယ်များအတွင်း တစ်ပတ်လျှင် ပျမ်းမျှ နှစ်နာရီဝန်းကျင်ခန့် အချိန်ပေးကာ အွန်လိုင်းမှတစ်ဆင့် စုပေါင်းဆောင်ရွက် လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ အဖွဲ့ငယ်တစ်ဖွဲ့ချင်းစီအတွက် လူမှုရေးစိန်ခေါ်မှု ခေါင်းစဉ်များကို သတ်မှတ်ပေးမည်ဖြစ်ပြီး အဖွဲ့အလိုက် အဖြေရှာဖော်ထုတ်ကာ ဒီဇင်ဘာလအတွင်း အော်စလိုမြို့တွင် ကျင်းပမည့် ဖိုရမ်၌ ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသူများသည် အော်စလိုမြို့ဆွေးနွေးပွဲနှင့် ၂၀၁၉ ခုနှစ် မေလအတွင်း ဘန်ကောက်မြို့၌ ပြုလုပ်မည့် ဆွေးနွေးပွဲများသို့ စရိတ်ငြိမ်းသွားရောက်ခွင့်များ ရမည်ဖြစ်ကြောင်း၊ တယ်လီနောလူငယ်ဖိုရမ်တစ်ခု ပြီးဆုံးသည့်အခါတိုင်း အနိုင်ရရှိသည့်အဖွဲ့ကို ရွေးချယ်သွားမည်ဖြစ်ကာ ၎င်းတို့အဖွဲ့၏ စိတ်ကူးများကို အကောင်အထည်ဖော်နိုင်ရန် နော်ဝေနိုင်ငံသုံးငွေကြေး ခရိုနာ တစ်သိန်းကို ရင်းနှီးမတည်ငွေအဖြစ် တယ်လီနောက ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ဆမ်ဆောင်းဖုန်းဟောင်းများကို နောက်ဆုံးပေါ် Galaxy S9 နှင့် S9+ တို့နှင့် အလိုက်ပေးလဲလှယ်နိုင်မည့် အစီအစဉ်ပြုလုပ်

**ရန်ကုန် မေ ၁၇**

ပြည်တွင်းမှ ဆမ်ဆောင်းစမတ်ဖုန်းများကို သုံးစွဲသူများအနေဖြင့် လက်ရှိသုံးနေသည့် ဖုန်းအဟောင်းများ မည်သည့်မော်ဒယ်အမျိုးစားကိုမဆို ဆမ်ဆောင်း၏ နောက်ဆုံးထွက် စမတ်ဖုန်းသစ်များဖြစ်သည့် Samsung Galaxy S9 နှင့် S9+ တို့နှင့် အလိုက်ပေး လဲလှယ်ဝယ်ယူနိုင်မည့် အစီအစဉ်သစ်တစ်ခုကို မေ ၁၁ ရက်မှ စတင်ပြုလုပ်ထားပြီဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအစီအစဉ်အရ ဆမ်ဆောင်းဖုန်းများကို ကိုင်ဆောင်သုံးစွဲနေသူများအနေဖြင့် ရန်ကုန်နှင့်မန္တလေးမြို့ရှိ သတ်မှတ်ထားသည့် ဆမ်ဆောင်းအရောင်းဆိုင်များတွင် မိမိတို့လဲလှယ်လိုသည့် ဆမ်ဆောင်းဖုန်းအဟောင်းကို သွားရောက်ပြသ၍ တန်ဖိုးစစ်ဆေးရမည် ဖြစ်ပြီး ဖုန်းအခြေအနေ၊ အနေအထားအပေါ် မူတည်၍ ဆမ်ဆောင်းက တန်ဖိုးသတ်မှတ်ပေးမည်ဖြစ်သည်။ ထို့အပြင် ဆမ်ဆောင်းက အထူးအစီအစဉ်အနေဖြင့် သတ်မှတ်တန်ဖိုးအပြင် ထပ်ဆောင်းအပိုငွေ ကျပ်ရှစ်သောင်းကိုလည်း ပေါင်းပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့်



သုံးစွဲသူများ လဲလှယ်လိုသည့် ဆမ်ဆောင်းဖုန်းအဟောင်းကို ဆမ်ဆောင်းက တန်ဖိုးကျပ်ငါးသိန်း သတ်မှတ်ပေးပါက အပို ကျပ်ရှစ်သောင်းနှင့်ပေါင်း၍ ကျပ် ၅၈၀၀၀၀ နှင့်အတူ လိုသည့်ငွေကို ထပ်စိုက်ကာ စမတ်ဖုန်းသစ် Galaxy S9 နှင့် S9+ တို့ကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါအစီအစဉ်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ဆမ်ဆောင်းဆိုင်အချို့တွင်သာ ရယူနိုင်မည်ဖြစ်ကာ ရန်ကုန်မြို့တွင် Junction City၊ Myanmar Plaza၊ လသာ၊ လှည်းတန်းနှင့် ဆူးလေရှိ ဆမ်ဆောင်းအရောင်းဆိုင်များတွင် လဲလှယ်နိုင်မည်ဖြစ်ပြီး မန္တလေးမြို့တွင် ၇၈ လမ်းရှိ ဆမ်ဆောင်းအရောင်းဆိုင်တွင်သာ သွားရောက်လဲလှယ်နိုင်မည်ဖြစ်ကြောင်း၊ လူတစ်ဦးလျှင် အများဆုံး ဖုန်းသုံးလုံးအထိ လဲလှယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်း၏ နောက်ဆုံးထွက် တန်ဖိုးမြင့် စမတ်ဖုန်းသစ်များဖြစ်သည့် Galaxy S9 နှင့် S9+ ကို မြန်မာနိုင်ငံဈေးကွက်တွင် မတ်လဆန်းပိုင်းက မိတ်ဆက်ခဲ့ပြီး ဈေးနှုန်းမှာ Galaxy S9 64GB က ကျပ် ၁၀၉၀၀၀၀ ဖြစ်ကာ Galaxy S9+ မှာ 128GB က ကျပ် ၁၂၇၉၀၀၀ နှင့် 256GB က ကျပ် ၁၄၀၀၀၀၀ ဖြစ်သည်။ **သူရဖြိုး**

# ထန်းတပင်မြို့နယ်၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား SME ကတ်များ ထုတ်ပေး

**ထန်းတပင် မေ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး ရည်ရွယ်လျက် မြို့နယ်အတွင်းရှိ အသေးစားနှင့်အလတ်စား စီပွားရေးလုပ်ငန်းရှင်များ စာရင်းကောက်ယူခြင်းနှင့် လုပ်ငန်းသက်သေခံကတ်ပြား(SME)(Small and Medium Enterprise)ကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို မေ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား SME လုပ်ငန်းသက်သေခံကတ်ပြားများ ထုတ်ပေးရာတွင် ဘောလည်ကျွန်းမှ လုပ်ငန်းရှင်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင်ကို ဦးဆောင်သောအဖွဲ့ နှစ်ဖွဲ့ကလည်းကောင်း၊ တက်သစ်ကျွန်းမှ လုပ်ငန်းများအတွက် အမှတ် ၁ ရပ်ကွက်ရှိ မြသိန်းတန်ကျောင်းတိုက်တွင် အဖွဲ့လေးဖွဲ့က အင်အား ၆၀ ဖြင့်လည်းကောင်း၊ မြို့ပေါ်ရပ်ကွက်ငါးခုမှ လုပ်ငန်းရှင်များအတွက် အမှတ် ၂ ရပ်ကွက်ရှိ တဝရွှေဂူကြီးဘုရား အာရုံခံတန်ဆောင်းတွင် အဖွဲ့နှစ်ဖွဲ့က အင်အား ၃၀ ဖြင့်လည်းကောင်း စာရင်းကောက်ယူစိစစ်၍ ထုတ်ပေးခဲ့ရာ ထန်းတပင်မြို့နေ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၃၂၁ ဦးတို့အား လုပ်ငန်းသက်သေခံကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ SME ကတ် လာရောက်လျှောက်ထားသူ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်နှင့် သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပိုင်ဆိုင်မှုအထောက်အထားနှင့် လုပ်ငန်းလုပ်ကိုင်သည့်ခုနှစ်၊ အမှန်တကယ်လုပ်ကိုင်လျက်ရှိကြောင်း အထောက်အထားများ ပါရှိရမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် လုပ်ငန်းလိုင်စင်မရှိသေးသည့် အချို့သော လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာမှ တစ်ရက်ရောင်းရငွေကျပ်တစ်သိန်းနှင့်အထက်ရှိကြောင်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်ပါရှိလျှင်လည်း SME ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း၊ SME ကတ်များ ထုတ်ပေးရာတွင် လုပ်ငန်းအမျိုးအစားအလိုက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းချမှုဟု ကဏ္ဍသုံးခု ခွဲခြား၍ လာရောက်လျှောက်ထားသူ လုပ်ငန်းရှင်များအား စိစစ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား စာရင်းကောက်၍ SME ကတ်များ ထုတ်ပေးခဲ့ရာတွင် ထန်းတပင်မြို့နယ်သည် နောက်ဆုံး စာရင်းကောက်ယူသည့် မြို့နယ်ဖြစ်ကြောင်းနှင့် ထန်းတပင်မြို့နယ်အတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသက်သေခံကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ထန်းတပင်မြို့နယ်တွင် နှစ်ရက်ကြာ ဆောင်ရွက်ပေးခဲ့ကြောင်း စာရင်းအင်းဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်ထံမှ သိရသည်။

SME ကတ် ရရှိထားသူများအား City ဘဏ်၊ အသေးစားနှင့်အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(SMID)နှင့် မြန်မာ့စီးပွားရေးဘဏ်တို့က အတိုးနှုန်းသက်သာစွာဖြင့် နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးသွားမည့် အစီအစဉ်များရှိကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိုင်မြို့နယ်၌ စိုက်ပျိုးစရိတ်များ ထုတ်ချေးရန် ဆွေးနွေး

**မြိုင် မေ ၁၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွက် စိုက်ပျိုးစရိတ် ဘဏ်ချေးငွေများ ထုတ်ပေးရန် အစည်းအဝေးကို မေ ၁၆ ရက်က အဆိုပါဘဏ်ရုံး၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ဘဏ်မန်နေဂျာ ဦးကြည်ဝင်းက ၂၀၁၈ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေများကို ထုတ်ချေးရာတွင် ပြောင်းလဲသည့် ပုံစံသစ်အဖြစ် ယခင်နှစ်များက သုံးဦး အစုအဖွဲ့ အာမခံစနစ်ဖြင့် ထုတ်ချေးခဲ့သည့်အစား ယခုနှစ်တွင် တစ်ဦးချင်း ကိုယ်တိုင်အာမခံစနစ်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေရယူရန် တင်ပြရာတွင် ယခင်က ပုံစံ ၇ မိတ္တူဖြင့် တင်ပြ၍ ထုတ်ချေးခဲ့သော်လည်း ယခုနှစ်တွင် ငွေထုတ်ချေးသည့်နေ့တွင် ပုံစံ ၇ မူရင်းများကို ဘဏ်သို့ အပေါင်အဖြစ် ပေးအပ်ခဲ့ရမည်ဖြစ်ကြောင်း၊ ချေးငွေပြေကျေအောင်ဆပ်ပြီးမှသာ ပုံစံ ၇ မူရင်းများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုံစံ ၇ မူရင်းများ တင်ပြလာသော်လည်း ရာသီသီးနှံ စိုက်ပျိုးခြင်းမရှိဘဲ အခြားနည်းသုံးစွဲထားသည့် မြေများကို ငွေထုတ်ချေးပေးမိခြင်း မဖြစ်စေရန် ချေးငွေစိစစ်ရေးအဖွဲ့များက ဂရုပြုစိစစ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးရွာအုပ်စု ၈၂ အုပ်စုတို့မှ ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ချေးငွေအဆိုပြုလွှာများကို အမြန်ဆုံး လာရောက်တင်ပြကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။ မြိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခုနှစ်တွင် မြို့နယ်အတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးစရိတ် ဘဏ်ချေးငွေကျပ် သိန်းပေါင်း ၅၅၀၀၀ ခန့် ထုတ်ချေးရန် လျာထားကြောင်း သိရသည်။ **၁၃၅**

# မိတ္ထီလာတွင် စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး



**မိတ္ထီလာ မေ ၁၇**

မိတ္ထီလာတွင် ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဒေသခံတောင်သူများထံသို့ မေ ၁၇ ရက်မှစ၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မိတ္ထီလာ)မှ မန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

"မိတ္ထီလာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၅၅ အုပ်စုက ဒေသခံတောင်သူတွေကို စပါးတစ်ဧက ကျပ်တစ်သိန်းငါးသောင်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနဲ့ အခြားသီးနှံတစ်ဧကကို ကျပ်ငါးသောင်းနှုန်းနဲ့ ထုတ်ချေးပေးသွားမှာဖြစ်ပြီး ဒီနေ့ သီးကုန်းအုပ်စုနဲ့ မကျီးကုန်းအုပ်စုက တောင်သူတွေကို တစ်ဦးချင်း မိုးရာသီစိုက်ပျိုးစရိတ်ငွေတွေ ထုတ်ချေးပေးတာပါ၊ ဒီနေ့အတွက် သီးကုန်းအုပ်စုက တောင်သူ ၅၃ ဦးရဲ့စပါး ၁၂၅ ဧက၊ နှမ်း ၅၆ ဧကအတွက် ချေးငွေ ကျပ် ၂၁၅၅၀၀၀၀ နဲ့ မကျီးကုန်းအုပ်စုက တောင်သူ ၁၁ ဦးရဲ့စပါး ၃၅ ဧကအတွက် ကျပ် ၅၂၅၀၀၀၀ စတင်ထုတ်ချေးပေးတာဖြစ်ပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မိတ္ထီလာ) မန်နေဂျာက ပြောသည်။ မိတ္ထီလာမြို့နယ်အနေဖြင့် ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စုစုပေါင်း စိုက်ပျိုးသီးနှံ ၆၃၇၅၀ ဧက အတွက် ချေးငွေ ကျပ် ၅၁၃၇ ဒသမ ၅ သန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကာ ချေးငွေများကို လာမည့် ဇွန်လကုန်တွင် နောက်ဆုံးထား၍ ကျေးရွာ အုပ်စု ၅၅စု လုံးသို့ ပြီးစီးအောင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မုံရွာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရန် အချက်အလက်များ ကွင်းဆင်းကောက်ယူ

**မုံရွာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကိုးရှင်းကျွန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရေးအတွက် စာရင်းဇယား အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့ (LIFT Fund)မှ တာဝန်ရှိသူများ ဦးဆောင်ပြီး သင်တန်းသားသင်တန်းသူများဖြင့် မေ ၁၆ ရက်က လက်တွေ့ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရသည်။

စီမံချက်ရေးဆွဲရန် အချက်အလက်များ ကောက်ယူမည့် သင်တန်းသား သင်တန်းသူများအား သင်တန်းတစ်ရပ်ကို မုံရွာမြို့ရှိ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် မေ ၁၄ ရက်မှ ၁၈ ရက်အထိ သင်တန်းဖွင့်လှစ် ပို့ချလျက်ရှိရာ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် စာတွေ့အပြင် လက်တွေ့လုပ်ငန်းခွင်အချက်အလက်များ ကောက်ယူရာတွင် မြေပြင်တွင်တွေ့ကြုံနိုင်သည့် အခက်အခဲများကို သိရှိဖြေရှင်းနိုင်ရန်အတွက် လက်တွေ့ကွင်းဆင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံချက်ရေးဆွဲရန် အချက်အလက်များ လက်တွေ့ကွင်းဆင်းကောက်ယူရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့မှ နည်းပြများ၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခင်၊ မုံရွာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တို့က လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ပုလောမြို့၌ လူငယ်နှင့်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ပုလော မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို လူငယ်များသိရှိနားလည်ပြီး ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဆောင်ရွက်လာရေး ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူးကာ လူငယ်နှင့်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကို မေ ၁၆ ရက်က ကမ်းရိုးတန်းရတနာခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်က ပုလောမြို့နယ်အတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်ထွန်းဇော်က ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးနေမှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စိတ်ဝင်စားသူ ပြည်သူများနှင့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝေါမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရန် အဘိတ်ဆေးခတ်ခြင်းနှင့် ပညာပေးခြင်းများ ဆောင်ရွက်

**ဝေါ မေ ၁၇**

မိုးဦးကာလ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရန်အတွက် အသိပညာပေးဆွေးနွေးခြင်းနှင့် ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်ဆေးခြင်း၊ အဘိတ်ဆေးများ ခတ်ပေးခြင်းတို့ကို မေ ၁၆ ရက်က ဝေါမြို့ အေးချမ်းသာယာရပ်ကွက်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ဝေါမြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းမင်းခန့်နှင့် မြို့ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်၍ ကလေးသူငယ်များနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်နှင့် ကြိုတင်ဆောင်ရွက်သင့်သည်များကို ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးခဲ့သလို ရပ်ကွက်အတွင်းမှ ပြည်သူများအသုံးပြုနေသော ရေစည်၊ ရေကန်၊ ကျောက်စည်များအတွင်း ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



**(မြို့နယ် ပြန်/ဆက်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
# အိတ်ပိတ်လေလံခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပြည်တော်သစ်အိမ်ရာရှိ (၆)ခန်းတွဲ (၄)ထပ် အဆောက်အအုံဟောင်း(၁)လုံးအား ဖြိုဖျက်ရှင်းလင်းနိုင်ရေးအတွက် လေလံတင်ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ အနေဖြင့် အိတ်ပိတ်လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၈ မှ ၂၉-၅-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်ရက်** - ၃၀-၅-၂၀၁၈ ရက် (ရုံးချိန်အတွင်း)

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၇၅၀၃၇၊ ၀၁-၃၈၇၂၆၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အဆောက်အအုံဟောင်း ဖျက်သိမ်းရှင်းလင်းရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မကွေးမြို့
## ကျောင်း/ရုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ
# (Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)၌ (က) စာသင်ဆောင် RC (၂)ထပ် (၁၉၂'×၃၈') (၁၄၅၉၂ စ/ပေ) (၁)လုံး၊ (ခ) ဆရာ/မဆောင် RC (၄)ခန်းတွဲ(၄)ထပ် (၇၈'×၉၄') (၁၇၇၈၈၈/ပေ) (၁)လုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၆-၅-၂၀၁၈ ရက် ရုံးချိန်အတွင်း

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ ရက် ညနေ ၄ နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၃-၂၈၀၃၁**

**အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)၊ ချောက်မြို့**

**ဖုန်း-၀၉-၄၅၃၀၀၉၉၅၃၊ ၀၆၁-၂၀၀၂၀၃**

---

## အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၊မကွေးတိုင်းဒေသကြီး၊
## ရေနံချောင်းမြို့ ကျောင်း/ရုံး အဆောက်အအုံများ
## ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ
# (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ (က) စာသင်ဆောင် RC (၃)ထပ် (၁၉၂'×၃၈')(၂၁၈၈၈ စ/ပေ)(၁)လုံး၊ (ခ) ၁၂၀ ဆန့် ကျောင်းသား/သူဆောင် (၂၁၁'×၇၀') RC(၃)ထပ် (၂၅၇၁၆ စ/ပေ) ၁လုံး၊ (ဂ) ဆရာ/မဆောင် RC(၄)ခန်းတွဲ (၄)ထပ် (၇၈'×၉၄') (၁၇၇၈၈ စ/ပေ) (၁)လုံး၊ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၆-၅-၂၀၁၈ ရက် ရုံးချိန်အတွင်း

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ရက် ညနေ ၄း၀၀နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၃-၂၈၀၃၁**

**အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၊ ရေနံချောင်းမြို့**

**ဖုန်း-၀၉-၅၃၃၇၁၄၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/2659 Toyota Mark II JZx110, Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရဲသူရဦး ၁၂/သဃက(နိုင်)၁၃၂၀၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/D ရွာမ၊ မြေကွက်အမှတ်- ၆/ဏ၊ ဧရိယာ (၀. ၁)ဧကေ၏တစ်စိတ်တစ်ဒေသ မြေကွက်တည်နေရာ - အမှတ်(၅၅၂)၊ ပဏ္ဏိတလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးစိုးရိန် - ဒေါ်မေသီ)အမည်ပေါက် B မြေပိုင်မြေ (အိမ်ယာမြေသတ်မှတ်)မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၅၅/၂၀၁၆ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု၏ (၂၀-၇-၂၀၁၆)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ (၁၅-၈-၂၀၁၇)ရက်စွဲပါအမိန့်၊ တရားမဇာရီမှုအမှတ် - ၆၈/၂၀၁၆ ဖြင့် (၂၅-၁၀-၂၀၁၆)ရက်နေ့ နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်အမှတ်-၄၈၁ (၂၂-၂-၂၀၁၈) တို့အရ (၄၀' x ၆၀')ပိုင်ဆိုင်လာသူ ဒေါ်ကြူကြူ (၆/မအရ (နိုင်) ၀၂၄၇၀၀)မှ မိမိပိုင်ဆိုင်သောအစိတ်အပိုင်းကိုသာ တစ်ပက်သတ် မြေကွက်ခွဲစိတ်ခွင့်ပြုပါရန်နှင့် ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးသည် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ခြောက်လအတွက် (FDA) အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၈ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၀-၆-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ

၃။ လိုအပ်သောတင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊ မန္တလေးမြို့**

**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

---

## ပခုက္ကူပညာရေးကောလိပ်၊ မကွေးတိုင်းဒေသကြီး
## အဆောက်အအုံသစ်များဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ
# (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ပခုက္ကူပညာရေးကောလိပ်၌ (က) (၄)ခန်းတွဲ (၄)ထပ် ဆရာ ဆရာမ အိမ်ရာ (RC) (၁၀၀'×၃၀'× ၄၂') (၁)လုံး၊ (ခ) ကျောင်းဝင်းအုတ်တံတိုင်း (၇၀၀'×၇')ဆောက်လုပ်ရန်အတွက် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်နောက်ဆုံးရက်** - ၁၅-၆-၂၀၁၈ရက် (သောကြာနေ့)

**တင်ဒါပိတ်မည့်နောက်ဆုံးအချိန်** - ညနေ ၄ နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - ပခုက္ကူပညာရေးကောလိပ်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန** ဖုန်း-၀၆၃-၂၈၀၃၁

**ပခုက္ကူပညာရေးကောလိပ်၊ ပခုက္ကူမြို့** ဖုန်း-၀၆၂-၂၁၁၁၅၊ ၀၉-၂၅၀၀၇၁၉၀၉၊ ၀၉-၄၀၁၅၆၁၆၂၈

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးမြို့
## ကျောင်း/ရုံး အဆောက်အအုံများဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ
# (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)၌

(က) နှစ်ထပ်စာသင်ဆောင် RC(၁၉၂'×၃၈') (ဧရိယာ ၁၄၅၉၂ စ/ပေ) (၁)လုံး၊

(ခ) ဆရာ/ဆရာမဆောင် လေးခန်းတွဲ လေးထပ် RC (၇၈'×၉၄') (ဧရိယာ ၁၇၇၈၈ စ/ပေ) (၁)လုံး၊

(ဂ) တစ်ထပ်အလုပ်ရုံ Steel Structure(၁၅၀'×၇၅') (ဧရိယာ ၁၁၂၅၀ စ/ပေ) (၁)လုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၆-၅-၂၀၁၈ရက် ရုံးချိန်အတွင်း

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ရက် ညနေ၄း၀၀နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၃-၂၈၀၃၁**

**အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)၊ သရက်မြို့**

**ဖုန်း-၀၉-၄၃၀၁၆၅၁၀၊ ၀၉-၇၇၂၄၀၁၈၇၀**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးမြို့
## ကျောင်း/ရုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ
# (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)၌ (က)စာသင်ဆောင် RC(၂)ထပ် (၁၉၂'×၃၈') (၁၄၅၉၂ စ/ပေ) (၁)လုံး၊ (ခ) ဆရာ/မဆောင် RC (၄)ခန်းတွဲ (၄)ထပ် (၇၈'×၉၄') (၁၇၇၈၈စ/ပေ) (၁)လုံး၊ (ဂ) ကျောင်းသား/သူဆောင် RC(၄)ခန်းတွဲ(၄)ထပ် (၂၁၁'×၇၀') (၃၄၂၈၈စ/ပေ)(၁)လုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၆-၅-၂၀၁၈ ရက် ရုံးချိန်အတွင်း

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ရက် ညနေ ၄နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး) မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၃-၂၈၀၃၁**

**အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)၊ မကွေးမြို့**

**ဖုန်း-၀၉-၇၉၆၀၃၆၇၀၀၊ ၀၆၃-၂၈၃၂၆**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ
## ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာသိမှတ်ဖွယ်

* **အကျုံးဝင်သည့်ဝင်ငွေများ**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ- ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်)လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ "လစာ" မှ ဝင်ငွေသာဖြစ်သည်။

* **အခွန်နှုန်း** ။ ။ ၁-၄-၂၀၁၇ ရက်မှစတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

* **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက်ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

* **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးရ-

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏စရိတ် တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

* **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည်-

ဦးကျော်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခ ကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅ သိန်းရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅ သိန်းရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ်ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ် ၁၀ သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦး တစ်လ ကျပ် ၄ သိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် ၁ သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀၉ သိန်း ဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခစုစုပေါင်း ကျပ် ၅၄၅ သိန်းရရှိသော်လည်း အသုံးစရိတ်များနုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူဇနီးရှိပြီး သားသမီးနှစ်ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်-

(ကျပ်)

သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း = ၅၄၅၀၀၀၀၀

(နုတ်)ကုန်ကျစရိတ်

ခရီးသွားလာစရိတ် = ၃၅၀၀၀၀၀

အလှပြင်စရိတ် = ၁၅၀၀၀၀၀

အဝတ်အထည်စရိတ် = ၁၀၀၀၀၀၀

အထွေထွေစရိတ် = ၁၀၀၀၀၀

မန်နေဂျာလစာ = ၄၈၀၀၀၀၀

စုစုပေါင်းလုပ်ငန်းအတွက် ကုန်ကျစရိတ် = ၁၀၉၀၀၀၀၀

အသားတင်ဝင်ငွေ = ၄၃၆၀၀၀၀၀

အသားတင်ဝင်ငွေ = ၄၃၆၀၀၀၀၀

(နုတ်)သက်သာခွင့်များ

(က) အခြေခံသက်သာခွင့် = ၈၇၂၀၀၀၀

(စုစုပေါင်းဝင်ငွေ၏ ၂၀% ဖြင့်)

(ခ) အိမ်ထောင်ဖက်အတွက် = ၁၀၀၀၀၀၀

(ဂ) အိမ်ထောင်သည်သားအတွက် = ခွင့်မပြု

(ဃ) ကျောင်းသူသမီးအတွက် = ၅၀၀၀၀၀

= ၁၀၂၂၀၀၀၀

အခွန်စည်းကြပ်ရန်ဝင်ငွေ = ၃၃၃၈၀၀၀၀

၁ ကျပ်မှ ၃၀၀၀၀၀၀၀ ထိအဆင့်ဆင့် စုစုပေါင်း = ၄၁၅၀၀၀၀

၃၀၀၀၀၀၀၁ကျပ်မှ ၃၃၃၈၀၀၀၀ထိ ကျန် ၃၃၈၀၀၀၀အတွက် ၂၅% = ၈၄၅၀၀၀

စုစုပေါင်းကျသင့်အခွန် = ၄၉၉၅၀၀၀

* အသေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ ဖုန်း-၀၂-၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊မြောင်းမြမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင်၊ ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၆-၂၀၁၈ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**မြောင်းမြပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့၊ ဖုန်း-၀၄၂-၇၁၂၈၁၊၀၉-၇၈၁၂၁၉၉၆၁**

---

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables) များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၁၈ရက်၊ ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး**

---

## မသန်စွမ်းသူများအတွက်
## ကွန်ပျူတာနည်းပြဆရာဖြစ် သင်တန်းလျှောက်ထားနိုင်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် The Nippon Foundation တို့ ပူးပေါင်းဆောင်ရွက်သည့် မသန်စွမ်းသူများအတွက် ICT Training Center တွင် ဖွင့်လှစ်မည့် ကွန်ပျူတာနည်းပြဆရာဖြစ်သင်တန်းကို ဇွန် ၁၈ရက်တွင် စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူ မသန်စွမ်းသူများနှင့် သန်စွမ်းသူများသည် အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၅၅၃၂၈၂၈၅၊ ၀၉-၉၅၅၃၂၈၂၈၆ နှင့် Email-ictdevc.mmr@gmail.com သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ဇွန် ၇ရက်၊ ၂၀၁၈ (ကြာသပတေးနေ့) ၁၅:၃၀နာရီ

**ICT Training Center ဖြစ်မြောက်ရေးကော်မတီ**

---

## တောင်ကြီးတက္ကသိုလ်
## (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ၂၀၁၇ ခုနှစ် မတ်လနှင့်စက်တင်ဘာလတို့တွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာသုတေသနဘွဲ့ အောင်မြင်ကြသူများသည် တောင်ကြီးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | - ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းမည့်ရက် | - ၁-၆-၂၀၁၈ရက်မှ ၂၉-၆-၂၀၁၈ရက်အထိ |

**မှတ်ချက်**

(၁) သတ်မှတ်လျှောက်လွှာပုံစံ ဖြည့်စွက်ပြီး လျှောက်ထားရမည်။
(၂) လွန်ခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)၊ နှစ်သက်ရာ ဝတ်စုံကိုအပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော (၂"×၁.၅") ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို တောင်ကြီးတက္ကသိုလ် ငွေလက်ခံဌာနတွင်ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာရပ်စသည်များကိုလည်း တိကျစွာဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး တစ်နှစ်ကြာမှသာ ဘွဲ့လက်မှတ်များထုတ်ပေးမည်ဖြစ်ပါသည်။
(၇) ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။
(၈) အသေးစိတ်အချက်အလက်များကို တောင်ကြီးတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၄၂၆၆၈၇၆၆ တွင် စုံစမ်းနိုင်ပါသည်။

**ခင်စောလှိုင်**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးအဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံဌာနခွဲ၊ ပထဝီဝင်(နောက်ဆုံးနှစ်) ၄ပ-၃၅(၀၂၃) အထူးပြုဖြင့် ဖြေဆိုအောင်မြင်ထားသော နန်းမေဇင်ဦးနှင့် မမေဇင်ဦး ၁၃/မခန(နိုင်)၀၁၂၆၄၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင် ဦးကျော်ဦးနှင့် ဦးသန်းဝင်း ၇/အတန(နိုင်)၀၀၂၇၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၁၄၃၉ ဟွန်ဒါ Click 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြုံး ၆/လလန(နိုင်)၁၂၃၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့
ကျောင်း/ရုံး အဆောက်အအုံများဆောက်လုပ်ရန်အတွက်

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | စာသင်ဆောင် RC(၃ထပ်)(၁၉၂'×၃၈')(၂၁၈၈၈ စ/ပေ) | (၁)လုံး |
| (ခ) | အလုပ်ရုံ (၁)ထပ် Steel Structure(၁၅၀'×၇၅') (၁၁၂၅၀ စ/ပေ) | (၁)လုံး |
| (ဂ) | ဆရာ/မဆောင် RC(၄)ခန်းတွဲ(၄)ထပ်(၇၈'×၉၄') (၁၇၇၈၈ စ/ပေ) | (၁)လုံး |
| (ဃ) | ၄လက်မအဝီစိရေတွင်း(၁)တွင်းတူးခြင်း | |
| (င) | မီးရရှိရေးအတွက် 500 KVA Transformer (၁)လုံး တည်ဆောက်ခြင်း | |

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၆-၅-၂၀၁၈ရက်၊ ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ရက်၊ ညနေ ၄:၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၃-၂၈၁၃၁**
**အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)၊**
**မကွေးမြို့၊ ဖုန်း-၀၉-၂၅၆၁၄၄၄၁၆၊၀၆၃-၂၀၂၈၇၀၂**

---

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
မကွေးတက္ကသိုလ်၊ မကွေးမြို့
တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက်

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် မကွေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

(က) အဓိပတိလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း
(ခ) ကျောင်းသား၊ အိပ်ဆောင်(၄)ဆောင်၊ ပါမောက္ခချုပ်နေအိမ်၊ အားကစားရုံ၊ ဘောလုံးကွင်းသွားလမ်း ကွန်ကရစ်ခင်းခြင်း
(ဂ) ဘက်စုံခန်းမ (Sound Proof System)နှင့် အပူရှိန်ထိန်းရန် (Aluminium Foil)ထည့်၍ ကျွန်းအလှကာန်ရံတပ်ဆင်ခြင်း
(ဃ) (၄)ခန်းတွဲ(၄)ထပ် အရာထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း
(င) (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း
(စ) ဘောလုံးကွင်း Chain Link ခြံစည်းရိုးကာရံခြင်း
(ဆ) ကျောင်းသားအိပ်ဆောင်(၂)လုံးနှင့် ဆရာမများဆောင် Chain Link ခြံစည်းရိုးကာရံခြင်း
(ဇ) ဖန်ခါးဆောင် Chain Link ခြံစည်းရိုးကာရံခြင်း

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၆-၂၀၁၈ ရက် ညနေ ၄:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဌာနမှူး(စီမံ/ဘဏ္ဍာ)ရုံးခန်း မကွေးတက္ကသိုလ်၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၆၃-၂၈၁၃၁
မကွေးတက္ကသိုလ်၊ ဌာနမှူး(စီမံ/ဘဏ္ဍာ) ဖုန်း-၀၉-၉၆၁၅၈၈၉၀၄

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့
ကျောင်း/ရုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက်

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ (၆)လ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း(ပခုက္ကူ)၌ (က)နှစ်ထပ်စာသင်ဆောင် RC(၂)ထပ် (၁၉၂'×၃၈') (၁)လုံး၊ (ခ)အလုပ်ရုံ(၁)ထပ် (Steel Structure) (၁၅၀'×၇၅') (၁)လုံး၊ (ဂ)ဆရာ/ဆရာမဆောင် RC (၄)ခန်းတွဲ (၄)ထပ် (၇၈'×၉၄')(၁)လုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၅-၅-၂၀၁၈ ရက် ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၈ ရက် ညနေ ၄နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၃-၂၈၁၃၁**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)**
**ဖုန်း-၀၉-၂၅၆၀၆၆၆၂၈**

---

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်မြင့်မြင့်ချို ၁၂/လမန(နိုင်)၀၀၁၄၈၁သည် ခင်ပွန်း ဦးထွန်းကြည် ၁၂/လမန(နိုင်)၀၃၃၀၅၁နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ၁၄-၅-၂၀၁၈ရက်တွင် လသာမြို့နယ်တရားရုံးချုပ်၊ တရားသူကြီးရှေ့မှောက်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင်မည်သို့မျှ ပတ်သက်မှုမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်မြင့်မြင့်ချို ၁၂/လမန(နိုင်)၀၀၁၄၈၁

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မုံရွာ၊ စစ်ကိုင်း၊ ကလေး)

## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလ)အထိ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ် (မုံရွာ၊ စစ်ကိုင်း၊ ကလေး)တို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | နည်းပညာတက္ကသိုလ် (မုံရွာ) | - အလုပ်ရုံ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း<br>- ၄ခန်းတွဲ လေးထပ် ဆရာ/ဆရာမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း<br>- ၁၆၀ ဦးဆံ့ကျောင်းသား/သူ အိပ်ဆောင် (၂)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း |
| ၂ | နည်းပညာတက္ကသိုလ် (စစ်ကိုင်း) | - အလုပ်ရုံ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း<br>- ၆ခန်းတွဲ ကျား/မအိမ်သာ (12'x30'x12') (ကျောင်းသားသုံး) |
| ၃ | နည်းပညာတက္ကသိုလ် (ကလေး) | - ၄ ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း |

